မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်း ဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။ ဇရာဝဂ်(ဓမ္မပဒ-၁၄၆)

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၁၂)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် KOICA ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ အသေးစား ချေးငွေလုပ်ငန်း ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်နေမှုများ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA)ဥက္ကဋ္ဌ မစ္စ လီမီဂယောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့အကြား စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ အသေးစားချေးငွေလုပ်ငန်း စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ကျား-မ တန်းတူညီမှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Korea International Cooperation Agency-KOICA) ဥက္ကဋ္ဌ မစ္စ လီမီဂယောင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

သတင်းစဉ်



**နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ် လက်ခံရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ကူညီထောက်ပံ့ပေးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး**

စာ » ၁၀



**နေပြည်တော်တွင် လျှော်ဆိုင်ရာ အထောက်အထားများ သုတေသနပြုလုပ်၊ လွန်ခဲ့သည့် နှစ် ၅၀၀ ခန့်က လျှော်လုပ်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြတ်ရွေ့ကြောများ တွေ့ရှိဟုဆို**

စာ » ၁၁

Established in 1958
ကဲန္နရီ ®
အဆင့်မြင့်ချည်ချောလုံချည်
The Ultimate Quality and Fastness.
အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အဆုံးစွန်
ပင်ရင်း- ကိန္နရီ အထည်စက်၊ သဲတောမြို့၊ ဖုန်း- ၀၆၄-၂၀၅၀၁၃၁၊ ၀၆၄-၂၀၅၀၃၂၅
ရန်ကုန်ဖြန့်ချိရေး- အမှတ်(၂၀၇) မဟာဗန္ဓုလ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆ ၁၈၁ ၂၂၈

မြန်မာ့အလင်း

# ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ယမန်နေ့ (ဇန်နဝါရီ ၁၈ရက်) က ဖွင့်လှစ်ခဲ့သည်။ တိုင်းရင်းသားများအရေး၊တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များဖြင့် ကျင်းပသည့်ဖိုရမ်ဖြစ်သည့်အတွက် နိုင်ငံတော်၏ နယ်စွန်နယ်ဖျားအရေးမျှသာဖြစ်သည်ဟု ယူဆ၍ မဖြစ်ဘဲ ပြည်ထောင်စုတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့်ဆွေးနွေးပွဲ၊ ပြည်ထောင်စုသားအားလုံးနှင့် သက်ဆိုင်သည့် ဖိုရမ်ဟုဆိုရမည် ဖြစ်သည်။

မြန်မာနိုင်ငံဟုခေါ်ဆိုသည့် အချုပ်အခြာအာဏာပိုင် နယ်နိမိတ်အတွင်း တောင်ပေါ်၊မြေပြန့်၊ မြစ်ဝှမ်း၊ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်စသည့် အရပ်ဒေသများ၊ တိုင်းဒေသကြီးများနှင့်ပြည်နယ်များဟု သတ်မှတ်ထားသည့် တစ်ဆက်တစ်စပ်တည်းသော ရေ၊ မြေများပေါ်မှာ တိုင်းရင်းသားများ စုစည်းနေထိုင်ကြခြင်းဖြစ်သည့်အတွက် တိုင်းဒေသကြီးတိုင်း၊ ပြည်နယ်တိုင်းတို့သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့နှင့် သက်ဆိုင်သည်သာ ဖြစ်သည်။

"နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားဒေသများတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ အတွေးအမြင်မတူသည်များကို ဘေးဖယ်ထားပြီး တူညီသည်များကိုစုစည်း၍ ရှေ့ဆက်ဆောင်ရွက်ရခြင်းများ ရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစပ်ဆောင်ရွက်နိုင်ခြင်းများလည်း ရှိပါကြောင်း၊ မတူကွဲပြားမှုများရှိသော်လည်း စုစည်းတည်ဆောက်၍ ရပါကြောင်း၊ အဓိကအရေးကြီးသည်မှာ ငြိမ်းချမ်းရန်ပင် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်စီမံမှု၊ လမ်းညွှန်မှုများနှင့် မျှမျှတတဆောင်ရွက်လျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး၏အသီး အပွင့်များ ရရှိခံစားနေကြရသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းနေပါမှ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း" စသည်ဖြင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြင့်သာ ဖွံ့ဖြိုးတိုးတက်ခြင်းကို ရရှိနိုင်မည်ဖြစ်ကြောင်းကို ဒုတိယသမ္မတက ထောက်ပြခဲ့ခြင်းလည်း ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုကြီး တစ်ခုလုံး၊ ပြည်ထောင်စုဖွားအားလုံးနှင့်ဆိုင်သည်ဟု ဆိုစေကာမူ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော တိုင်းရင်းသားများနှင့် တိုင်းရင်းသားဒေသများကို အထူးဦးစားပေးရမည် ဖြစ်သည်။ ယနေ့ မိမိတို့နိုင်ငံကြုံတွေ့နေကြရသည့် စိန်ခေါ်မှုများ၏ အရင်းအမြစ်မှာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ၊ နိမ့်ကျနေခြင်းကြောင့်ပင် ဖြစ်သည်။ မပြေလည်သည့် အိမ်ထောင်စုတစ်ခုတွင် နောက်ဆက်တွဲပြဿနာများစွာရှိလာသကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းရာတွင်လည်း မှန်ကန်သည့် အတွေးအခေါ်၊ မှန်ကန်သော ရှုမြင်ချက်၊ မှန်ကန်သောအားထုတ်မှုများဖြင့် ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံး ကြိုးပမ်းအားထုတ်ကြမှသာ ကောင်းမွန်သည့် ရလဒ်၊ ကောင်းမွန်သည့်အနာဂတ်တို့ကို ဖန်တီးနိုင်ကြမည် ဖြစ်သည်ဟု ရှုမြင်မိပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား ┊ ၂၀ -၁- ၂၀၁၈ (စနေနေ့)

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၂၁) |
| ၉း၁၀ | - | Work of Innovations |
| ၉း၅၀ | - | Myanmar Digital News |
| ၁၅း၁၅ | - | Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်း) |
| ၁၈း၂၀ | - | ပိုမိုကောင်းမွန်သော ရန်ကုန်မြို့တော်၊ ပိုမိုကောင်းမွန်သောရန်ကုန်ဘတ်(စ်)ဝန်ဆောင်မှု |
| ၁၈း၃၀ | - | မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ပေါ်ပေါက်လာပုံ |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက် (အပိုင်း-၅၈) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | The Big Step(6) (Chaw Nge) |
| | - | ဂီတသမား၊ ဂီတစကား စံရာတောင်ကျွန်းနှင့် မြူမှောင်ဝေကင်းတေးသီချင်း(၂)ပုဒ် |

# လှိုင်ကော်မြို့ ထေးငှားလျားကန် သာယာလှပရေး ပြည်နယ်အစိုးရ ကြပ်မတ်ဆောင်ရွက်



**လှိုင်ကော် ဇန်နဝါရီ ၁၉**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ လှိုင်ကော်မြို့ရှိ ထေးငှားလျားကန် သာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၁၇ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထေးငှားလျားကန် သာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တင်ဒါဖြင့် ဆောင်ရွက်နေသည့် ထေးငှားလျားကန် ကန်ပတ်လမ်း၊ နားနေဆောင်၊ လူကူးတံတားနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ နောင်ယားကန်သာတွင် ညဈေးတန်း ရောင်းချနိုင်ရေးအတွက် မြေနေရာဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ သတ်မှတ် ကာလအတွင်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

ထေးငှားလျားကန် သာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေနိုင်ရေး ကန်ပတ်လမ်းနှင့် နားနေဆောင်အတွက် ငွေကျပ် ၁၅၇၆ သိန်း၊ လူကူးတံတားအတွက် ငွေကျပ် သိန်း ၉၈၀၊ ကန်ပတ်လမ်းမီးရရှိရေးအတွက် ထရန်စဖော်မာတစ်လုံး အတွက် ငွေကျပ် ၁၃၅ ဒသမ ၂ သိန်း၊ ဓာတ်အားလိုင်း အတွက် ငွေကျပ် ၃၇၇ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မန္တလေးရေလမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဖေဖော်ဝါရီလတွင် စတင်မည်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးဆိပ်ကမ်းတွင် ရေယာဉ်များ သွားလာဆိုက်ကပ်ရေး ကောင်းမွန်စေရန်အတွက် ဧရာဝတီမြစ်ဝှမ်း ဘက်စုံ စီမံကိန်းလုပ်ငန်းစဉ် ၃ ၏ မန္တလေးရေလမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေလမ်းထိန်းသိမ်းရေးကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဖေဖော်ဝါရီလတွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်း စီမံကိန်း မန်နေဂျာ ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ပြောသည်။

မန္တလေးရေလမ်းကြောင်း စီမံကိန်းသည် စစ်ကိုင်းတံတားနှင့် မင်းကွန်းအကြားဖြစ်၍ ယင်းစီမံကိန်းတွင် ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းတွက်ချက်မှုများအရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇သန်းဖြင့် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ ကွန်ကရစ်ကျောက်ဆူးတောင်တည်ဆောက်ခြင်းလုပ်ငန်းကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃ သန်းဖြင့် ဒီဇင်ဘာလတွင်လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

"ရေလမ်းဖွံ့ဖြိုးရေးမှာ Secondary Channel ခေါ် ရေမွှာပေါက်တွေမှာ ရေဝင်နည်းအောင်လုပ်ပြီး Main Channel မှာ ရေများမှသာ ရေယာဉ်တွေ သွားလာရေးကောင်းမယ်၊ မန္တလေးရေလမ်းက အမြဲတမ်းဖွံ့ဖြိုးမှ တစ်နှစ်ပတ်လုံး ရေယာဉ်တွေ ဝင်ထွက်နိုင်မှာဖြစ်တယ်။ ရေမွှာပေါက်တွေမှာ ရေဝင်နည်းသွားရင် ရွာတွေမှာ ကမ်းပြိုမှုနည်းပြီး စိုက်ပျိုးမြေပျက်စီးမှုနည်းသွားမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရန် ဩစတြေးလျနိုင်ငံ၊ International Center For Environment Management (ICEM) ကုမ္ပဏီက ၂၀၁၇ ဧပြီလမှစတင်၍ ပရောဂျက်ဧရိယာအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံများ၏ သဘောထားနှင့် လိုအပ်ချက်များတွေ့ဆုံမေးမြန်းမှု(ESIA)ကို ၁၀ ကြိမ်ခန့်လုပ်ဆောင်ခဲ့ပြီးသည့်အပြင် ယခု ဇန်နဝါရီ ၁၈ ရက်ကလည်း မန္တလေးမြို့ အောင်မြင်ခြင်းဟိုတယ်၌ စီမံကိန်း၏ ESIA နှင့် ပတ်သက်၍ နောက်ဆုံးအကြိမ် ချပြဆွေးနွေးခဲ့သည်။

ထို့အပြင် မြေအောက်ရေနှင့် မြစ်ရေအရည်အသွေး၊ လေထုအရည်အသွေး စသည့် သုတေသနပြုခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မဲဇာမြစ်ကူးတံတားဆောက်လုပ်

**ဗန်းမောက် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ကွဲကောကြီးကျေးရွာအုပ်စု တောင်ချောင်းပေါက်ကျေးရွာအနီးရှိ ရွှေသစ္စာပါရမီကျောက်မဲတောင်တောရကျောင်း ဆရာတော် ဦးပညာဝံသ ဦးစီးဆောင်ရွက်ကာ မဲဇာမြစ်ကူး သံကူကွန်ကရစ်တံတား တည်ဆောက်သည့် လုပ်ငန်းများကို ဇန်နဝါရီ ၄ ရက်မှ စ၍ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါသံကူကွန်ကရစ်ကားကူးတံတား တည်ဆောက်ခြင်း လုပ်ငန်းများသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက အုတ်မြစ်ချပန္နက်ရိုက်စတင်၍ အကောင်အထည်ဖော် ဆောက်လုပ်နေသော တံတားဖြစ်သည်။ ယင်းတံတား၏အလျားမှာပေ ၂၄၀၊ အမြင့် ၁၈ပေရှိကြောင်း သိရသည်။ အဆိုပါ တံတားကြီး ကိုယ်ထူကိုယ်ထဆောက်လုပ်နေချိန် အချိန်မီပြီးစီးနိုင်ရေးအတွက် အလှူရှင်များ လိုအပ်နေသေးကြောင်း သိရသည်။

**သန်းမောင်လေး (ကချင်မြေ )**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၉-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ . ၁ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ . ၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်း-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၀/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)**
**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဟန်ဇော် ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ၂၀၁၇ -၂၀၁၈ ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၉**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၁ ဒသမ ၈၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၆ ဒသမ ၃၀ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၈ ဒသမ ၁၈ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၃၁ ဒသမ ၇၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၇၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၈ ဒသမ ၄၅ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃၃၆ ဒသမ ၆၃သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၈၀ ဒသမ ၂၇ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၅၄ ဒသမ ၆၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀၄ ဒသမ ၃၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁၅၉ ဒသမ ၀၄ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၇၂ ဒသမ ၄၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၀ ဒသမ ၉၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၀၃ ဒသမ ၃၄ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁၈၆၆၂ ဒသမ ၃၈ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၃၄၄ ဒသမ ၃၀ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ် တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရှိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် Jardine Matheson Holdings Limited ၏ အမှုဆောင်ညွှန်ကြားရေးမှူး Hon . Lord Sasson အား ယနေ့နံနက် ၁၁ နာရီခွဲတွင် လွှတ်တော်ရေးရာဆောင်အမှတ် (I-11)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေး၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြိုးနီစနစ်များလျှော့ချနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ Jardines ကုမ္ပဏီ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ဥက္ကဋ္ဌ Mr . Peter Beynon နှင့် တာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# လူ့အခွင့်အရေးဆုအတွက် ဥရောပသမဂ္ဂသို့ အမည်စာရင်းတင်သွင်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၈ ခုနှစ် Schuman Awards လူ့အခွင့်အရေးဆုအတွက် အမည်စာရင်း တင်သွင်းရန် စတင်ဖိတ်ခေါ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးသည် လွန်ခဲ့သည့် ၁၂ လတာကာလအတွင်း မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို ကာကွယ်ရေး၊ မြှင့်တင်ရေး တို့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများကို 2018 Schuman Awards ချီးမြှင့်မည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အဖြစ် ကျင်းပမည်ဖြစ်သည်။

Schuman Awards ဆုများသည် ယခင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဥရောပသမဂ္ဂဖွဲ့စည်းတည်ထောင်ရေးအတွက် ပါဝင်ကူညီခဲ့သည့် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် Robert Schuman ၏ အမည်ကို အစွဲပြု၍ ပေးထားခြင်းဖြစ်သည်။ Schuman Awards ဆုများကို ၂၀၁၇ ခုနှစ်တွင် Rome Treaty နှစ် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးနှင့် မတူညီကွဲပြားမှုများကို လက်ခံနိုင်မှုတို့ကို မြှင့်တင်ပေးရာတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်များကို ချီးမြှင့်ခဲ့သည်။ ပထမအကြိမ် Schuman Awards ဆုများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှေ့နေ ဦးကိုနီ(ကွယ်လွန်)၊ ငြိမ်းဖောင်ဒေးရှင်းမှ ဒေါ်ဂျာနန်းလတော်၊ Equality Myanmar မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းတို့က ရရှိခဲ့ကြသည်။ ၂၀၁၈ ခုနှစ် Schuman Awards အတွက် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ အမည်စာရင်း ပေးပို့နိုင်ပြီဖြစ်သည်။ အမည်စာရင်းပေးပို့ရာတွင် အမည်စာရင်း တင်သွင်းလွှာကို DELEGATION-MYANMAR-PRESS-AND-INFORMATION@eeas.europa.eu သို့ အီးမေးဖြင့် ပေးပို့နိုင်သည်။

လျှောက်လွှာပိတ်ရက်မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်ဖြစ်ပြီး Schuman Awards ဆုများကို မတ် ၁၅ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးက တည်ခင်းကျင်းပမည့် အခမ်းအနားတွင် ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂမှ သိရသည်။ **ခင်ရတနာ**



မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း (ဝက်ထီးကန်)၏ အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၃၀၇/၁၇)တေဇတပ်ခွဲ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇက သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ ခရိုင်(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်နှင့် ပင်လောင်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးနှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါနှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့်လားရှိုး၊ တီးတိန်၊ ပြင်ဦးလွင်နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

❋ ကျောဖုံးမှ

နိုင်ရန်ပြုလုပ်သည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

**ဖွဲ့စည်းခဲ့**

ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် လေးရပ်နှင့် အညီ နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒုတိယ သမ္မတ(၁) ဦးဆောင်ပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် လည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီကို ဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် ၁၇ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့သည့်အပြင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဆပ်ကော်မတီ ၁၄ ခုကို လည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့၏ အမျိုးသားရေး ဦးတည်ချက်လေးရပ်မှာ ပြည်ထောင်စု စိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင် အောင် တည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ မှသည် ဒီမိုကရေစီဖက်ဒရယ် ပြည် ထောင်စုတည်ဆောက်ရေးနှင့် အသေး စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ ဖြစ်ပါကြောင်း၊ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးတွင် ဆုံးဖြတ် ချက် ရှစ်ချက် ချမှတ်ခဲ့ကာ အဆိုပါ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာစီမံ ခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ ၁၄ ခုတို့က အကောင်အထည်ဖော်ဆောင် ရွက်နေသည်ကိုလည်း တွေ့ရှိရပါ ကြောင်း။

**အသက်တမျှတန်ဖိုးထား**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်း ကြောင်းကိုပြန်ကြည့်ပါက တိုင်းရင်းသား ခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံ ညီလာခံကို ကျင်းပခဲ့ကြပြီး တိုင်းရင်း သားအားလုံး တညီတညွတ်တည်း ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကာ လွတ်လပ်ရေး ကို အရယူခဲ့ပါကြောင်း၊ ထိုသို့ တိုင်းရင်း သားညီအစ်ကိုမောင်နှမများ၏ သွေးစည်း ညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသ နိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကို နှစ်စဉ် ကျင်းပလာသည်မှာ ယခုဆိုလျှင် (၇၁) နှစ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ တိုင်းရင်း သား စည်းလုံးညီညွတ်မှု ရရှိခဲ့ခြင်း ကြောင့် လွတ်လပ်ရေးရရှိခဲ့ကြောင်းကို နောင်လာနောက်သားများ သိရှိစေရန် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက် ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကို အသက်တမျှတန်ဖိုးထားရန် ရည်ရွယ် ပါကြောင်း။

၎င်းအခမ်းအနားသည် နှစ်စဉ်ကျင်းပ သည့် နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်သဖြင့် ချမှတ်ထားသည့် အမျိုးသား ရေးဦးတည်ချက်လေးရပ်နှင့်အညီ ကျင်းပ သွားရမည် ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်း အနားကို ယခင်နှစ်များ၏ အားနည်း ချက်များအပေါ် သင်ခန်းစာယူပြီး ယခုနှစ် တွင် အကောင်းဆုံးဖြစ်စေရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန အားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားစေလိုပါကြောင်း။

၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့တွင် အခမ်းအနားကို အစီအစဉ် အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပ သွားမည်ဖြစ်ပြီး ပထမပိုင်းအနေဖြင့် နံနက်ပိုင်း အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနား၊ ညနေပိုင်းတွင် ညစာစားပွဲနှင့် ဖျော်ဖြေ ရေးအခမ်းအနားတို့ ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားအစီအစဉ်နှစ်ပိုင်း ကို အကောင်အထည်ဖော်ဆောင်ရွက် ကြမည့် ဆပ်ကော်မတီ ၁၄ ခုအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ် တကျဖြင့် အကွက်စေ့အောင် ဆောင်ရွက် သွားရန်လိုပါကြောင်း။

**ထုတ်လွှင့်**

ပြည်ထောင်စုနေ့အတွက် ကျင်းပ ရေးဗဟိုကော်မတီက ချမှတ်ပေးမည့် အမျိုးသားရေးဦးတည်ချက်များ၏ အနှစ် သာရကို ပြည်သူများ သိရှိနားလည်နိုင် ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ် သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ် ဇင်းအားလုံးမှ ပြန်ကြား၊ ဖျော်ဖြေ၊ ပညာ ပေးအစီအစဉ်အမျိုးမျိုးဖြင့် တင်ဆက် ထုတ်လွှင့်နိုင်ရေးအတွက် စီစဉ်ဆောင် ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အခါ လက်ရှိကာလ ပြည်ထောင်စုအစိုးရ အဖွဲ့၏ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု များ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး အတွက် ဆောင်ရွက်နေသည့် လုပ်ဆောင် ချက်များနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ချက်များကို ပေါ်လွင်စေသည့် နောက်ခံရုပ်ပုံများကိုလည်း ထည့်သွင်း ဖော်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်**

ယခုနှစ် (၇၁)နှစ်မြောက် ပြည် ထောင်စုနေ့အခမ်းအနားသို့ လာရောက် ကြမည့် တိုင်းဒေသကြီးနှစ်ခုနှင့် ပြည်နယ် ခုနစ်ခုတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေး မှုအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် ပါတီ ခေါင်းဆောင်များ တည်းခိုနေထိုင် မည့်နေရာများတွင် စားသောက်နေထိုင် ရေး အဆင်ပြေစေရန်အတွက် လိုအပ် သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက် ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခု ဒုတိယအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်သည်နှင့်အညီ သက် ဆိုင်ရာ ဆပ်ကော်မတီများအလိုက် ပြီးခဲ့သည့် ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှု အခြေအနေအသေးစိတ်နှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုအပ်ပါ ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် (၇၁)နှစ်မြောက် ပြည် ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြည် ထောင်စုနေ့အခမ်းအနား၊ အလံတင် အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲများ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး အတွက် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုအခြေအနေ အသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုံခြုံရေး ဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ် ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ် ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ၊ ညှော်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာ များစိုက်ထူရေးဆပ်ကော်မတီ၊ ညစာ စားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်း မာရေးဆပ်ကော်မတီ၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော် မတီနှင့် ပြန်ကြားရေးဆပ်ကော်မတီများ မှ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်း ရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြ သည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက် ၍ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေး ကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော် မတီဝင်များဖြစ်ကြသည့် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကို၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဝင်း၊ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး နိုင်သက်လွင်၊ နေပြည် တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြ သည့် ဦးကျော်မျိုးနှင့် ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ တပ်မ တော်မှ အရာရှိကြီးများ၊ စီမံခန့်ခွဲမှု ကော်မတီနှင့် ဆပ်ကော်မတီတို့မှ အဖွဲ့ ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**သတင်းစဉ်**

# နှစ်ဖက်မြေပြင်တပ်မှူးများတွေ့ဆုံနိုင်ရန် လုပ်ထုံးလုပ်နည်း မူကြမ်းရေးဆွဲပြီးဖြစ်၍ နှစ်ဖက်အကြံပြုချက်များရရှိပါက အတည်ပြုမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၄) ကြိမ် မြောက် အစည်းအဝေးတတိယနေ့ကို ယနေ့နံနက် ၉ နာရီ ခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပခဲ့ပြီး နှစ်ဖက်မြေပြင်တပ်မှူးများ တွေ့ဆုံနိုင် ရန် လုပ်ထုံးလုပ်နည်းမူကြမ်း (SoP) ရေးဆွဲပြီးဖြစ်၍ နှစ်ဖက် အကြံပြုချက်များရရှိပါက အတည်ပြုမည်ဖြစ်ကြောင်း သိရ သည်။

ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပ သည့် (၁၄)ကြိမ်မြောက် JMC-U အစည်းအဝေးတွင် အစိုးရ ကိုယ်စားလှယ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောနှင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း) တို့ အစား ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ဗိုလ်မှူးချုပ် ကျော်ဇံမြင့် (ငြိမ်း)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ် ပဒိုစောတာဒိုမူးအစား ပဒိုစောဆဲဂေတို့ကို ကော်မတီဝင်များ အဖြစ် ပြောင်းလဲခန့်အပ်ခြင်း၊ JMC-U တွင် ပါဝင်သည့် အရပ်သားကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန် (ToR) အတည်ပြုခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC) ၏ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများအား သုံးသပ်ခြင်း၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အတွက် JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ပြည်နယ် အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီ (JMC-S) နယ်မြေအသီးသီးတွင် ကျင်းပ ဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို ပြုလုပ် ခဲ့သည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်နှင့် JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူး ကြီး ဝဏ္ဏအောင်တို့က ပြည်တွင်းပြည်ပ သတင်းမီဒီယာများ အား JMC-U သုံးရက်တာအစည်းအဝေးနှင့် ပတ်သက်၍ ရှင်းပြခဲ့ပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်း ခဲ့သည်။

**အရပ်သားစောင့်ကြည့်ရေးကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန် (ToR)**

အရပ်သားစောင့်ကြည့်ရေးကိုယ်စားလှယ်များ၏ လုပ်ငန်း လမ်းညွှန်(ToR)နှင့် ပတ်သက်၍ ဒေါက်တာရွှေခါးရ်က "အဓိက က အားဖြင့်တော့ နံပါတ်တစ်က အရပ်သားကိုယ်စားလှယ်တွေ ရဲ့ တာဝန်တွေ လုပ်ပိုင်ခွင့်တွေ၊ နံပါတ်နှစ်က JMC-U မှာ ပါလာတဲ့ အရပ်သားကိုယ်စားလှယ်တွေထားရှိရမယ့် စံနှုန်း ထားတွေပါ၊ နံပါတ်သုံးက အရပ်သားတွေကို အကာအကွယ် ပေးမယ့်ကိစ္စ အဲ့ဒီသုံးခု ပါဝင်ပါတယ်၊ အရပ်သားကိုယ်စားလှယ် တွေကို JMC-U မှာဆို ခြောက်ဦး၊ JMC-S တွေမှာတော့ မတူကြဘူး၊ အချို့နေရာတွေမှာ ခြောက်ဦး၊ အချို့နေရာတွေ မှာ ရှစ်ဦး ပါပါတယ်၊ လိုရင် လိုအပ်သလိုတိုးချဲ့ပြီး ခန့်နေတာ ပါ၊ JMC-L ဆိုရင် အစက ကျွန်တော်တို့ အရပ်သား နှစ်ဦးစီ ခန့်ဖို့ စဉ်းစားပေမယ့် မေတ္တာရပ်ခံချက်ကြောင့် တိုးချဲ့ပြီး ထပ်ခန့်တာလည်း ရှိပါတယ်၊ ဥပမာ- လင်းခေးဆိုရင် JMC-L မှာ အရပ်သားကိုယ်စားလှယ်ရှစ်ဦးအထိ ရှိလာတော့မှာ ဖြစ်ပါတယ်၊ JMC-S မှာလည်း လိုအပ်တယ်၊ တောင်းဆိုလာ ရင် လိုအပ်သလို ထပ်မံခန့်ထားမှာပါ"ဟုဖြေကြားသည်။

**နှစ်ဖက်မြေပြင်တပ်မှူးများတွေ့ဆုံနိုင်ရေး လုပ်ထုံးလုပ်နည်း (SoP)**

"မြေပြင်တပ်မှူးတွေ တွေ့ဆုံဖို့ SoP အတွက် မူကြမ်း တော့ ထွက်လာပြီ၊ ဒါပေမယ့် သက်ဆိုင်ရာ နှစ်ဖက်အဖွဲ့အစည်း ကြားမှာ ပြန်ပြီးတော့ ချမှတ်ဖို့လိုအပ်လို့ အတည်ပြုဖို့ ဆုံးဖြတ် ချက် မချနိုင်သေးပါဘူး၊ ကရင်မှာဆို နှစ်ဖက်တပ်မှူးတွေ ဆွေးနွေးတာကို စတင်လုပ်ဆောင်နေပါပြီ၊ နောက်တစ်ခုက နှစ်ဖက်စလုံး JMC လုပ်ငန်းနဲ့ သဘောသဘာဝကိစ္စတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် သက်ဆိုင်တဲ့ အဖွဲ့အစည်း တွေမှာ ဆွေးနွေးနိုင်ဖို့ လုပ်ငန်း Level တွေ ချမှတ်ပါတယ်၊ JMC နဲ့ ပတ်သက်ပြီး ပိုမိုနားလည်ဖို့ အလုပ်ရုံဆွေးနွေး ပွဲတွေလုပ်ဖို့ ကျွန်တော်တို့ အတည်ပြုပေးလိုက်ပါတယ်၊ သက်ဆိုင်ရာ နှစ်ဖက်တပ်မှူးတွေကို တင်ပြပြီး ဆွေးနွေးပြီး တော့ သူတို့ရဲ့ အကြံဉာဏ်တွေ၊ သူတို့ရဲ့ အကြံပြုချက်တွေ ဖြည့်စွက်ပြီး (၁၅) ကြိမ်မြောက် ဒါမှမဟုတ် (၁၆)ကြိမ်မြောက် JMC-U အစည်းအဝေးမှာတော့ အတည်ပြုနိုင်မယ်လို့ ထင်ပါတယ်"ဟု ဒေါက်တာရွှေခါးရ်က ဖြေကြားသည်။

**NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို အခြားအဖွဲ့အစည်းများနှင့်မတူသည့် ကွာဟချက် ဖန်တီးပေးဖို့**

အဆိုပါကိစ္စအတွက် ဗိုလ်မှူးကြီးဝဏ္ဏအောင်က "NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေရှိတယ်၊ မရေးထိုးထားတဲ့ အဖွဲ့ တွေလည်းရှိတယ်၊ NCA ထိုးထားတဲ့အဖွဲ့က JMC ဆိုတဲ့ လုပ်ငန်းစဉ်ကို လုပ်ကိုင်ကြရပါတယ်၊ ပါဝင်ရတယ်၊ လိုက်နာ ဆောင်ရွက်ရပါတယ်၊ JMC လုပ်ငန်းစဉ်ကို ဝင်လာတာနဲ့အမျှ စစ်ဘက်ဆိုင်ရာ လိုက်နာရမယ့်အချက်တွေ ပါလာပါတယ်၊ ပြည်သူလူထု အရပ်သားတွေအပေါ်ကို အကာအကွယ်ပေးရ မယ့်အချက်တွေပါတယ်၊ ဒီလိုအချက်တွေကို လိုက်နာဖို့ တစ်ဖက် နဲ့တစ်ဖက် စောင့်ကြည့်ရပါတယ်၊ တပ်မတော်အပါအဝင် တစ်ဖက်နဲ့တစ်ဖက် စည်းဝိုင်းဘောင်ထဲက လုပ်ကိုင်ကြရ တဲ့အတွက် လုပ်ချင်တာလုပ်လို့မရပါဘူး၊ ဥပဒေနဲ့အညီ လုပ်ဆောင်ကြရတယ်ဆိုတဲ့ သဘောမျိုးပါ၊ NCA မထိုးထား သူတွေက Bilateral ရှိချင်ရှိမယ်၊ Bilateral မှာက ဘာကို မလုပ်ရဘူးဆိုတဲ့ ပြီးပြည့်စုံတဲ့ သတ်မှတ်ချက်မပါတဲ့အတွက် အနေအထားမတူတာကို အရပ်သားကိုယ်စားလှယ်ဘက်က JMC-U ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံက ရှင်းပြတာဖြစ်ပါ တယ်၊ အခွင့်အရေး ပိုပေးဖို့ဆိုတာက တပ်ဖွဲ့ဝင်တွေ၊ မိသားစု တွေရှိမယ်၊ အဲ့ဒီအပေါ်မှာ မူတည်ပြီးတော့ အချင်းချင်းညှိလို့ ရမယ့်၊ တစ်ဖက်က တောင်းဆိုလို့ လိုက်လျောပေးလို့ရမယ့် အချက်တွေကို ညှိနှိုင်းဆွေးနွေးပေးနိုင်ရင် ပိုကောင်းတယ် ဆိုတဲ့အရာကို ဆိုလိုတာဖြစ်ပါတယ်"ဟု ပြောသည်။

**မိုင်းရှင်းလင်းရေး**

"မိုင်းနဲ့ပတ်သက်ပြီးတော့ မိုင်းပညာပေး အလုပ်ရုံဆွေးနွေး ပွဲတွေ ဆောင်ရွက်ဖို့ နှစ်ဖက်ဆွေးနွေးညှိနှိုင်းဆဲ ဖြစ်ပါတယ်။ မိုင်းရှင်းလင်းရေးက ဆောင်ရွက်ဖို့ NCA မှာပါပါတယ်၊ ဒါပေ မယ့် နှစ်ဖက်ယုံကြည်မှုအပေါ်မှာ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးနေကြတုန်း ရှိပါသေးတယ်။ ဒါကြောင့် မိုင်းရှင်းလင်းရေးကို အကောင်အထည်မဖော်နိုင် သေးပါဘူး၊ ယုံကြည်မှုတည်ဆောက်နေတုန်းဖြစ်တဲ့အတွက် အချိန်တစ်ခုတော့ ကျွန်တော်တို့ စောင့်ဆိုင်းရပါမယ်"ဟု မိုင်း ရှင်းလင်းရေးကိစ္စအပေါ် ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ဖြေကြား သည်။



ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် ဒေါက်တာရွှေခါးရ် ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-ဖိုးထောင်

**နှစ်ဖက်တပ်များအကြား နယ်မြေပိုင်းခြားသတ်မှတ်မှု**

နှစ်ဖက်တပ်များအကြား နယ်မြေပိုင်းခြားသတ်မှတ်မှုနှင့် ပတ်သက်၍ "နယ်မြေပိုင်းခြားသက်မှတ်မှုက NCA အခန်း သုံးမှာ အဓိကအချက် ငါးချက်ရှိတယ်၊ (၁) အပစ်ရပ်နယ်မြေ သတ်မှတ်ဖို့၊ (၂) ထိန်းချုပ်နယ်မြေသတ်မှတ်ဖို့၊ (၃)တပ်နေရာ ပြန်လည်ချထားရေး ဆောင်ရွက်ဖို့၊ (၄) ဆက်သွယ်တဲ့ နည်းလမ်း သတ်မှတ်ဖို့၊ (၅) အရပ်သားပြည်သူကို ကာကွယ်ဖို့ဆိုပြီး လုပ်လိုက်တော့ ဒီကိစ္စတွေအကုန်က နှစ်ဖက်အဖွဲ့အစည်းတွေ ညှိနှိုင်းပြီးလုပ်ရမှာဖြစ်တယ်၊ ဒါကြောင့် နှစ်ဖက်ညှိနှိုင်းနိုင် အောင် ကျွန်တော်တို့ JMC ရဲ့တာဝန်က ကမကထ လုပ်ပေး နိုင်တာပဲရှိပါတယ်၊ အဲ့ဒီကိစ္စတွေ ဆောင်ရွက်ဖို့ နှစ်ဖက်လုံး အခက်အခဲတွေရှိနေတယ်၊ တပ်မတော်ဘက်ကလည်း ပြီးခဲ့တဲ့ အတွေ့အကြုံအရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ

*စာမျက်နှာ ၁၁ သို့*



# မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မီဒီယာဥပဒေပြုရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr.Kristian Schmidt ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့်အခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မီဒီယာဥပဒေပြုရေးကိစ္စရပ်များ၊ Social Media များတွင် အမုန်းစကား (Hate Speech) ရေးသားဖြန့်ဝေမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ရခိုင်ပြည်နယ်သို့ သတင်းမီဒီယာအဖွဲ့ စေလွှတ်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အေအီးစီကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံတွင်လည်း အနှစ်သာရကျန်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ ပြည့်မီအောင်မြင်ရေးအတွက် စီမံချက်ပါ လုပ်ငန်းကော်မတီများနှင့် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

**ကြိုးပမ်းဆောင်ရွက်**

အစည်းအဝေးတွင် အေအီးစီ ၂၀၂၅ အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် မဖြစ်မနေ ပါဝင်ရမည်ဖြစ်ပြီး တစ်နိုင်ငံတည်း ကွက်ကျန်ခဲ့လို့ မရပါကြောင်း၊ ကိုယ်စီကိုယ်စီအားနည်းချက်များ ရှိနိုင်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**အနှစ်သာရကျန်အောင် ဆောင်ရွက်**

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် အေအီးစီလုပ်ငန်းကော်မတီများ၏ ဆောင်ရွက်နိုင်စွမ်းပေါ်မူတည်ပြီး အေအီးစီကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ အေအီးစီဖော်ဆောင်မှုတွင် ပါဝင်မည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်တို့ကို စဉ်းစားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ အေအီးစီကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံတွင်လည်း အနှစ်သာရကျန်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုသည် ၂၀၁၈ ခုနှစ်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ပီပြင်သည့် အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့လုပ်ဆောင်ချက်များသည် နောင်အနာဂတ်အတွက် အရေးကြီးသည့် အားလျော်စွာ အေအီးစီအကောင်အထည်ဖော်မှုတွင်လည်း မိမိတို့နိုင်ငံမှ မားမားမတ်မတ် ပါဝင်အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် အေအီးစီလုပ်ငန်းကော်မတီများအနေဖြင့် သက်ဆိုင်ရာ အေအီးစီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ မိမိတို့ဝန်ကြီးဌာနမှ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည့်ကိစ္စများရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အေအီးစီ ၂၀၂၅ အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် အေအီးစီဆိုင်ရာ ဦးစားပေးလုပ်ငန်းစဉ်များတွင် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။




**တင်ပြချက်များ ပြန်လည်ဆွေးနွေး**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေး ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီအသီးသီးက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် အေအီးစီလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ စီမံချက်တွင် မြန်မာနိုင်ငံမှ လိုက်ပါအကောင်အထည်ဖော်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာကော်မတီအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရန် အဆိုပါအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ဆက်လက်ကျင်းပသည်။ (ဓာတ်ပုံ)




**အုပ်စုအလိုက်ဆွေးနွေး**

ဖိုရမ်တွင် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အုပ်စုအလိုက်ဆွေးနွေး ဆောင်ရွက်ရန် ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**အကြံပြုချက်များ ဆွေးနွေး**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းမီဒီယာများ၊ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က အုပ်စုသုံးအုပ်စုခွဲပြီး တိုင်းရင်းသားလူမျိုးတို့၏ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာ၊ တိုင်းရင်းသားဒေသ သယံဇာတခွဲဝေအသုံးချမှု ခေါင်းစဉ်တို့နှင့်စပ်လျဉ်း၍ အကြံပြုချက်များကို ဆွေးနွေးကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အုပ်စုအလိုက်ဆွေးနွေးမှုရလဒ်များနှင့် ပတ်သက်၍ ခြုံငုံသုံးသပ်ဆွေးနွေးသည်။

**အတွေးအခေါ်ဟောင်းများ ပြင်ရန်လို**

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားအခွင့်အရေးဆိုသည်မှာ ပြဋ္ဌာန်းထားသော တည်ဆဲ ဥပဒေများနှင့် မဆန့်ကျင်သော တိုင်းရင်းသားများ၏ ရပိုင်ခွင့်ဖြစ်ကြောင်း တိုင်းရင်းသား အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် အတိအလင်း ဖော်ပြထားပါကြောင်း၊ အခွင့်အရေးဆိုသည်မှာ နိုင်ငံရေးတစ်ခုတည်းကို မကြည့်ဘဲ ဒေသတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ လူမှုရေး၊ စီးပွားရေးကိုပါ ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်ပါကြောင်း၊ ခေတ်နောက်ကျနေသော အတွေးအခေါ်ဟောင်းများကိုလည်း ပြင်ရန်လိုအပ်သကဲ့သို့ မှားယွင်းနေသည့် Mindset ကိုလည်းပြောင်းရန်လိုပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးတစ်ခုတည်းကို မကြည့်ဘဲ လူသားများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် စဉ်ဆက်မပြတ်တိုးတက်မည်ဟု ပြောကြားလိုပါကြောင်း။

**တူညီမှုများ စုစည်းဆောင်ရွက်**

တိုင်းရင်းသား လူမျိုးများသည် အများအားဖြင့် နယ်စပ်ဒေသနှင့် တောင်ပေါ်ဒေသများတွင် အများဆုံး နေထိုင်ကြပြီး အများစုမှာ ပြည်နယ်များတွင် နေထိုင်ကြသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားအများစုနေထိုင်ကြသည့် တောင်ပေါ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး တစ်နေရာနှင့် တစ်နေရာ သွားလာရန် အလွန်ခက်ခဲပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်အခြေအနေ ဖန်တီးခွင့်နည်းပါးသည်ကို သိပြီးဖြစ်သည့်အတွက် ယင်းအခက်အခဲများကြုံတွေ့ရခြင်းကို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မည်သို့ပင် ခက်ခဲသည်ဖြစ်စေ မိမိတို့ကျော်ဖြတ်သွားရမည် ဖြစ်ပါကြောင်း၊ အတွေးအမြင်မတူသည်များကို ဘေးဖယ်ထားပြီး မတူကွဲပြားမှုများ မည်သို့ပင်ရှိစေ တူညီမှုများကို စုစည်းပြီး ရှေ့ဆက်ဆောင်ရွက်မှုများရှိသကဲ့သို့ မတူညီမှုများကိုလည်း ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သံသယနှင့် ပဋိပက္ခများ နှစ်ရှည်ကြာစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့တွင် အိမ်နီးချင်းနိုင်ငံများထက် အဘက်ဘက်မှ နောက်ကျခဲ့ရသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ပေးပို့သည့်သဝဏ်လွှာတွင် ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ယင်းသို့ မဖြစ်ရန်အတွက် နှစ်ရက်တာ ကျင်းပခဲ့သည့် ဖိုရမ်တွင် ရရှိခဲ့သည့် အကျိုးရလဒ်များကို အကျိုးရှိစွာအသုံးချပြီး တိုင်းရင်းသားဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## တစ်ပြည်လုံးတွင် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ လေးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရေဘေးအန္တရာယ်ကို ကာကွယ်ပေးမည့် ရေနုတ်မြောင်းနှင့် တာတမံများ

ဘုန်းတင်လှိုင်

လူ့သမိုင်းအစမှ မျက်မှောက်ခေတ်ကာလအထိတိုင်အောင် လူသားအားလုံးတို့သည် သဘာဝဘေးအန္တရာယ် အသွယ်သွယ်တို့နှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ လူသားတို့သည် ကျရောက်လာသော သဘာဝဘေးအန္တရာယ်အသွယ်သွယ်တို့ကို ဖြေရှင်းကျော်လွှားနိုင်ခြင်းမျိုး ရှိသကဲ့သို့ ပစ္စည်းဥစ္စာ အိုးအိမ်များ သာမက အသက်ခန္ဓာများပင် ပျက်စီးဆုံးရှုံးခြင်းတို့နှင့်လည်း ရင်ဆိုင်ခဲ့ကြရသည်။

မည်သို့သော သဘာဝဘေးအန္တရာယ်တို့နှင့် ရင်ဆိုင်ရစေကာမူ လူသားတို့သည် အမြဲတစေ တိုးတက်နေသော လူဦးရေအတွက် စားနပ်ရိက္ခာ လုံလောက်မှုရှိစေရန် ကမ္ဘာကြီး၏ ကြီးမားကျယ်ပြန့် မြောက်မြားလှစွာသော မြေမျက်နှာပြင်ဧရိယာအစိတ်အပိုင်းတို့တွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေများကို သဘာဝမဟုတ်သော လူတို့ဖန်တီးသည့်နည်းပညာတို့ဖြင့် ဆောင်ရွက်လာကြပါသည်။ ထိုနည်းပညာတို့ဖြင့် ရေသွင်းစိုက်ပျိုးခြင်းသည် ဆည်မြောင်းပညာရပ်လုပ်ငန်းပင် ဖြစ်ပါသည်။

**လုပ်ငန်းကြီးသုံးရပ်**

မြန်မာနိုင်ငံတွင် ဆည်မြောင်းပညာရပ်ဖြင့် အဓိက ဆောင်ရွက်နေသော လုပ်ငန်းကြီးသုံးရပ်ရှိသည်။ သီးနှံများအတွက် လိုအပ်သော အစိုဓာတ်ရရှိစေရန် ရေသွင်းပေးခြင်း (Irrigation)၊ သီးနှံအတွက် ပိုလျှံနေသောရေများထုတ်ပစ်နိုင်ရန် ရေနုတ်မြောင်းများ(Drainages) တူးဖော်ပေးခြင်းနှင့် သီးနှံခင်းများ ရေလွှမ်းမိုးမှု၊ ရေငန်ဝင်ရောက်မှု ဘေးအန္တရာယ်တို့မှ ကာကွယ်ရန် တာတမံများ(Embankments) တည်ဆောက်ပေးခြင်းတို့ဖြစ်ပါသည်။ ဖော်ပြပါ လုပ်ငန်းကြီးသုံးရပ်မှ ရေဘေးအန္တရာယ်ကို ကာကွယ်ပေးမည့် ရေနုတ်မြောင်းနှင့် တာတမံများအကြောင်းကို အလေးထားတင်ပြပါမည်။

မြစ်ဝကျွန်းပေါ်ဒေသများနှင့် ကမ်းရိုးတန်းဒေသများကဲ့သို့သော ဒေသများသည် မိုးများလွန်းသည့်ဒေသများဖြစ်သဖြင့် သီးနှံအတွက် လိုအပ်သည်ထက် ပိုမိုသောရေများကို ထုတ်နုတ်ပေးရန်လိုအပ်သကဲ့သို့ ရေလွှမ်းမိုးမှု ဘေးအန္တရာယ်နှင့် ဆားငန်ရေဝင်ရောက်မှုဘေးအန္တရာယ်တို့မှ ကာကွယ်ပေးရန်လည်း လိုအပ်ပါသည်။ ယင်းဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် တာတမံတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ပါသည်။

**မြောင်းစနစ်ဖြင့် ရေနုတ်ခြင်း (Drainage)**

စိုက်ပျိုးသီးနှံပင်များ ဖြစ်ထွန်းအောင်မြင်စေရန် မြေပေါ်နှင့် မြေအောက်တို့တွင် အပင်များ အသုံးမပြုနိုင်သော ပိုလျှံရေများ၊ ပျော်ဝင်ဆားများကို မြောင်းစနစ်ဖြင့် တူးဖော်ဖယ်ရှားခြင်းကို ရေနုတ်ခြင်းဟု ဆိုပါသည်။ မြေပေါ်ရေနုတ်မြောင်းစနစ်သည် ပိုလျှံသောရေများကို စွန့်ထုတ်နိုင်ရန်အတွက် ပြုပြင်ထားသော သဘာဝရေနုတ်မြောင်း(သို့မဟုတ်) ဖောက်လုပ်ထားသော ရေနုတ်မြောင်းအစုအဖွဲ့စနစ် ဖြစ်သည်။ မြေအောက်ရေနုတ်မြောင်းစနစ်သည် ပိုလျှံသောရေများကို စွန့်ထုတ်ရန်နှင့် မြေဆီလွှာတွင် ပါဝင်နေသော ဆားများကို မြေအောက်ရေမှတစ်ဆင့် ရေနုတ်မြောင်းအတွင်းသို့ စီးဝင်စေခြင်းဖြင့် စွန့်ထုတ်သည့်စနစ် ဖြစ်သည်။ သို့မှသာ မြေအောက်ရေမျက်နှာပြင် မြင့်တက်ပြီး အမြစ်ဇုန် ဆားပေါက်ခြင်းကို ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်သည်။

မြေပေါ်ရေနုတ်မြောင်းစနစ်တွင် လက်သွယ်ရေနုတ်မြောင်းများနှင့် ပင်မရေနုတ်မြောင်းများ ရေနုတ်စွမ်းရည်ကောင်းမွန်စေရန်အတွက် မြေညှိပြုပြင်ခြင်းလုပ်ငန်းများကို ဦးစွာဆောင်ရွက်ရသည်။ ပြီးလျှင် ကျပန်းရေနုတ်မြောင်းစနစ်နှင့် အပြိုင်ရေနုတ်မြောင်း စနစ်နှစ်မျိုးမှ သင့်လျော်သည့်စနစ်ကို အသုံးပြုပြီး ရေနုတ်နိုင်ပါသည်။ မြေအောက်ရေနုတ်မြောင်းစနစ်တွင် မြောင်းတူးခြင်းနှင့် ရေပိုက်ထည့်ခြင်း နှစ်မျိုးရှိပြီး ဤစနစ်၏ အားသာချက်မှာ မြေပြင်ပေါ်စီးဆင်းနေသော ရေများကိုပါ လက်ခံ ရေနုတ်နိုင်သည်။

**ရေနုတ်မြောင်းစနစ်**

ဆည်ရေသောက်စနစ်တွင် ရေနုတ်မြောင်းများကို အဆင့်ဆင့်ဖွဲ့စည်း(Drainage Network)ပြီး ပိုလျှံရေများကို ထုတ်နုတ်ပါသည်။ လယ်ကြားရေနုတ်မြောင်း(Farm Drain)၊ ကွင်းရေနုတ်မြောင်း(Field Drain)၊ ကန့်လန့်ဖြတ်ရေနုတ်မြောင်း(Lateral Drain or Collector Drain)၊ ဒုတိယအဆင့်ရေနုတ်မြောင်း(Secondary Drain)၊ ပင်မရေနုတ်မြောင်း (Primary Drain or Main Drain) တို့ဖြင့် အဆင့်ဆင့်စီးဆင်း ရေနုတ်စေပါသည်။

ရေနုတ်မြောင်းစနစ်မရှိပါက သို့မဟုတ် မကောင်းမွန်ပါက လယ်မြေများ ဆားပေါက်ခြင်း၊ ဆည်ရေ၏ အရည်အသွေး ကျဆင်းခြင်း၊ သီးနှံများဖြစ်ထွန်းအောင်မြင်မှုမရှိခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။

**ရေနုတ်မြောင်းစနစ်၏ အကျိုးကျေးဇူးများ**

ရေနုတ်မြောင်းစနစ်ကောင်းမွန်ပါက ရရှိနိုင်သော အကျိုးကျေးဇူးများမှာ သီးနှံပင်၏အမြစ်များ ပိုမိုနက်ရှိုင်းစွာ ကြီးထွားနိုင်ခြင်း၊ သီးနှံအမည်(အမယ်)ပေါင်းများစွာကို ရွေးချယ်စိုက်ပျိုးနိုင်ခြင်း၊ ပေါင်းမျိုးနည်းပါးစေခြင်း၊ ဓာတ်မြေသြဇာကို ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ခြင်း၊ လယ်ယာမြေသို့ အဝင်အထွက်ပြုလုပ်ရန် လွယ်ကူလာခြင်း၊ မြေပြင်ခြင်းလုပ်ငန်းကို ကာလကြာရှည်စွာ လုပ်ဆောင်နိုင်ခြင်း၊ မြေဆီလွှာထဲတွင်ရှိသော ပိုးကောင်ငယ်လေးများ(ဥပမာ-တီကောင်) တိုးပွားလာစေနိုင်သဖြင့် ရေစိမ့်နိုင်စွမ်း ကောင်းမွန်ခြင်း၊ မြေသားဖွဲ့စည်းမှုကောင်းမွန်သဖြင့် ရေစိမ့်နိုင်စွမ်းကောင်းမွန်စေခြင်း၊ သီးနှံပင်၏အမြစ်ဇုန်တွင် ဆားပေါက်သည့်ဒဏ် မခံစားရခြင်း၊ ဆည်ရေသောက်စိုက်ပျိုးမြေများကို စဉ်ဆက်မပြတ်အသုံးပြုနိုင်ခြင်း၊ ဆားများကို ဖယ်ရှားနိုင်သဖြင့် ဆားဒဏ်ခံနိုင်မှုနည်းပါးသည့် သီးနှံများကိုပါ စိုက်ပျိုးနိုင်ခြင်းနှင့် ဆားပေါက်မြေများကို စိုက်ပျိုးမြေအဖြစ် ပြောင်းလဲအသုံးပြုနိုင်ခြင်း စသည်တို့ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၁ -၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း ရေနုတ်မြောင်းများ ပြုပြင်တူးဖော်ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၅၂၃ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၈၁ ခု၊ မွန်ပြည်နယ်တွင် ၂၆၂ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၁၁ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၉၇၂ ခုနှင့် အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၃၀၇ ခု စုစုပေါင်း ရေနုတ်မြောင်း ၃၂၅၇ ခုဖြင့် ဧရိယာ ၃၉ ဒသမ ၄ သိန်းကေခန့်အတွက် ရေနုတ်ပေးနိုင်ခဲ့ပါသည်။

**ရေဘေးကာကွယ်ရေးတာတမံများ**

တာတမံများတည်ဆောက်ခြင်းဖြင့် လယ်မြေဧရိယာများကို ရေလွှမ်းမိုးခြင်း ဘေးအန္တရာယ်မှ အကာအကွယ်ပေးရုံမျှမက ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာ အဆောက်အအုံများ၊ ကျွဲနွားတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခြင်း၊ လမ်းပန်းအဆက်အသွယ်များ ပျက်စီးပြတ်တောက်ခြင်းနှင့် ဝမ်းရောဂါ စသည့်ရောဂါဘယများ ထူပြောလာခြင်းစသော ဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်မည်ဖြစ်သည်။

**ရေကြီးနစ်မြုပ်မှု၏ ဆိုးကျိုးများ**

ရေကြီးနစ်မြုပ်မှုကြောင့် အထူးသဖြင့် လျှပ်တစ်ပြက်ရေကြီးမှုကြောင့် လူနှင့်တိရစ္ဆာန်များကို အသက်ဆုံးရှုံးစေပါသည်။ ညအချိန်တွင်ဖြစ်ပါက ပျက်စီးဆုံးရှုံးမှုမှာ အမြင့်ဆုံးနှင့် အများဆုံးဖြစ်သည်။ ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးမြေများတွင် ရေဝပ်ခြင်းဖြစ်ပေါ်ပြီး သီးနှံအထွက်နှုန်းကို လျော့ကျစေသည်။ ရေဝပ်ခြင်းသည် ကာလရှည်ကြာပါက စိုက်ပျိုးရေးလုပ်ငန်းများကို များစွာထိခိုက်စေသည်။ ရေကြီးနစ်မြုပ်မှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် မော်တော်ကားလမ်း၊ မီးရထားလမ်းတို့ ပျက်စီးနိုင်သည့်အပြင် ဆက်သွယ်ရေးလမ်းကြောင်းပြတ်တောက်မှုကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ အခြေခံစားကုန်များနှင့် အရေးကြီးသော ဆေးဝါးအသုံးအဆောင်များ ဈေးကြီးမြင့်တက်စေသည်။ ရေကြီးနစ်မြုပ်စဉ်အတွင်း လုပ်ငန်းများရပ်ဆိုင်းသွားသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေသည်။ ရေကြီးနစ်မြုပ်နေစဉ်ပတ်ဝန်းကျင်တစ်ခုလုံး ညစ်ညမ်းနေမှုကြောင့် ရေမှာ သန့်ရှင်းမှုမရှိတော့သဖြင့် ကာလဝမ်းရောဂါနှင့် ဝမ်းကိုက်ရောဂါကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားစေသည်။ ကောင်းကျိုးအနေဖြင့် စိုက်ပျိုးမြေများတွင် နုန်းများတင်ကျန်ခဲ့သဖြင့် မြေသြဇာကောင်းမွန်ပြီး သီးနှံအထွက်နှုန်းကောင်းမွန်ခြင်းကို ရရှိခံစားနိုင်သည်။

**ရေဘေးကာကွယ်နည်း ၁၇ မျိုး**

ကောင်းကျိုးနည်းပြီး ဆိုးကျိုးများစွာပေးသည့် ရေကြီးနစ်မြုပ်မှု ရေဘေးအန္တရာယ်ကို မည်သို့ကာကွယ်ကြမည်နည်း။ အခြေခံအားဖြင့် ရေဘေးကာကွယ်ရန်နည်းလမ်း အနည်းဆုံး ၁၇ မျိုးဖြင့် ကာကွယ်ရမည်ဖြစ်ပါသည်။

(၁) လုံလောက်သော ရေပမာဏကို သိုလှောင်နိုင်သည့်အပြင် ထက်မြက်သော ရေကြီးမှုခန့်မှန်းရေးစနစ်၊ သတိပေးစနစ်၊ ရေသွင်းရေထုတ်စနစ် စသည်တို့ ပါဝင် ပြည့်စုံသော ရေလှောင်တမံ(Upstream Storage) တည်ဆောက်ခြင်း၊

(၂) မြေသားနှင့်တည်ဆောက်ထားပြီး ယေဘုယျအားဖြင့် မြစ်နှင့်အပြိုင်ဖြစ်ကာ ရေကြီးနစ်မြုပ်နိုင်သည့် ဧရိယာများတွင် အကောင်းဆုံးလမ်းပန်းဆက်သွယ်ရေး တာပေါင်အဖြစ် အသုံးပြုနိုင်သည့် ရေဘေးကာကွယ်ရေး တာတမံများ (Embankments) တည်ဆောက်ခြင်း၊

(၃) မြစ်ကြောင်းကို ချဲ့ထွင်ခြင်း၊ နက်စေခြင်း၊ ဖြောင့်စေခြင်း၊ မညီမညာထိုးထွက်နေသော မြစ်ကမ်းပါးကို ချောမွေ့အောင် ညှိပေးခြင်း၊ မြစ်ကြမ်းပြင်ရှိ သောင်ခုံများကို ဖယ်ရှားခြင်းဖြင့် ရေစီး၏အလျင်နှင့် အနက်ကိုများစေပြီး မြစ်၏ ရေသယ်ဆောင်မှုပမာဏပိုမိုအောင် (Increasing Channel Conveyance) ပြုလုပ်ခြင်း၊

(၄) ရေဘေးကာကွယ်ရေးတံတိုင်း (Flood Wall) တည်ဆောက်ခြင်း၊

(၅) မြစ်ကြောင်းတစ်လျှောက်ရှိ မြေနိမ့်ပိုင်းများတွင် ရေကြီးသည့်အခါ ယာယီသိုလှောင်ထားခြင်းအားဖြင့် ရေဝပ်ဧရိယာ (Flood Ways) တည်ဆောက်ခြင်း၊

(၆) ရေလွှဲမြောင်း (Diversion Channel) တူးဖော်ခြင်း၊

(၇) မြစ်ကြောင်းတစ်လျှောက် မြစ်ကွေ့များရှိပါက ရေစီးအလျင်နှေးစေသဖြင့် ရေစီးအလျင်ကောင်းကောင်းဖြင့် လျင်မြန်စွာ စီးဆင်းသွားလာနိုင်ရန်အတွက် ဖြတ်မြောင်း (Cut - off Channel) ဖောက်လုပ်ခြင်း၊

(၈) မြေကြီးအတွင်းသို့ မိုးရေများ စိမ့်ဝင်နှုန်းပိုမိုစေရန်၊ ရေဆင်းဧရိယာမှ စီးဆင်းလာသော ရေများကို ထိန်းချုပ်ရန်နှင့် ထိုရေများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ရေဝေကုန်းတန်း (Watershed) ကို စီမံခန့်ခွဲခြင်း၊

(၉) မြေဆီလွှာထိန်းသိမ်းခြင်းနှင့် သစ်တောပျိုးထောင်ခြင်း (Soil Conservation and Afforestation) လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၀) မြေယာအသုံးချမှု စည်းကမ်းနှင့် ရေကြီးဇုန် (Land Use Regulation and Flood-Plain Zoning) တို့ကို သတ်မှတ်ခြင်း၊

(၁၁) ရေကြီးနစ်မြုပ်နိုင်သည့် ဒေသများတွင် စိုးရိမ်ရေမှတ်ရောက်သည့်အခါ လူနှင့်တိရစ္ဆာန်များ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဘေးကင်းရာဒေသသို့ ပြောင်းရွှေ့ခြင်းနှင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပါဝင်သည့် ရေဘေးကာကွယ်ရေး အရေးပေါ်စီမံချက် (Flood Emergency) ရေးဆွဲထားခြင်း၊

(၁၂) ရေကြီးနစ်မြုပ်နိုင်သည့် ကျေးရွာများကို ကြိုတင်သတ်မှတ်ထားသည့် ရေကြီးမှတ်အထက်ရောက်အောင်၊ ရေဘေးလွတ်အောင် မြှင့်ပေးခြင်း (Raising of Villages) ပြုလုပ်ပေးပြီး အနီးအနားရှိလမ်း (သို့မဟုတ်) ရေဘေးကာကွယ်ရေးတာပေါင်များသို့ ဆက်သွယ်ပေးထားခြင်းဖြင့်လည်းကောင်း၊ လူနှင့်တိရစ္ဆာန်များ ယာယီနေနိုင်ရန်နေရာ၊ အစားအစာ၊ သောက်သုံးရေနှင့်တိရစ္ဆာန်အစာများ သိုလှောင်ထားနိုင်မည့် လုံလောက်သော အမြင့်ရှိသည့် မြေကြီးခုံမြင့် (Raised Platforms) တည်ဆောက်ထားခြင်းဖြင့်လည်းကောင်း လူအများ ဘေးကင်းရာနေရာသို့ ပြောင်းရွှေ့ရန်မလိုဘဲ ရေ ဘေးကြောင့်ဖြစ်ရသည့် ပူပင်သောကကို လျော့နည်းစေသည့် ရေဘေးဒဏ်ခံ (Flood Proofing) လုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊

(၁၃) ရေကြီးမှုကြိုတင်ခန့်မှန်းရေးနှင့် သတိပေးစနစ်များ ထားရှိခြင်းနှင့် ထုတ်ပြန်ပေးခြင်း၊

(၁၄) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် အဆင်သင့်ဖြစ်ခြင်း (Disaster Management and Preparedness)

(၁၄-က) ဆက်သွယ်ရေး (Communication) စနစ်များ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားခြင်း၊

(၁၄-ခ) ရေဘေးမကျရောက်မီ ရေဘေးကာကွယ်ရေး လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးခြင်း (Monitoring Pre-flood Protection works)

(၁၅) ဒေသအလိုက် ရာသီဥတုကို အခြေခံ၍ သီးနှံပုံစံပြောင်းလဲခြင်း (Restructuring the Cropping Pattern) ကို ရေးဆွဲရန် လိုအပ်ခြင်း၊

(၁၆) ရေနုတ်မြောင်းအသစ်ဖောက်လုပ်ခြင်း၊ လက်ရှိရေနုတ်မြောင်းများ၏ ရေသယ်ဆောင်နိုင်မှုပမာဏ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းဖြင့် ရေနုတ်စွမ်းရည် ကောင်းလာအောင် (Drainage Congestion Improvement) ဆောင်ရွက်ခြင်း၊

(၁၇) ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေရန် ရေဘေးအာမခံ (Flood Insurance)ထားရှိခြင်းစသည်တို့ ဖြစ်ပါသည်။


တာဝရေထိန်းတံခါး

**တာတမံပေါင်း ၁၁၀၅ ခု**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အထိ တည်ဆောက်ထိန်းသိမ်းပြုပြင်ခဲ့သည့် ရေဘေးကာကွယ်ရေးတာတမံ စုစုပေါင်း ၁၁၀၅ ခုဖြင့် ဧရိယာ ၁၂၈ ဒသမ ၆ သိန်းကေကျော်တွင် ရေဘေးကာကွယ်ပေးနိုင်ခဲ့သည်။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ၁၄၃ ခုနှင့် ဧရာဝတိုင်းဒေသကြီးတွင် ၈၆၁ ခုတို့ရှိပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၁၀၁ ခုတို့ ပါဝင်သည်။

**ပင်လယ်ရေငန်တား တာတမံများ**

ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ရေ ဘေးကာကွယ်ရေးတာတမံများ တည်ဆောက်ရသလို ပင်လယ်ဆားငန်ရေများ ဝင်ရောက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ရေငန်တားတာတမံများလည်း တည်ဆောက်ရန် လိုအပ်သည်။ မြစ်ဝကျွန်းပေါ်ဒေသများသည် မြေမျက်နှာပြင်ပြန့်ပြူး၍ မြစ်ခွဲမြစ်မွှာများဖြင့် ဖွဲ့စည်းတည်ရှိခြင်း၊ အချို့သောနေရာများတွင် မြေမျက်နှာသွင်ပြင် မြေနိမ့်ဒေသဖြစ်ခြင်း၊ ပင်လယ်နှင့်နီးသော ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ခြင်းတို့ကြောင့် ပင်လယ်မှလည်းကောင်း၊ မြစ်များမှလည်းကောင်း၊ ဒီရေနှင့် ဆားငန်ရေများ ဝင်ရောက်ကာ ကုန်းမြင့်ဒေသများထက် အချိန်ကာလ ပို၍ကြာရှည်စွာ ရေနစ်မြုပ်မှုဒဏ်ကို ခံရလေ့ရှိသည်။ မြေမျက်နှာပြင်အောက်ရှိ ရေလွှာမှာလည်း မြေပြင်နှင့် ပိုမိုနီးကပ်စွာတည်ရှိနေပြီး ဆားငန်ရေဝင်ရောက်မှုများကာ စိုက်ပျိုးရေးစွမ်းအားကို အဟန့်အတားဖြစ်စေပါသည်။ ထိုကဲ့သို့သော ဒေသများတွင် အကျိုးပြုမြေနှင့် လယ်ယာမြေများဖော်ထုတ်ရန်ရည်ရွယ်၍ ဝင်ရောက်လာသော ဆားငန်ရေများကို ကာကွယ်ရန် ရေငန်တားတာတမံများ တည်ဆောက်ရပါသည်။

မြစ်ဝကျွန်းပေါ်ဒေသများဖြစ်ကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပင်လယ်ကမ်းရိုးတန်းဒေသများဖြစ်ကြသည့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အထူးလိုအပ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ထိန်းသိမ်းပြုပြင်တည်ဆောက်ခဲ့သည့် ရေငန်တား တာတမံများမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၄၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၄ ခု၊ ရခိုင် ပြည်နယ်တွင် ၃၈၄ ခု၊ မွန်ပြည်နယ်တွင် ၉၄ ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၇ ခုနှင့် ပဲခူးတိုင်းဒေသကြီးတွင် နှစ်ခု စုစုပေါင်း ၈၀၂ ခုတို့ ဖြစ်ပြီး ရေငန်တားဧရိယာ ၁၇ ဒသမ ၅ သိန်း ကေကျော်သို့ ရေငန်ဝင်ရောက်မှုဘေးမှ အကာအကွယ်ပေးနိုင်ပါသည်။

**ရေတံခါးများ (Sluices)**

ရေဘေးအန္တရာယ်ကို အကာအကွယ်ပေးမည့် ရေနုတ်မြောင်းများ၊ ရေဘေးကာကွယ်ရေးတာတမံများ၊ ရေငန်တားတာတမံများနှင့်တွဲလျက် မဖြစ်မနေဆောင်ရွက်ပေးရသည့် လုပ်ငန်းတစ်ခုမှာ ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်း ဖြစ်ပါသည်။ ကျွန်းပတ်တာ(Polder)များ တည်ဆောက်၍ ကာကွယ်နည်းတွင်လည်း အလိုအလျောက် ဖွင့်ပိတ်သောရေတံခါးများ တပ်ဆင်တည်ဆောက်ရပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၁-၂၀၁၂ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ထိန်းသိမ်းပြုပြင်ဆောင်ရွက်ပေးသည့် ရေတံခါးများမှာ ပဲခူးတိုင်းဒေသကြီးတွင် ၁၃၇ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၂၄ ခု၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးများတွင် ၂၆၄ ခု စုစုပေါင်း ရေတံခါး ၇၂၅ ခုဖြင့် ဧရိယာ ၁၃ ဒသမ ၃ သိန်း ကေခန့်ကို ရေဘေးနှင့် ဆားငန်ရေဝင်ရောက်မှုမရှိစေရန် ကာကွယ်ပေးထားပါသည်။

**စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခြင်း**

ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံအဝန်းတွင် ရာသီဥတုဖောက်ပြန်မှုအကျိုးဆက်ကြောင့် ပုံမှန်မဟုတ်သည့်မိုးရွာသွန်းမှု(Erratic Rainfall)ဖြစ်ကာ နှစ်ဆက်ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပေါ်နေပါသည်။

အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် နည်းလမ်းများမှာ တိမ်ကောနေသော မြစ်ချောင်းများ၊ ရေနုတ်မြောင်းများကို တူးဖော်ရှင်းလင်းပေးခြင်း၊ လိုအပ်သောနေရာများတွင် အသစ်ဖောက်လုပ်ပေးခြင်း၊ ရေဘေးကာကွယ်ရေးတာတမံများနှင့် ပင်လယ်ရေငန်တားတာတမံများ အဆင့်မြှင့်တင်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်းနှင့် လိုအပ်သောနေရာများတွင် အသစ်တည်ဆောက်ပေးခြင်း၊ ပင်လယ်ဒီရေဝင်ရောက်မှုကြောင့် ဆားငန်ရေနှင့် ဆားငန်နုန်းများကို တားဆီးကာကွယ်နိုင်မည့် ခေတ်မီရေထိန်းတံခါးများ ထိန်းသိမ်းပြုပြင်မွမ်းမံတည်ဆောက်ပေးခြင်း စသည်တို့ကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ချေးငွေပြန်လည်ပေးဆပ်မှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေမှာ အများဆုံးဖြစ်

**နေပြည်တော်  ဇန်နဝါရီ ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လွှတ်တော်က မှတ်တမ်းတင်**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် မြန်အောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးအောင်အား ခန့်အပ်တာဝန်ပေးခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးသာဦးအား ခန့်အပ်တာဝန်ပေးခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးဟန်ဇော်အား ခန့်အပ်တာဝန်ပေးအပ်လိုခြင်းကို လွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

**ချေးငွေထုတ်ယူမှုအခြေအနေ**

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ချေးငွေထုတ်ယူမှုအခြေအနေအား ချေးငွေပေးသည့် နိုင်ငံ၊ အဖွဲ့အစည်း အလိုက်ကြည့်လျှင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ချေးငွေထုတ်ယူမှုမှာ အများဆုံးဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD)မှ ချေးငွေထုတ်ယူမှုမှာ အနည်းဆုံးဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (IFAD) ချေးငွေဖြင့် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းမှာ တစ်ခုတည်းဖြစ်ခြင်းကြောင့်ဖြစ်ပါကြောင်း။

ချေးငွေပြန်လည်ပေးဆပ်မှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေမှာ အများဆုံးဖြစ်ပါကြောင်း၊ အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေများမှာ ယခုအခါ အရင်းပြန်လည် ပေးဆပ်ရန် အချိန်ကျရောက်နေပြီဖြစ်သည့်အတွက် အရင်းပေးဆပ်မှုများနေခြင်း ဖြစ်ပါကြောင်း။

**ချေးငွေပြန်လည်ပေးဆပ်မှုများ**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနအလိုက် ချေးငွေထုတ်ယူမှုအခြေအနေကို ကြည့်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချေးငွေအများဆုံး ထုတ်ယူသုံးစွဲခဲ့ပြီး စက်မှုဝန်ကြီးဌာနက ချေးငွေထုတ်ယူမှု အနည်းဆုံးဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာန အနေဖြင့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်နောက်ပိုင်းတွင် ချေးငွေ အသစ်ထပ်မံရယူခြင်းမရှိဘဲ ဆောင်ရွက်ဆဲစီမံကိန်းများအတွက်သာ ထုတ်ယူသုံးစွဲနေခြင်းကြောင့်ဖြစ်ပါကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်မှုတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အများဆုံးဖြစ်ပါကြောင်း။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုသည့် စီမံကိန်း ၁၃ ခု ရှိပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီချေးငွေက စီမံကိန်းခြောက်ခုအတွက် အမေရိကန်ဒေါ်လာ ၁၁၁၅ ဒသမ ၇၆၁ သန်းခန့် ဖြစ်ပြီး အများဆုံးဖြစ်ပါကြောင်း၊ ဘဏ္ဍာနှစ်အတွင်း ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုမှုတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၆၀၀ ဒသမ ၇၁၂ သန်းခန့် ဖြစ်ပါကြောင်း။




◆ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနအလိုက် ချေးငွေထုတ်ယူမှုအခြေအနေကိုကြည့်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချေးငွေအများဆုံး ထုတ်ယူသုံးစွဲခဲ့ပြီး စက်မှုဝန်ကြီးဌာနက ချေးငွေထုတ်ယူမှု အနည်းဆုံးဖြစ်။

◆ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပ ချေးငွေ စာချုပ်ချုပ်ဆိုသည့် စီမံကိန်း ၁၃ ခု ရှိပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီချေးငွေက စီမံကိန်းခြောက်ခုအတွက် အမေရိကန်ဒေါ်လာ ၁၁၁၅ ဒသမ ၇၆၁ သန်းခန့် ဖြစ်ပြီး အများဆုံးဖြစ်။

**ကြွေးမြီလက်ကျန်အခြေအနေ**

၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်နေ့ရှိ ပြည်တွင်းကြွေးမြီ လက်ကျန်အခြေအနေမှာ အစိုးရငွေတိုက်စာချုပ်မှ ငွေကျပ် ၃၃၈၆ ဒသမ ၁ ဘီလီယံ ၁၉ ရာခိုင်နှုန်း၊ အစိုးရငွေတိုက် လက်မှတ်မှ ငွေကျပ် ၉၇၅ ဒသမ ၇ ဘီလီယံ ငါးရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစိုးရငွေတိုက် လက်မှတ်များ ရောင်းချ၍ ငွေချေးယူခြင်းမှာ ငွေကျပ် ၁၃၆၅၈ ဒသမ ၂ ဘီလီယံ ၇၆ ရာခိုင်နှုန်းဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၁၈၀၂၀ ဒသမ ၀ ဘီလီယံဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းတွင် ပိုငွေပေါ်ပေါက်ခဲ့သည့်အတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ရယူထားသည့် ကြွေးမြီငွေကျပ် ၅၇၆ ဒသမ ၂၄၅ ဘီလီယံနှင့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူထားသည့် ကြွေးမြီ ငွေကျပ် ၅၂၀ ဒသမ ၇၉၅ ဘီလီယံ တို့ကို ပြန်လည်ရှေးနုတ်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေအား အသားတင်ဖြည့်ဆည်းမှုမှာ အစိုးရငွေတိုက်စာချုပ်များအတွက် ငွေကျပ် ၇၇၁ ဒသမ ၂ ဘီလီယံ၊ အစိုးရငွေတိုက် လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းအတွက် ငွေကျပ် ၃၁၁ ဘီလီယံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရောင်းချခြင်းအတွက် ငွေကျပ် ၁၂၁၃ ဒသမ ၃ ဘီလီယံဖြစ်ပြီး စုစုပေါင်း အသားတင် ဖြည့်ဆည်းမှုပမာဏမှာ ငွေကျပ် ၂၂၉၅ ဒသမ ၅ ဘီလီယံဖြစ်ပါကြောင်း။

**ထပ်ဆင့်ထုတ်ချေးမှုများရှိ**

ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံ့အကျိုးပြုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ပနိုင်ငံ၊ အဖွဲ့အစည်းများထံမှ ချေးငွေ၊ ထောက်ပံ့ငွေများရယူ၍ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထပ်ဆင့်ထုတ်ချေးမှုများရှိပါကြောင်း။

ရန်ကုန်မြို့တော်ရေပေးဝေရေး ဖွံ့ဖြိုးမှုစီမံကိန်းအတွက် JICA ချေးငွေရယူ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လည်းကောင်း၊ မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ADB ချေးငွေရယူ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လည်းကောင်း၊ KfW မှ ထောက်ပံ့ငွေရယူ၍ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဘဏ်လီမိတက်သို့လည်းကောင်း ထပ်ဆင့်ထုတ်ချေးထားပါကြောင်း။

ပြည်ပချေးငွေရယူရာတွင် နိုင်ငံတော်သို့ နိုင်ငံခြားငွေစီးဝင်သည့် ငွေကြေးအမျိုးအစားနှင့် ချေးငွေပြန်လည်ပေးဆပ်ရမည့် ငွေကြေးအမျိုးအစားတို့ကို ချင့်ချိန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းတွင် အစိုးရငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း။

**ထိရောက်စွာ အကောင်အထည်ဖော်**

ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော်သည့် လုပ်ငန်း၊ စီမံကိန်းများအတွက် ချေးငွေထုတ်ယူမှုအားနည်းမှုများရှိသော်လည်း နောက်ပိုင်းတွင် လုပ်ငန်းကျွမ်းကျင်မှု ပိုမိုအားကောင်းလာသည့်အတွက် တိုးတက်မှုရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ပြည်ပချေးငွေဖြင့် လုပ်ငန်း၊ စီမံကိန်းများအား အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းစီမံခန့်ခွဲသည့်ယူနစ် (Project Management Unit) များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနတွင် စီမံကိန်းများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေအား စောင့်ကြည့်အကဲဖြတ်ကြပ်မတ်နိုင်ရန် Monitoring and Evaluation Unit များကိုလည်းကောင်း ဖွဲ့စည်း၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**လွှတ်တော်သို့ ရှင်းလင်းတင်ပြ**

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ **ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၈)** ကို ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် စာရင်းအင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက ပြင်ဆင်ချက် တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ကိုရယူအတည်ပြုပြီး ပြင်ဆင်ချက်များကို နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ချေးငွေရယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေနှင့် ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တို့က အကြံပြုဆွေးနွေးကြသည်။

**ရှုထောင့်များမှ တင်ပြသင့်**

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က နှစ်စဉ်

ချေးငွေဖြစ်ပြီး နိုင်ငံတော်က အရင်းငွေအပြည့်အဝ ပြန်ဆပ်ရန်မလိုသည့် ချေးငွေဖြစ်၍ ချေးယူသင့်ပါကြောင်း၊ နိုင်ငံခြားကြွေးမြီ အနေဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်တွင် အမေရိကန်ဒေါ်လာ ၉၁၄၈ သန်းကျန်ရှိ၍ ယခုချေးယူသည့် ယူရိုငွေ ၅ သန်းအတွက် အကြွေးမြီ ဝန်ထုပ်ဝန်ပိုး မဖြစ်နိုင်သည်ကို တွေ့ရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် တံတားတည်ဆောက်ရန် လိုအပ်သည့် သံပေါင်ဝယ်ရန် ချေးယူခြင်းဖြစ်သည့်အတွက် သံပေါင်လိုအပ်ချက်၊ ခန့်မှန်းခြေဈေးနှုန်း၊ ဝယ်ယူမည့် ကုမ္ပဏီများကို တင်ပြသင့်ကြောင်းနှင့် အခြားနိုင်ငံများ၏ ဈေးနှုန်းများကို နှိုင်းယှဉ်ဖော်ပြသင့်ပါကြောင်း၊ တံတားစီမံကိန်းနှင့်ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျိုးပြုမှုအခြေအနေ၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ ဒေသခံပြည်သူများ ထိခိုက်နစ်နာနိုင်မှု၊ ဒေသအတွင်း စက်မှုလုပ်ငန်း၊ စက်ရုံများ ဆောင်ရွက်ပေးနိုင်မည့် အလားအလာများ၊ ဒေသ၏ ဂျီဒီပီတိုးတက်နိုင်မှုအတွက် အထောက်အကူပြုနိုင်မှုများ၊ တံတားစီမံကိန်း ဆောင်ရွက်ပေးသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများကို တန်ရာတန်ကြေး ရရှိနိုင်မှု ရှုထောင့်များမှ တင်ပြသင့်ပါကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျသည့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် စီမံကိန်းဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**အကူအညီကို စနစ်တကျရယူ**

**သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်**ကကင်းချောင်း တံတားတည်ဆောက်ပြီးပါက ရန်ကုန်- ကျောက်ဖြူ လမ်းမကြီးနှင့် ရမ်းဗြဲမြို့နယ် လေးတောင်၊ သပြေဆိပ်၊ ကင်းချောင်း၊ ကင်းမြောက်လမ်းတို့မှတစ်ဆင့် ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲကျွန်းများသို့ အချိန်တိုအတွင်း လွယ်ကူစွာသွားလာနိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့များသို့လည်း အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည့်အတွက် ဒေသခံများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင်ပြေချောမွေ့ပြီး ရမ်းဗြဲကျွန်းမှ မာန်အောင်ကျွန်းတို့မှာ အချိန်တိုအတွင်း လွယ်ကူစွာသွားလာနိုင်မည့်အပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းအတွက်လည်း အထောက်အပံ့ပေးမည့် တံတားတစ်စင်း ဖြစ်သည့်အတွက် အတိုးမဲ့ချေးငွေ အကူအညီကို စနစ်တကျရယူ၍ လူမှုဘဝဖွံ့ဖြိုးရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဆွေနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က သက်ဆိုင်ရာ အပိုဒ်အလိုက် ပါဝင်ဆွေးနွေးကြပြီး လွှတ်တော်၏ ဆန္ဒကို ရယူကြသည်။

အဆိုပါ **ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်နာယကက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း ကြေညာသည်။

**မျိုးသူဟိန်း**

# မြန်မာ့စီးပွားရေးဘဏ်နှင့် JICA တို့ ပူးပေါင်း၍ JICA SME Two-Step Loan Seminar ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်နှင့် JICA တို့ ပူးပေါင်းကျင်းပသည့် JICA SME Two-Step Loan Seminar ကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပခဲ့သည်။

Seminar တွင် JICA Two-Step Loan အစီအစဉ်ကို ရယူ၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အား ထုတ်ချေးမည့် ပုဂ္ဂလိကဘဏ် ခြောက်ခုမှ တာဝန်ရှိသူများနှင့် SMEs လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေး လျက်ရှိကြောင်း သိရသည်။



Mr. Yoshiyuki OBA



Mr. Toshiyuki KATAGIRI



ဦးသက်လွင်အောင်



ဦးသန်းစိုး

အဆိုပါ ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ Japan Economic Research Institute မှ Senior Consultant Mr.Yoshiyuki OBA က "အဓိက ရည်ရွယ်ချက်ကတော့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေ လုပ်တဲ့ ဘဏ်လုပ်ငန်းရှင်တွေအနေနဲ့ ပိုမိုကောင်းမွန်တဲ့ SMEs နည်းစနစ်တွေကို သိရှိဖို့နဲ့ SMEs ကို အမှန်တကယ်လုပ်နိုင်တဲ့ ဘဏ်လုပ်ငန်းရှင်တွေ ပေါ်ထွက်ဖို့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့ပြင် ၎င်းက "မြန်မာနိုင်ငံမှာ ရာခိုင်နှုန်း တော်တော်များများက အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖြစ်နေတယ်၊ ဒါကြောင့် SMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရင် မြန်မာ့စီးပွားရေးကိုပါ အထောက်အကူ ပြုနိုင်တဲ့အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်၊ SMEs ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုလုပ်မလဲဆိုတော့ SMEs တွေကို Supporting လုပ်ပေးရပါတယ်၊ ဘယ်လို Supporting လုပ်မလဲဆိုတော့ အဓိကအနေနဲ့ ငွေရေးကြေးရေးကဏ္ဍကို Supporting ပေးတယ်၊ Supporting ပေးတဲ့အခါမှာ SMEs တွေဘက်ကလည်း အခက်အခဲတွေ အများကြီးရှိတယ်၊ ဘဏ်တွေဘက်ကလည်း SMEs တွေကို Supporting ပေးတဲ့နေရာမှာ အားနည်းချက်တွေရှိခဲ့တယ်၊ ဒီကြားထဲမှာ ခုလို Project တွေ ဝင်ပြီးတော့ ဘဏ်တွေဘက်က SMEs တွေကို ဘယ်လို Supporting ပေးရမယ်ဆိုတာတွေ ဆွေးနွေးကြတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထိုကဲ့သို့ ဆွေးနွေးမှုများနှင့် ပတ်သက်၍ Japan Economic Research Institute မှ Executive Managing Officer Mr. Toshiyuki KATAGIRI က "ဒီနေ့ ဆွေးနွေးပွဲ နောက်ဆုံးနေ့မှာဆိုရင် SMEs လုပ်ငန်းရှင်တွေကို ဘဏ်တွေကနေတစ်ဆင့် ဖိတ်ပါတယ်၊ ဖိတ်ပြီးတော့ SMEs လုပ်ငန်းရှင်တွေဘက်ကရော၊ ဘဏ်လုပ်ငန်းရှင်တွေဘက်ကပါ နားလည်ရမယ့်ကိစ္စဖြစ်တဲ့ Bussiness Plan တွေကိုဆွေးနွေးပို့ချပေးပါတယ်၊ Bussiness Plan ဆိုတာက ငွေလာချေးမယ့်သူနဲ့ ဘဏ်လုပ်ငန်းရှင်တွေကြားထဲမှာ ဘယ်လိုစကားပြောမယ်ဆိုတာကို ဆွေးနွေးပို့ချပေးတာပါ၊ ဘဏ်လုပ်ငန်းရှင်တွေအနေနဲ့ SMEsတွေကို ဘယ်လိုချေးမယ်၊ အချိန်ဘယ်လောက် ကြာကြာချေးမယ်ဆိုတာတွေ စတဲ့ ဆုံးဖြတ်ချက်တွေချနိုင်ဖို့ Bussiness Plan တွေကို ဆွေးနွေးပေးတာပါ၊ ပြီးခဲ့တဲ့ ဆွေးနွေးပွဲ နှစ်ရက်မှာတော့ ကုမ္ပဏီတွေကို ဘယ်လို လေ့လာဆန်းစစ်မလဲ၊ ကုမ္ပဏီတွေဘက်ကတင်လာတဲ့ ငွေရေးကြေးရေးတင်ပြချက်တွေကို ဘယ်လိုဆန်းစစ်မလဲဆိုတာတွေကို ဆွေးနွေးပေးပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတက်ရောက်နေသည့် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးသက်လွင်အောင်က "SME ဆိုတာ ကျွန်တော်တို့နဲ့ နည်းနည်းစိမ်းပါတယ်၊ ဒါပေမယ့် ခုလိုသင်တန်းပေးတဲ့အတွက် ပညာဗဟုသုတတွေ ရပါတယ်၊ SMEs ဆိုတာ မသိခင်ကတော့ ကိုယ်သဘောနဲ့ကိုယ် လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်၊ ဒီသင်တန်းကရတဲ့ ပညာတွေနဲ့ လုပ်ငန်းကို ဆက်ပြီး ဆောင်ရွက်သွားမှာပါ၊ ကိုယ်လုပ်မယ့် လုပ်ငန်းတွေမှာ SMEs က ဘယ်လိုအရေးပါတယ်၊ ဘဏ်တွေနဲ့ ချိတ်ဆက်တဲ့လုပ်ငန်းတွေမှာ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေကို သိလာပါတယ်"ဟု ပြောသည်။

JICA Two-Step Loan ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းစိုးက "၂၀၁၆ ခုနှစ် မတ်လကစပြီး ဆောင်ရွက်ခဲ့ပါတယ်၊ လက်ရှိအချိန်မှာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုမှာ ၁၂ ခုကို ထုတ်ချေးပြီးဖြစ်ပါတယ်၊ ဒီချေးငွေကို လုပ်သားအခြေပြုလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ လက်လီ ရောင်းဝယ်မှုလုပ်ငန်းတွေ၊ လက်ကားရောင်းဝယ်မှုလုပ်ငန်းတွေကို အဓိကထားပြီးချေးပါတယ်၊ ချေးငွေပမာဏအများဆုံးကတော့ ငွေကျပ် သိန်း ၅၀၀၀ ထိ ထုတ်ချေးပါတယ်၊ အတိုးနှုန်းကတော့ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါတယ်၊ ထုတ်ချေးမယ့် အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးရေးဥပဒေမှာပါတဲ့ အချက်အလက်တွေနဲ့ ပြည့်စုံဖို့လိုပါတယ်၊ ချေးငွေမရသေးတဲ့ ကယားပြည်နယ်၊ ကချင်ပြည်နယ်နဲ့ နေပြည်တော်တို့အတွက် ဒီနှစ်အတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ချေးဖို့ စီစဉ်ထားပါတယ်" ဟု ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ- မျိုးမြင့်၊ မျိုးသူဟိန်း**

# မြန်မာ့စီးပွားရေးကဏ္ဍတွင် အုပ်ချုပ်မှုကျွမ်းကျင်သည့် ဝန်ထမ်းကောင်းများ လိုအပ်နေ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာ့စီးပွားရေးကဏ္ဍ လုပ်ငန်းခွင်အတွင်း အလိုအပ်ဆုံးသောအရည်အချင်းများနှင့်ပတ်သက်၍ အမှုဆောင်အရာရှိများကို စစ်တမ်းကောက်ယူမေးမြန်းရာတွင် အများစုမှာ ဦးစီးဦးဆောင်နိုင်စွမ်းရှိသော အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုကျွမ်းကျင်သည့် ဝန်ထမ်းများ လိုအပ်နေကြောင်း သိရသည်။ အဆိုပါစစ်တမ်းကို အောက်စဖို့ဒ် စီးပွားရေးသုတေသနမှ ကောက်ယူထားခြင်းဖြစ်ပြီး အင်ဂျင်နီယာဘာသာရပ်၊ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘာသာရပ်တတ်ကျွမ်းသူများလည်း လိုအပ်နေကြောင်း သိရသည်။

ဝန်ထမ်းများအနေဖြင့် ဦးစီးဦးဆောင်နိုင်သည့် အရည်အသွေးမပြည့်ဝခြင်းကြောင့် လုပ်ငန်းအောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိနိုင်ကြောင်း မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် အမှုဆောင်အရာရှိချုပ်အဆင့်က ဖြေဆိုသည့် စစ်တမ်းတစ်ရပ်က ထောက်ပြထားခြင်းဖြစ်သည်။ အဓိကမှာ နိုင်ငံ၏ ပညာရေးစနစ်အတွင်း လုံလောက်သော ငွေကြေးထောက်ပံ့မှုမရှိခြင်းနှင့် စဉ်းစားတွေးခေါ်နိုင်စွမ်း တိုးတက်လာစေရန် ပညာရေးကဏ္ဍတွင် လိုအပ်သည့် ထောက်ပံ့အားပေးမှုများ မရရှိခဲ့ခြင်း စသည့်အကြောင်းများနှင့်စပ်ဆက်နိုင်ကြောင်း ဇန်နဝါရီ ၁၉ ရက်က ထုတ်ပြန်သည့် အောက်စဖို့ဒ်စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ စစ်တမ်းက သုံးသပ်ထားသည်။



ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများသည် အစိုးရထံမှ လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းနှင့် ငွေကြေးကူညီမှုရရှိသည့် အခွင့်အလမ်း အလွန်နည်းပါးနေပြီး ယင်းသို့ အစိုးရ၏ အကူအညီရရှိနိုင်သည့် လုပ်ငန်းမှာ စီးပွားရေးကဏ္ဍကြီးတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းပင်မပြည့်ကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။ စီးပွားရေးလုပ်ငန်းရှင်များက အစိုးရထံမှ မျှော်လင့်ချက်မှာ ချေးငွေလွယ်ကူစွာရရှိနိုင်ခြင်းဖြစ်ပြီး လက်ရှိပြည်တွင်းဘဏ်များ၏ ချေးငွေသတ်မှတ်ချက်များသည် အလွန်တင်းကျပ်မှုရှိနေကာ ငွေချေးယူရာတွင် အခက်အခဲများစွာ ရင်ဆိုင်နေရကြောင်း သိရသည်။

စီးပွားရေးဆိုင်ရာ သုတေသနစစ်တမ်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ်သို့ အောက်စဖို့ဒ် စီးပွားရေးလုပ်ငန်းစု အာရှတိုက်ဆိုင်ရာ အယ်ဒီတာ ပတ်ထရစ်ကိုကီက "အောင်မြင်လာဖို့ဆိုရင် ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ရမှာဖြစ်ပါတယ်၊ အဲဒီအတွက် စီးပွားရေးစနစ်တစ်ခုကို ထောက်ပံ့နိုင်ဖို့ ပွင့်လင်းမြင်သာသော၊ ရှင်းလင်းပြတ်သားသော စီးပွားရေးဆိုင်ရာမူဝါဒတွေ၊ နည်းဥပဒေတွေကို ဆောင်ရွက်ဖို့ လိုအပ်နေပါတယ်၊ မြန်မာနိုင်ငံက အခြားဒေသတွင်း ဈေးကွက်တွေနဲ့ နှိုင်းယှဉ်ရင် စီးပွားရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု အားနည်းနေတာကို တွေ့ရပါတယ်" ဟု ပြောသည်။

အဆိုပါစစ်တမ်းကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အမှုဆောင်အရာရှိချုပ်များနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များ၊ အုပ်ချုပ်သူ တစ်ထောင်ခန့်ကို စစ်တမ်းကောက်ယူထားခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-Victory Gabriel**



# ကျေးရွာအစည်းအဝေးခန်းမနှင့် လမ်းဖွင့်ပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဈေးညောင်ပင်ကြီးကျေးရွာတွင် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က ကျေးရွာအစည်းအဝေးခန်းမနှင့် ပေ ၅၀၀ အရှည်ရှိ လမ်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ တိုင်းဒေသကြီးနှင့်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကိုရီးယားစေတနာ့ဝန်ထမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်တို့က အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက တိုင်းရင်းသူ အမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၃ ကျောင်းတွင် အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ သင်တန်းအောင်မြင်ပြီးသည့် သင်တန်းသူ ၇၈၁၀၀ အနက် ၂၁၄၅ ဦးကို ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ သင်ကြားပေးခဲ့ပြီး အထည်ချုပ်စက်ရုံ ၂၄ ရုံ၌ ၂၀၉၈ ဦး ဝင်ရောက် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တိုင်းရင်းသူ ၁၀၀ အား ဇန်နဝါရီ ၂ ရက်မှ ၁၉ ရက်အထိ အခမဲ့ လေ့ကျင့်သင်ကြားပေးပြီး သင်တန်းဆင်း တိုင်းရင်းသူ ၉၅ ဦးကို အထည်ချုပ်စက်ရုံ သုံးရုံသို့ ခွဲဝေ၍ လုပ်ငန်းတာဝန်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ရန်ကုန်တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်းတိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးသည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ အလုပ်သမား အသိအမှတ်ပြု ကတ်ပြားများကို သင်တန်းဆင်းတိုင်းရင်းသူများထံ ပေးအပ်ပြီး အထည်ချုပ်စက်ရုံများမှ သင်တန်းဆင်း တိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ကာ အထည်ချုပ်လုပ်ငန်းရှင်များ ကိုယ်စား တာဝန်ရှိသူတစ်ဦးက အလုပ်သမားရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၉

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### ကိုရီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာမွန်ဂျေအင်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်မြန်မာနိုင်ငံပြည်သူများထံသို့ နွေးထွေးလှိုက်လှဲစွာဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံသည် ကျယ်ဝန်းသည့်နယ်ပယ်ဧရိယာတို့တွင် နီးကပ်စွာချစ်ကြည်ရင်းနှီးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို နှစ်များစွာကြာအောင် တည်ဆောက်လာခဲ့ကြပါသည်။

နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းပြီး အနာဂတ်စီးပွားဖွံ့ဖြိုးတိုးတက်မှုများရရှိစေမည့် နည်းလမ်းများဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားနိုင်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ပြည်သူများ၏ ကောင်းကျိုးချမ်းသာနှင့် ပျော်ရွှင်ဝမ်းမြောက်အောင် ဆောင်ကြဉ်းနိုင်ပြီး နှစ်နိုင်ငံ အပြန်အလှန်နားလည်မှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို ပိုမိုလေးနက်ခိုင်မာစေနိုင်ရန် မျှော်လင့်ထားပါသည်။အဆွေတော် ကျန်းမာပျော်ရွှင်၍ အောင်မြင်မှုများရရှိပြီး မြန်မာနိုင်ငံကောင်းကျိုးစီးပွားများ ရေရှည်တိုးတက်ဖြစ်ထွန်းပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည် ဟူ၍ ဖော်ပြထားပါသည်။

### သြစတြေးလျနေသဟာယနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဘုရင်ခံချုပ် ဗိုလ်ချုပ်ကြီး ဆာပီတာ ကော့စ်ဂရု(ငြိမ်း)က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ နှစ်( ၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ သြစတြေးလျအစိုးရနှင့် ပြည်သူများနှင့်အတူ ကျွန်ုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပေးပို့အပ်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၅ခုနှစ် သမိုင်းဝင်ရွေးကောက်ပွဲအပြီးတွင် ကျွန်ုပ်တို့ နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်လာခဲ့ပါသည်။ ပြီးခဲ့သည့် ဇူလိုင်လနှင့် နိုဝင်ဘာလတို့တွင် မြန်မာနိုင်ငံမှ ပါလီမန်လွှတ်တော်အဖွဲ့ဝင်များကို သြစတြေးလျသို့ စေလွှတ်ခဲ့မှုကို ကျွန်ုပ်တို့အနေဖြင့် ကြိုဆိုပါသည်။ အပြန်အလှန်အနေဖြင့် ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံသို့ သြစတြေးလျပါလီမန်လွှတ်တော်အဖွဲ့ဝင်များကို စေလွှတ်ခဲ့ပါသည်။ သြစတြေးလျနိုင်ငံ-အာဆီယံနိုင်ငံ ပူးပေါင်းဆောင်ရွက်သူအနေဖြင့် မြန်မာနိုင်ငံ၏ ကူညီအားပေးခဲ့မှုကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုပါသည်။ ဒေသတွင်း အကြောင်းအရာများတွင်လည်း အတူတကွ နီးကပ်စွာ လက်တွဲဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ် မတ်လတွင် အာဆီယံ-သြစတြေးလျဖိုရမ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့်အတွက် မြန်မာနိုင်ငံကို ကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို သြစတြေးလျနိုင်ငံက ထောက်ခံအားပေးနေပါသည်။ နီးကပ်သည့် ဒေသတွင်းမိတ်ဖက်များဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့သည် ပြုပြင်ပြောင်းလဲရေးနှင့် အပြောင်းအလဲဆိုင်ရာ စိန်ခေါ်မှုကာလတစ်လျှောက် မြန်မာနိုင်ငံနှင့်အတူ လက်တွဲကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်သည် အခြေခံပညာရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ အစိုးရ၏စီမံခန့်ခွဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေလိမ့်မည် ဖြစ်ပါသည်။ နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးသည် လာမည့်နှစ်များတွင် အကျိုးကျေးဇူးများ ဆက်လက်ဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ဆန္ဒပြုလိုက်ရပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

### အစ္စရေးနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အစ္စရေးနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘန်ဂျမင် နေတန်ယာဟုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။ လာမည့်နှစ်သည် တည်ငြိမ်အေးချမ်းမှုနှင့် အကျိုးစီးပွားများ တိုးတက်ဖြစ်ထွန်းမည့် နှစ်တစ်နှစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ဆယ်စုနှစ် ခုနှစ်နှစ်ကျော်ကြာအောင် မြန်မာနိုင်ငံနှင့် ခိုင်မာသည့် မိတ်ဖက်ဖြစ်ရသည့်အတွက် အစ္စရေးနိုင်ငံက ဂုဏ်ယူလျက်ရှိနေပါသည်။ အဆိုပါ နှစ်များတစ်လျှောက်တွင် ကျွန်ုပ်တို့နှစ်နိုင်ငံပြည်သူများ၏ ဆက်ဆံရေးသည် များစွာသောအဆင့်မြင့်အရာရှိများ သွားရောက်လည်ပတ်မှုများဖြင့် ပိုမိုလေးနက်ခိုင်မာစေခဲ့ပြီး စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် နယ်ပယ်ကဏ္ဍများစွာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ပါသည်။ အစ္စရေးနိုင်ငံသို့ လာရောက်လည်ပတ်ရန် အဆွေတော်အား ဖိတ်ကြားအပ်ပါသည်။ အဆွေတော်အား ဂျေရုဆလင်မြို့မှ ကြိုဆိုပြီး ကျွန်ုပ်တို့၏ မိတ်ဖက်ဆက်ဆံရေးကို နောက်ထပ်ပိုမိုခိုင်မာအောင် မည်သို့ဆောင်ရွက်သွားမည်ကို ဆွေးနွေးရခြင်းသည် ကျွန်ုပ်အဖို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ပျော်ရွှင်ဖွယ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနေ့ ဖြစ်ပါစေကြောင်း အစ္စရေးအစိုးရနှင့် ပြည်သူများ ကိုယ်စား ဆန္ဒပြုဆုတောင်းအပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

### ဂျော်ဂျီယာနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဂျော်ဂျီယာနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျော်ဂျီခဘော် ကာရှဗီလီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဂျော်ဂျီယာအစိုးရကိုယ်စား အဆွေတော်ထံသို့ သဝဏ်လွှာပေးပို့ပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းဝင်နေ့ထူးနေ့မြတ် အချိန်အခါသမယတွင် နှစ်နိုင်ငံအကျိုးကို ရှေးရှု၍ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များ၌ ဂျော်ဂျီယာနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် နောင်လာမည့်နှစ်များတွင် ယခုထက် ပိုမိုဖြစ်ထွန်းတိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

အဆွေတော်နှင့် ရင်းနှီးဖော်ရွေသည့် မြန်မာပြည်သူများ အေးချမ်းသာယာပြည့်စုံကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဆက်လက်ဖော်ပြထားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရွှေစက်တော်ဘေးမဲ့တော၌ ၁၀ နှစ်တာကာလအတွင်း ရွှေသမင်ကောင်ရေနှစ်ဆနီးပါး တိုးပွားလာ

**မင်းဘူး ဇန်နဝါရီ ၁၉**

မြန်မာ့မျိုးစိတ်ရွှေသမင် (Rucervus eldii)အား ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၁၇ ခုနှစ် မတ်လတွင် စာရင်းများကောက်ယူခဲ့ရာ ၁၀ နှစ်တာကာလအတွင်း ရွှေသမင်ကောင်ရေနှစ်ဆနီးပါး တိုးပွားလာကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ရွှေသမင်ဟာ ကမ္ဘာတစ်ဝန်းမှာ မြန်မာနိုင်ငံမှာပဲတွေ့ရပြီး ရွှေစက်တော်နဲ့ ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွေမှာပဲ အများဆုံးတွေ့နိုင်တဲ့ မြန်မာ့မျိုးစိတ်ဖြစ်ပါတယ်၊ နှစ်တစ်နှစ်ရဲ့မတ်လနောက်ဆုံးပတ်မှာ ရွှေသမင်စာရင်းတွေ ကောက်ယူပါတယ်၊၂၀၁၇ ခုနှစ် မတ်လနောက်ဆုံးကောက်ယူခဲ့တဲ့ စာရင်းအရ သမင်ကောင်ရေစာရင်း တွက်ချက်မှု ၁၄၅၆ ကောင် ဖြစ်ပြီးတော့ ပိုနိုင်၊ လျော့နိုင်တဲ့ အရေအတွက် ပမာဏက ၂၂၄ ကောင်ပါ၊ ၂၀၀၈ ခုနှစ်မှာ စာရင်းအရ ရွှေသမင် ၈၀၀ ကျော်ပဲ ရှိခဲ့ပါတယ်"ဟု ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးအုန်းလွင်က ပြောသည်။

၁၀ နှစ်တာအတွင်း ကောက်ယူသော စာရင်းများအရ ၂၀၀၈ ခုနှစ်တွင် ၈၂၆ ကောင် ၊ ၂၀၀၉ ခုနှစ်တွင် ၁၀၂၃ ကောင် ၊ ၂၀၁၀ ပြည့်နှစ်တွင် ၁၀၅၈ ကောင်၊၂၀၁၁ ခုနှစ်တွင် ၁၁၀၃ ကောင်၊ ၂၀၁၂ ခုနှစ်တွင် ၁၀၇၅ ကောင်၊ ၂၀၁၃ ခုနှစ်တွင် ၁၂၁၁ ကောင်၊ ၂၀၁၄ ခုနှစ်တွင် ၁၂၇၁ကောင်၊ ၂၀၁၅ ခုနှစ်တွင် ၁၄၈၃ ကောင်၊ ၂၀၁၆ ခုနှစ်တွင် ၁၅၇၉ ကောင်၊ ၂၀၁၇ ခုနှစ်တွင် ၁၄၅၆ ကောင်တို့ကို ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး၌ မှတ်တမ်းတင်ထားရှိခဲ့သည်။

"သမင်တွေ မနက်စောစော အစာရှာတဲ့အချိန်မနက် ၆ နာရီဝန်းကျင်လောက်မှာ စာရင်းကောက်တာ လုပ်ပါတယ်၊ စာရင်းကောက်အဖွဲ့ လေးဖွဲ့နဲ့ တစ်ဖွဲ့ကို လေးဖာလုံခြားပြီး အရှေ့အနောက် မျဉ်းဖြောင့်အတိုင်း စာရင်းကောက်လိုင်း သတ်မှတ်ပါတယ်၊ ၂ နာရီကြာအောင် လမ်းလျှောက်ပါတယ်၊ သတ်မှတ်လိုင်းကနေ ဒီဂရီဘယ်လောက်မှာ ဘယ်နှကောင်တွေ့တယ်၊ အထီးလား၊ အမလား၊ အမျိုးအမည် မခွဲခြားနိုင်ဘူးလား၊ ကလေးပါသလား စာရင်းမှတ်တယ်"ဟု တောအုပ် ဦးဝင်းနိုင်က သမင်စာရင်းကောက်ယူမှုပုံစံကို ပြောသည်။

ဝန်ထမ်းအင်အား ၂၂ ဦးခန့်ဖြင့် ၁၀ ရက်ကြာ စာရင်းကောက်ယူပြီး တွေ့ရှိရသည့် ကောင်ရေ၊ တည်နေရာများကို King's Method တွက်ချက်မှုပုံစံထဲသို့ ထည့်ကာ ရှိနိုင်သည့် ကောင်ရေစာရင်းကို တွက်ချက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် မတ်လ နောက်ဆုံးပတ်တွင် ရွှေသမင် စာရင်းများ ကောက်ယူသွားရန်ရှိကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

၂၀၁၇ခုနှစ်တွင် ရွှေသမင်ကောင်ရေ စာရင်းကောက်ယူနေစဉ်အတွင်း သမင်ထောင်သည့်ကွင်းများတွေ့ရ၍ ဖြုတ်ခြင်း၊ သိမ်းဆည်းခြင်းများ လုပ်ဆောင်ခဲ့ရကြောင်း၊ သမင်မုဆိုးများအား သုံးကြိမ်ခန့် အရေးယူနိုင်ခဲ့ပြီး နီးစပ်ရာကျေးရွာများတွင် ပညာပေးခြင်းများ လုပ်ဆောင်နေသဖြင့် သမင်ကွင်းထောင်ဖမ်းဆီးမှုများလည်း ကျဆင်းလာကြောင်း စာရင်းကောက်ယူရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ထပ်မံဖြည့်စွက်

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**
**အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင်-

(က) ပုဒ်မ၁၆ ပုဒ်မခွဲ(ပ)၏နောက်၌ ပုဒ်မခွဲ(ဏ)နှင့် (တ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဏ) လိုအပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် အစိုးရ၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေမှုများအား စစ်ဆေးခြင်း၊"

**(တ) မည်သည့်ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအတွက် ရုံးအမိန့်ထုတ်ပြန်ရန် ဆောင်ရွက်ခြင်း၊**

(ခ ) ပုဒ်မ ၁၆ ၏မူလပုဒ်မခွဲ(ဏ)ကို ပုဒ်မခွဲ(ထ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

# မရမ်းကုန်းရေတံခါးတူးမြောင်း ပင်လယ်ဝအထိ တူးဖော်ရေးလုပ်ငန်း ပြီးစီးတော့မည်

**သုဝဏ္ဏဝတီ ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပင်လယ်နားနီးသော အောက်ကွင်းကျေးရွာအုပ်စုများရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးနှင့် မရမ်းကုန်းရေတံခါးမှ ရေဆွဲအားကောင်းမွန်စေရေးအတွက် ၂၀၁၇-၂၀၁၈ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၅၀ ဖြင့် ကျေးရွာအုပ်စု ငါးအုပ်စု စုပေါင်း၍ ရေနုတ်မြောင်းတူးဖော်နေမှုကို ဇန်နဝါရီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တူးမြောင်းအရှည်မှာ ပေ ၅၂၀၀ (တစ်မိုင် ကျော်ခန့်) အကျယ် ၃၂ ပေ၊ အနက် ၁၃ ပေရှိပြီး မရမ်းကုန်း



ပင်လယ်ဝအထိ တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မရမ်းကုန်းရေတံခါးတူးမြောင်းကို တွေ့ရစဉ်။

ရေတံခါးတူးမြောင်းမှ ပင်လယ်ဝထွက်ပေါက်အထိ ကွေ့ကောက်နေသော တူးမြောင်းအား အဖြောင့်တူးဖော်ခြင်းဖြစ်၍ ရေစီးရေလာ ကောင်းမွန်ပြီး အောက်ကွင်းဒေသ လယ်မြေဧက လေးသောင်းခန့်ကို နှစ်စဉ်ရေကြီးနစ်မြုပ်မှုများမှ လျော့နည်းစေမည့်အပြင် ယခင်က တစ်ဧက ၁၅/၂၀ တင်းသာ ထွက်ရှိခဲ့ပြီး စပါးအထွက်တိုးစေမည့် အကျိုးတရားများ ရရှိမည်ဖြစ်ကြောင်း ဆိပ်ကျွန်းကျေးရွာမှ ဦးမောင်ထွန်းမြင့်က ပြောသည်။

"အစိုးရက ငွေကျပ် သိန်း ၂၅၀ ချထားပေးပေမယ့်လည်း လုံလောက်မှုမရှိရင် ကျွန်တော်တို့ လယ်သမားတွေစုပေါင်းပြီး လူအား၊ ငွေအားနဲ့ ပြီးဆုံးအောင်ဆောင်ရွက်ပါမယ်၊ အခုဆိုရင် ပေတစ်ထောင်ကျော်လောက်ပဲ ကျန်တော့မယ်၊ မကြာခင် ပြီးစီးတော့မှာပါ"ဟု တူးမြောင်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဘသိန်း (မရမ်းကုန်းကျေးရွာ)က ပြောသည်။

အဆိုပါ တူးမြောင်းတူးဖော်ဆောင်ရွက်နေသည့်နေရာသို့ ဒေသခံပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတေဇာကြည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးလွင်နှင့် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အတူ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ကူညီထောက်ပံ့ပေးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**မောင်တော ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အထူးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုး အောင်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် မောင်တောခရိုင်အတွင်းရှိ လှုဖိုးခေါင်ကြားစခန်း၊ ငါးခူရနှင့် တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းများသို့ သွားရောက်၍ နေရပ်စွန့်ခွာသူ များ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကူညီထောက်ပံ့ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယ ဝန်ကြီး ဦးခင်မောင်တင် နှင့် ဦးစိုးအောင် နှင့်အဖွဲ့ လှုဖိုးခေါင် ကြားစခန်း၌ တည်ဆောက်နေမှု အခြေအနေများ ကြည့်ရှု စစ်ဆေးစဉ်။ သတင်းစဉ်

**နှစ်နိုင်ငံသဘောတူညီချက်အရ**

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံမည့် လှုဖိုးခေါင်ကြားစခန်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်အရ ဇန်နဝါရီ ၂၃ ရက်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းအတွက် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန်၊ ဆေးခန်းအပါအဝင် ရေ၊ မီး၊ မိလ္လာ စသည့်အခြေခံလိုအပ်ချက်များ ပြည့်စုံစေရန် မှာကြားခဲ့ကြသည်။

ထို့နောက် ငါးခူရယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး ယာယီလက်ခံရေးစခန်း ဆောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးစိုးအောင်နှင့်အဖွဲ့ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း၌ ဆောက်လုပ်ထားမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်း**

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းသို့ရောက်ရှိကြပြီး စခန်းများဆောက်လုပ်နေမှုအခြေအနေ၊ မြေနေရာအနေအထား၊ လုံခြုံရေးအခြေအနေ၊ ဝန်ထမ်းအိပ်ဆောင်များ ဆောက်လုပ်ထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မောင်တောမြို့ မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြန်လည်စိစစ်လက်ခံရေးနှင့် UEHRD လုပ်ငန်းစဉ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင်နှင့် ဒုတိယဝန်ကြီးဦးစိုးအောင်တို့က ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များ အောင်မြင်ရေး ဆွေးနွေး မှာကြားကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြန်လည်လက်ခံရေးစခန်းများ၏ လိုအပ်ချက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်လက်ခံရေးစခန်း၌ ဆောင်ရွက်နေမှုအခြေအနေများအား သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြသည်။

**အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ - အောင်မင်း**

# ကျောက်ဖြူမြို့ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**ကျောက်ဖြူ ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျောက်ဖြူမြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ဇန်နဝါရီ ၁၆ ရက်မှ ယနေ့အထိ အခမဲ့ စစ်ဆေးခွဲစိတ်ကုသပေးခြင်းကို ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာနီလာသိန်း ဦးဆောင်သော ကျွမ်းကျင်ပညာရှင် ၂၇ ဦး၊ စစ်တွေဆေးရုံမှ ဆရာဝန်နှင့် သူနာပြု သုံးဦး၊ အမ်းဆေးရုံမှ ဆရာဝန်နှင့် သူနာပြုနှစ်ဦးနှင့် ကျောက်ဖြူဆေးရုံမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ မျက်စိဝေဒနာရှင်များအား ဇန်နဝါရီ ၁၆ ရက်က မျက်စိဝေဒနာရှင် ၆၅၀၊ ဇန်နဝါရီ ၁၇ ရက်က မျက်စိဝေဒနာရှင် ၅၂၅ ဦး၊ ဇန်နဝါရီ ၁၈ ရက်က မျက်စိဝေဒနာရှင် ၂၀၀ ကျော်တို့အား လိုအပ်သည်များ ကုသဆောင်ရွက်လျက်ရှိရာ သုံးရက်အတွင်း မျက်စိခွဲစိတ်လူနာ စုစုပေါင်း ၂၁၃ ဦးအား ခွဲစိတ်ပေးလျက်ရှိပြီး မျက်စိဝေဒနာရှင်များအား လိုအပ်သော ဆေးဝါးများနှင့် မျက်မှန်များ၊ လာရောက်ပြသသောလူနာများအား မနက်၊ ညနေ ထမင်းထုပ်များ ဝေငှပေးခြင်းကို အလှူရှင် MCM Co.,Ltd. မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# သံတွဲမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သံတွဲ ဇန်နဝါရီ ၁၉**

သံတွဲမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက်က ခမောင်းတုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် မူခင်းကျဆင်းရေးဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ရွှေလေ့နယ်မြေစခန်းမှူး ရဲအုပ်မောင်မောင်လေးက မူခင်းကျဆင်းရေးဆိုင်ရာ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုဆိုင်ရာများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မစ္ဆနဒီ ကိုယ့်အားကိုယ်ကိုး တံတားဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဂွ ဇန်နဝါရီ ၁၉**

ဂွမြို့နယ် ဒေါင်းချောင်းကျေးရွာအုပ်စု ပေါက်တူးကွင်း-ဆားချက်ကွင်းရွာချင်းဆက် မစ္ဆနဒီ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတား ဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက မစ္ဆနဒီတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ချောင်းသာကြီး ကျောင်းထိုင်ဆရာတော် ဦးဝိဝေကနန္ဒက မစ္ဆနဒီကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်ခြင်းအကြောင်း ရှင်းလင်းပြောကြားကာ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားသည်။

အဆိုပါတံတားမှာ အရှည် ပေ ၂၆၀၊ အကျယ် ၁၀ ပေရှိ သစ်သားတံတားဖြစ်ကာ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားတည်ဆောက်ပြီးစီးသွားသဖြင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအလွယ်တကူသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ သရေကုန်းဘောင် (တိုင်းရင်းသား) ကျေးရွာတွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ငါးခူရ (ရေနှော) ကျေးရွာတွင် နွားနှစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားလေးကောင်နှင့် ဆိတ်လေးကောင်တို့ကို ကာကွယ်ကုသ ဆောင်ရွက်ပေးခဲ့ပြီး



ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၈၉ ကောင်နှင့် ဆိတ် ၇၅၈ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်တွင် ငလျင်ဆိုင်ရာအထောက်အထားများ သုတေသနပြုလုပ်၊ လွန်ခဲ့သည့် နှစ် ၅၀၀ ခန့်က ငလျင်လှုပ်မှုကြောင့်ဖြစ်ပေါ်လာသည့် ပြတ်ရွေ့ကြောများတွေ့ရှိဟုဆို

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကံလှ ကျေးရွာဟောင်းအနီး ကြာကန်၏ အရှေ့ဘက်မြေနေရာ နှင့် ငွေလျှံကုန်းကျေးရွာအနီး လယ်မြေ နေရာများတွင် ကွင်းဆင်းတူးဖော် သုတေသနပြုလုပ်ရာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ခန့်က မြေငလျင်လှုပ်ခတ်မှုကြောင့် ပြတ်ရွေ့ကြောများ ရှာဖွေတွေ့ရှိခဲ့ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**သုတေသနလုပ်ငန်းများဆောင်ရွက်**

နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင်၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်း၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်၊ ဟင်္သာတတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာစောငွေခိုင်၊ တောင်ငူတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဒေါက်တာစိုးမင်း အပါအဝင် ဆရာ ဆရာမ ၁၅ ဦးနှင့် စင်ကာပူနိုင်ငံ နန်ယန်တက္ကသိုလ်မှ မြေငလျင်ပညာရှင်တစ်ဦးတို့က နေပြည်တော်စည်ပင်သာယာရေး ကော်မတီနှင့် ပူးပေါင်းကာ ဇန်နဝါရီ ၁၂ ရက်မှစတင်၍ ဇန်နဝါရီ ၂၁ ရက်အထိ နေပြည်တော်တွင် မြေငလျင်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပါမောက္ခ ဌာနမှူး ဒေါက်တာစောငွေခိုင်နှင့်အဖွဲ့သည် လွန်ခဲ့သည့် ငါးနှစ်ခန့်က လည်း နေပြည်တော်တွင် မြေငလျင် သုတေသနလုပ်ငန်းများ



မြေငလျင်ဆိုင်ရာ သမိုင်းအထောက်အထားများ သိရှိနိုင်စေရန် မြေကျင်းများတူးဖော်ခြင်းနှင့် မြေပြင်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။



ပုဗ္ဗသီရိမြို့နယ်အတွင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီနှင့် ဘူမိဗေဒပညာရှင်များ မြေငလျင်ဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်ကြစဉ်။

ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

**ခွင့်ပြုချက်ရရှိရေး ညှိနှိုင်း**

ဒေါက်တာ စောငွေခိုင်ခေါင်းဆောင်သည့် အဖွဲ့သည် သုတေသနပြုလုပ်မည့် ပုဗ္ဗသီရိမြို့နယ် ကံလှကျေးရွာဟောင်းအနီး ကြာကန်၏အရှေ့ဘက်မြေနေရာနှင့် ငွေလျှံကုန်းကျေးရွာအနီး လယ်မြေနေရာများအား လယ်မြေပိုင်ရှင်များထံမှ ခွင့်ပြုချက်ရရှိနိုင်ရေး ညှိနှိုင်းခဲ့ကြပြီးနောက် ဇန်နဝါရီ ၁၆ ရက်တွင် မြေကျင်းများ တူးဖော်ခြင်း၊ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများအား စတင်၍ မြေငလျင်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်း တူးဖော်သုတေသန ပြုလုပ်ခဲ့ရာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀ ခန့်က မြေငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြတ်ရွေ့ကြောများ ရှာဖွေတွေ့ရှိ၍ ဆက်လက်သုတေသနပြုလုပ်လျက်ရှိကြောင်း တောင်ငူတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဒေါက်တာစိုးမင်းထံမှ သိရသည်။

ထပ်မံ၍ မြေမျက်နှာသွင်ပြင်အနေအထားများအား ဒရုန်းများအသုံးပြုပြီး ကောင်းကင်ဓာတ်ပုံများ ရိုက်ကူးရန် အသုံးပြုခွင့်ရရှိရေးကို နေပြည်တော်ကောင်စီသို့ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ပြီး မြေငလျင်ဆိုင်ရာ သမိုင်းအထောက်အထားများ ရှာဖွေတူးဖော်မှု သုတေသနလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# မင်းတပ်မြို့နယ် နှုံးကျေးရွာအနီးတွင် အောက်ချင်းငှက် ၁၂ ကောင် အုပ်စုကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၉**

ချင်းပြည်နယ်ရှိ နတ်မတောင်(ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်အတွင်း SMART နည်းပညာဖြင့် ကင်းလှည့်ထိန်းသိမ်းရေး လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က SMART ကင်းလှည့်ဆောင်ရွက်ခဲ့စဉ် မင်းတပ်မြို့နယ် နှုံးကျေးရွာအနီးတွင် အောက်ချင်းငှက် ၁၂ ကောင်အုပ်စုကိုတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း နတ်မတောင် အမျိုးသားဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။

"နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်အတွင်း SMART နည်းပညာနဲ့ ကင်းလှည့်ထိန်းသိမ်းရေး လုပ်ငန်းတွေကို လစဉ်ဆောင်ရွက်နေပါတယ်၊ ဒီကင်းလှည့် စစ်ဆေးတွေ့ရှိချက်တွေကိုလစဉ် အစီရင်ခံတင်ပြလျက်ရှိပါတယ်၊ ပြီးတော့ သုံးလတစ်ကြိမ် မြို့နယ်အဆင့် တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေ ကာကွယ်ရေးနဲ့ သဘာဝနယ်မြေထိန်းသိမ်းရေးကော်မတီကို တင်ပြဆွေးနွေး အကြံပြုချက်ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်တွေ ကာကွယ်ရေးနဲ့ သဘာဝနယ်မြေတွေ ထိန်းသိမ်းရေးကော်မတီတွေကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်၊ SMART နည်းပညာ အသုံးပြုပြီး ကင်းလှည့်ထိန်းသိမ်းရေး လုပ်ငန်းမှာ ဒေသခံလူငယ် လေးဦးကို ခန့်အပ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်"ဟု နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က ပြောကြားသည်။

နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ် အုပ်ချုပ်လုပ်ကိုင်မှု ငါးနှစ်တာ စီမံချက်ကို Wildlife Conservation Society (WCS)၊ ဌာနဆိုင်ရာများ၊ ဒေသခံများ၏ အကြံပြုချက်များဖြင့် ရေးဆွဲထားပြီး အတည်ပြုချက်ရရှိရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

အောက်ချင်းငှက်အပါအဝင် အခြားငှက်များစာရင်းကောက်ယူခြင်းလုပ်ငန်းကို WCS နှင့် မြန်မာ့ငှက်ဝါသနာရှင်များအသင်းတို့ ပူးပေါင်းကာ ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးခန့်မှန်းအားဖြင့် နတ်မတောင်(ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်တွင် အောက်ချင်းငှက်ကောင်ရေ ၂၀ ခန့်ရှိကြောင်း သိရသည်။



"သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး ဌာနအနေနဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေတွေမှာ ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အခက်အခဲတွေ ကြုံတွေ့ရပါတယ်၊ သစ်ခိုးထုတ်တာတွေ၊ ဓာတ်သတ္တုတူးဖော်တာတွေ၊ ကျူးကျော် နေထိုင်တာတွေ၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်တာတွေ၊ သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းခိုးယူတာတွေ၊ အမဲပစ်တာတွေ ဒါတွေကို ကြုံတွေ့ရတယ်"ဟု ဦးသိန်းလွင်က ပြောကြားသည်။

အောက်ချင်းငှက်များကို ဒေသခံများ တန်ဖိုးထားထိန်းသိမ်းတတ်စေရေးအတွက် ချင်းပြည်နယ်ရှိ မြို့တိုင်းတွင် အောက်ချင်းငှက်များအား ပစ်ခတ်ဖမ်းဆီး သတ်ဖြတ်ခြင်း မပြုလုပ်ရန် ချင်းပြည်နယ် သစ်တောဦးစီးဌာနမှ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူထားကြောင်း သိရသည်။

**သတင်း-ရှင်မင်း**

**ဓာတ်ပုံ - သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန**

*❍ ကျောဖုံးမှ*

ဂိုးပေးလိုက်ရ၍ ရှမ်းအသင်း ပိုမိုရုန်းကန်ခဲ့ရပြီး ၃၃ မိနစ်တွင် ပယ်နယ်တီရခဲ့၍ ကံကောင်းခဲ့ရသည်။ ယင်းပယ်နယ်တီကို ခရစ္စတိုဖာ ကန်သွင်းခဲ့၍ ရှမ်းအသင်း ချေပဂိုးရကာ ပထမပိုင်းတွင် တစ်ဂိုးစီ သရေကျနေသည်။

**ချေပဂိုး ပြန်သွင်း**

ချေပဂိုးပြန်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၂ မိနစ်တွင် ခရစ္စတိုဖာက ဒုတိယဂိုး သွင်းယူခဲ့သည်။

ယင်းနောက်ပိုင်းတွင် ရှမ်းအသင်း ဖိကစားနိုင်သော်လည်း ဂိုးထပ်မသွင်းနိုင်၍ မကွေးအသင်း တိုက်စစ်မြှင့်လာပြီး ၆၄ မိနစ်တွင် စိုးလွင်လွင်က ချေပဂိုး ပြန်သွင်းခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးကို ၈၅ မိနစ်တွင် ခရစ္စတိုဖာက သွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ဒုတိယနေ့ကို ဇန်နဝါရီ ၂၀ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ရခိုင်၊ YUSC ကွင်း၌ ရန်ကုန်နှင့် ဇွဲကပင်၊ အောင်ဆန်းကွင်း၌ မြဝတီနှင့် GFAအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၄ မှ*

ဘက်ကလည်း သူတို့ရဲ့အတွေ့အကြုံအရရှိနေတော့ ကျွန်တော်တို့က အဲ့ဒီအစိုင်အခဲကြီး ပျော်ဝင်သွားအောင် အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ ကျွန်တော်တို့ စလုပ်နေပါတယ်၊ တပ်မှူးတွေ အချင်းချင်းတွေ့ဖို့က သူတို့ကြားထဲမှာ ယုံကြည်မှု တည်ဆောက်နိုင်အောင် ကျွန်တော်တို့က လုပ်နေတာဖြစ်ပါတယ်" ဟု ဒေါက်တာ ရွှေခါးရီက ဖြေကြားသည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ တစ်နှစ်တာဆောင်ရွက်မှုအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း JMC-U အစည်းအဝေး ငါးကြိမ်၊ JMC-S အစည်းအဝေးများကို ၃၉ ကြိမ်၊ JMC-L အစည်းအဝေးကိုမူ ခြောက်ကြိမ် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၇ နိုဝင်ဘာနှင့်ဒီဇင်ဘာလများတွင် JMC-S က ဦးဆောင်၍ လူထုတွေ့ဆုံပွဲ ၁၃ ကြိမ် ပြုလုပ်ခဲ့ကာ ပြည်သူလူထု ၅၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ( JMC-L) ရုံးများကို ရှမ်းပြည်နယ် လင်းခေးနှင့် ကရင်ပြည်နယ် ဖာပွန်တို့တွင် ဖွဲ့စည်းထားပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးအတွက် အရေးကြီးသည့် ဖွဲ့စည်းမှုဖြစ်သောကြောင့် JMC-L ရုံး ၁၀ ရုံးအထိ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ညွှန့်**

# မူးခင်းကျဆင်းရေး ပညာပေးဆွေးနွေး

**သာယာဝတီ ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင် ဦးဆောင်မှုဖြင့် ဇန်နဝါရီလအတွင်း သာယာဝတီမြို့ အထက -၁၊ အထက- ၂ နှင့် အထည်ချုပ်စက်ရုံများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးနိုင်၊ သာယာဝတီမြို့မရဲစခန်းမှူး ဒုရဲမှူး လှသိန်း၊ မူးခင်းပညာပေးပြန်နယာဉ်တာဝန်ခံ ဒုရဲအုပ် အောင်ဇော်မင်းတို့အဖွဲ့က မူးခင်းပညာပေးပြန်နယာဉ်ဖြင့် မူးခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စက်ရုံဝန်ထမ်းများနှင့် လာရောက်လေ့လာကြသော ပြည်သူများကို ပညာပေးဆွေးနွေးကြကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**

လူကုန်ကူးမှုမှန်သမျှ
ဝိုင်းဝန်းပူးပေါင်း
ဆန့်ကျင်ကြ

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းသုံးမျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | MEIYONG Seaweed Super Whitening Extra Whitening & Face Lift | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Hydroquinone(+) Mercury (+) |
| ၂။ | O-White Extra Set Cream Special Formula (Day Cream + Night Cream) | OK Cosmetics Limited Partenership, Thailand | Mercury (+) |
| ၃။ | Dr. YANHEE Skin Care Set (Green Color) | Yong Huad Heng Pte... Thailand (Sole Agent) | Mercury (+) |

၃။ အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



# အင်းစိန်မြို့နယ်၌ အငှားယာဉ်မောင်းအား သတ်သွားသည့်အမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ ကိုကိုနိုင် (ခ)ကိုနိုင်အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်လမ်းမကြီးပေါ်တွင် စိုက်ပျိုးရေးဝင်းရှေ့၌ အငှားယာဉ် အမှတ် BB/---- ယာဉ်မောင်း အားသတ်သည့် အမှုမှ ပြစ်မှုကျူးလွန်သူကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၄ ရက် ည ၉ နာရီခန့်က အငှားယာဉ် အမှတ် BB/------ ယာဉ်မောင်း ဦးထွန်းထွန်းလင်းသည် အင်းစိန်လမ်းမ စိုက်ပျိုးရေးဝင်းရှေ့တွင် ဓားဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံအရောက် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း ဇနီးဖြစ်သူ၏ တိုင်တန်းချက်အရ အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော အထူးအမှုစစ်အဖွဲ့က အငှားယာဉ် ဖြတ်သန်းသွားလာသည့် လမ်းကြောင်းတစ်လျှောက်ရှိ CCTV မှတ်တမ်းများနှင့် သက်သေများ၏ထွက်ဆိုချက်များအရ ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်ကိုသိရှိရပြီး အခင်းဖြစ်နေရာတွင် ကျန်ရှိသော သက်သေခံပစ္စည်းများကို အခြေခံစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာနေ ကိုကိုနိုင်(ခ) ကိုနိုင်ဆိုသူဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

အတည်ပြုချက်အရ ကိုကိုနိုင် (ခ)ကိုနိုင်(၃၃ နှစ်)အား ဇန်နဝါရီ ၁၈ ရက် ည ၁၁ နာရီခန့်တွင် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း ယင်းမာလမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ ၎င်းက အဆိုပါအမှုကို ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

၎င်း၏ ဖော်ထုတ်ချက်အရ အခင်းဖြစ်ည ၈ နာရီကျော်ခန့်က သူငယ်ချင်းဖြစ်သူ မျိုးစန်းဝင်း(ခ) မျိုးကြီးက ၎င်းအား သမိုင်းလမ်းဆုံအနီးရှိ KTV သို့လာရောက်ရန် ဖုန်းဆက်ခေါ်သဖြင့် ညောင်တုန်းလမ်းပေါ်ရှိ DANKO ဓာတ်ဆီဆိုင်ရှေ့တွင် အငှားယာဉ် တစ်စီးအား ငွေကျပ် ၄၀၀၀ ဖြင့် ငှားရမ်းခဲ့ကြောင်း၊ KTV ဆိုင်သို့ တစ်ကြိမ်သာ ရောက်ဖူး၍ မမှတ်မိဘဲ သမိုင်းလမ်းဆုံ မီးပွိုင့်သို့ ကျော်သွားခဲ့သဖြင့် လမ်းကျော်သွားကြောင်းပြောရာမှ အငှားယာဉ်မောင်းက စိတ်တိုပြီး ဆဲဆို၍ ယာဉ်ငှားခပေးရန် ပြောဆိုစဉ် တစ်ယောက်တစ်ခွန်း စကားများခဲ့ကြောင်း၊ စကားများစဉ် အငှားယာဉ်မောင်းက ယာဉ်၏နောက်ခန်းသို့ ကျော်ကူးလာပြီး လုံးထွေးသတ်ပုတ်ခဲ့သဖြင့် အသင့်ပါလာသောဓားဖြင့် အငှားယာဉ်မောင်းအား ထိုးခဲ့ကြောင်း၊ လုံးထွေး သတ်ပုတ်နေစဉ် ကားတံခါးပွင့်သွားပြီး အငှားယာဉ်မောင်းမှာ အောက်သို့ ပြုတ်ကျသွားရာ ၎င်းလည်း ကားပေါ်မှဆင်း၍ ထွက်ပြေးခဲ့ကြောင်း၊ ၎င်း၏ နောက်မှ လူအုပ်ကြီး လိုက်လာသဖြင့် ဓားမြှောင်နှင့်ဓားအိမ်ကို လမ်းတွင်လွှင့်ပစ်ခဲ့ကြောင်း၊ လူအုပ်ကြီးမှာ ဆက်လက်လိုက်ရှာနေသဖြင့် ထွက်ပြေးစဉ် ရေမြောင်းတစ်ခုအတွင်း ပြုတ်ကျခဲ့ပြီး ပုန်းအောင်းနေခဲ့ကြောင်း၊ နံနက်လင်းသည့်အခါမှ အငှားယာဉ်တစ်စီးအား ငွေကျပ် ၄၀၀၀ ဖြင့် ငှားရမ်းစီးနင်းလာပြီး ယာဉ်စီးခကို အိမ်ရောက်မှပေးခဲ့ရကြောင်း၊ ၎င်း၏ ကတ္တီပါဖိနပ်တစ်ရံနှင့် Bosch အမျိုးအစား လက်ပတ်နာရီတစ်လုံးတို့မှာ အခင်းဖြစ်နေရာတွင် ကျန်ခဲ့ကြောင်း၊ အငှားယာဉ်မောင်း၏ SAMSUNG ဖုန်းကို ယူလာခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းခဲ့ပြီး ကိုကိုနိုင်(ခ) ကိုနိုင်အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက ဘိန်းဖြူ ၆၉၃ ကီလိုနှင့် စိတ်ကြွရူးသွပ် ဆေးပြား ၄၂၀၀၀ သယ်ဆောင်လာသူ နှစ်ဦးအား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ ရဲအုပ်ဖန်အောင် ဦးစီး ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနား-ရွှေဘိုသွား လမ်းမပေါ်ရှိ ၂၁ မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စောင့်ဆိုင်းနေစဉ် မြစ်ကြီးနားဘက်မှ မိုးကောင်းမြို့ဘက်သို့ မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာနေ တူးအောင်(၂၂နှစ်)မောင်းနှင်ပြီး မူဆယ်မြို့နယ် ဖာဖိတ်ကျေးရွာအုပ်စု ပန်ကျုံကျေးရွာနေ ဇော်ဘောက်အောင်(၂၃ နှစ်) လိုက်ပါလာသည့် (YGN-6A/---) PAJERO DGI ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၆၉၃ ဂရမ် ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၅၅၄၄၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၁၂၆၀၀၀၀၀ စုစုပေါင်း မူးယစ်ဆေးဝါးတန်ဖိုး ကျပ်သိန်းပေါင်း ၁၈၀၀ ကျော်နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ဖုန်းနှစ်လုံးတို့အား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တူးအောင်၊ ဇော်ဘောက်အောင်နှင့် ဖမ်းဆီးရမိခြင်း မရှိသေးသူ အောင်ဆိုင်းဂျာ၊ လဖိုင်ဇော်တန်တို့ လေးဦးအား မြစ်ကြီးနားမြို့မ ရဲစခန်းတွင် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ )**

# သဃ်န်းကျွန်းမြို့နယ်၌ လူနေအိမ် ၂၄ ခန်း မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ယုဝလမ်းရှိ အိမ်ရှင်စန်းမင်း(ခ)ယူနွတ် (၃၈နှစ်)နေအိမ်မှ စတင်၍ ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ရာ လူနေအိမ်ခန်း ၂၄ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ ဦးဆောင်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း ပါဝင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၀၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၉ ဦးတို့နှင့် မီးငြှိမ်းသတ်ယာဉ် ၄၉ စီး၊ အထောက်အကူပြုယာဉ် ၁၂ စီး၊ ကွပ်ကဲမှုယာဉ် ခုနစ်စီး၊ သူနာပြုယာဉ်နှစ်စီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးကိုကိုဦးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ကြရာ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် စုစုပေါင်း လူနေအိမ်ခန်း ၂၄ ခန်း မီးလောင်ခဲ့ပြီး အိမ်ထောင်စုဝင်မိသားစုများ ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အရေးယူနိုင်ရန် သုဝဏ္ဏနယ်မြေရဲစခန်းက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

# ယာဉ်ပေါ်တွင် ဖုံးအုပ်သယ်ဆောင်လာသည့် ပိတောက်ခားရွေတုံးများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၀၈ စီး၊ သွင်းကုန် ၉၈၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ကုန်ပစ္စည်းများအား စစ်ဆေး**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက် လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၄၇ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၄၁၇ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁ ဒသမ ၂၆၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**စစ်ဆေးတွေ့ရှိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၈ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၅ မိုင်၊ မိုင်းလီကျေးရွာအနီး၌ ရပ်တန့်ထားသော Crown Royal Saloon မော်တော်ယာဉ်အားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စောင်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၁၉ တုံး ဝ ဒသမ ၅၁၅၈ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၀၄၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်တွင် ဆီဘောက်ဆာယာဉ်ချင်း အရှိန်လွန်တိုက်မိ

**ရေတာရှည် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့ တုံးခေါင်းကျေးရွာနှင့် ဒေဝသာစည် ကွက်သစ်အကြား ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင် ၂၀၅/၅ နှင့် ၆ အကြားတွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့် ဆီဘောက်ဆာယာဉ်နှစ်စီး အရှိန်လွန်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာသို့ ရဲအုပ် စိန်သောင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ကျော်မင်း (၄၂) နှစ် အမှတ်(၁)ရေအိုးစင်ရပ်ကွက် ချောက်မြို့ မကွေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ဖူဆို(၁၂)ဘီး 9K/------ ယာဉ်သည် အခင်းဖြစ်သည့်နေရာအရောက် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ပြည့်ဖြိုးအောင်(၂၇)နှစ် ဖိုးချစ်ကုန်းရပ်ကွက် မိုးကောင်းမြို့နေသူ မောင်းနှင်လာသည့် နီဆန်း(၂၂)ဘီး 1M/------- ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်းသိရှိရ၍ ယာဉ်မောင်း ကျော်မင်းအား သာဂရနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# တတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၈ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၉**

တတိယအကြိမ် အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၈ ကို ဇန်နဝါရီ ၁၉ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ပြပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပြပွဲတွင် ပြည်တွင်း ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်တွင်းခေတ်မီပရိဘောဂပစ္စည်းများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများနှင့် အာမခံလုပ်ငန်းများ ပါဝင်သည့် ပြပွဲဖြစ်သည်။ ပြပွဲရက်များဖြစ်သည့် ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အတွင်း အိမ်ခြံမြေနှင့် ပတ်သက်၍ သိကောင်းစရာများကို ဆွေးနွေးဟောပြောပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# Miss All Nations ပြိုင်ပွဲတွင် ရှမ်းအလှမယ် နန်းမွေခမ်း ဆုနှစ်ဆု ဆွတ်ခူး



**နေပြည်တော် ဇန်နဝါရီ ၁၉**

တရုတ်နိုင်ငံ နန်ကျင်းမြို့၌ ဇန်နဝါရီ ၁၈ ရက် ညက ကျင်းပခဲ့သည့် Miss All Nations ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု ရှမ်းတိုင်းရင်းသူလေး နန်းမွေခမ်း **(ယာပုံ)** က Miss Eco Tourism ဆုနှင့် Miss Miaoyu ဆုနှစ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်သည် Best in Talent ထိပ်ဆုံး ခြောက်ဦးစာရင်းဝင်အဖြစ် ရွေးချယ်ခံရပြီး ရှမ်းရိုးရာဝတ်စုံ National Costume ကြောင့် ပရိသတ်များအကြား ရေပန်းစား အားပေးခြင်းခံခဲ့ရကြောင်း စေလွှတ်ခဲ့သည့် Miss Goldenland Myanmar Organization မှ သိရှိရသည်။

Miss All Nations ပြိုင်ပွဲကြီး၏ ထိပ်ဆုံးလက်ရွေးစင် ၁၁ ဦး စာရင်းတွင်လည်းပါဝင်ခဲ့ပြီး Miss All Nations Organization ၏ Activity များနှင့် ပွဲအခမ်းအနားများကို ချစ်ကြည်ရေးသံတမန်တစ်ဦးအဖြစ် တက်ရောက်ရန် ထိပ်ဆုံးလက်ရွေးစင်များနှင့်အတူ တရုတ်နိုင်ငံတွင် ၁၀ ရက်ကြာ ဆက်လက်နေထိုင်သွားရမည်ဖြစ်သည်။ **သွန်းဝဿန်**

# KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၄) နောက်ဆုံးနေ့အဖြစ် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် သုံးဂိုးဖြင့်သာ အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယား ဒုတိယနေရာတွင်သာရှိနေပြီး ထိပ်ဆုံးမှ သစ္စာအားမာန်အသင်းကို အမှတ်တူဖြင့် ဖိအားပေးလျက်ရှိသည်။ ဇွဲကပင်အသင်းမှာလည်း အမှတ်ရရန် ရုန်းကန်ခဲ့ရာ မြဝတီအသင်း အားပိုထုတ်ခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၁၇ မိနစ်နှင့် မိနစ် ၉၀ တို့တွင် ဝင်းသိင်္ဂီထွန်း၊ ၅၅ မိနစ်တွင် ရူပါခိုင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၄) အပြီးတွင် သစ္စာအားမာန်နှင့် မြဝတီအသင်းတို့က ၁၀ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ကိုးမှတ်၊ YREO အသင်းက ခုနစ်မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ အား/ကာသိပ္ပံအသင်းက လေးမှတ်၊ ဂန္ဓမာအသင်းက တစ်မှတ်ရထားပြီး တက္ကသိုလ်အသင်းမှာမူ လေးပွဲစလုံး ရှုံးနိမ့်ထားသည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်စီးတီးကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုအား ၂၀၂၀ပြည့်နှစ်အထိ ရှိသော နှစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဖာနန်ဒင်ဟို (၃၂ နှစ်) သည် ၂၀၁၃ ခုနှစ်တွင် ရှက်တာဒိုးနက်အသင်းမှ ပေါင် သန်း ၃၀ ဖြင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းပြောင်းရွှေ့သည့်နှစ်မှာပင် ပရီမီယာလိဂ်ဖလားနှင့် လိဂ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် ရိုးမားအသင်းမှ ဘော့စနီးယားတိုက်စစ်မှူး အီဒင်ဒီဇီကို(၃၁ နှစ်)နှင့် အီတလီ ခံစစ်ကစားသမား အီမာဆန်ပါမီရီ(၂၃ နှစ်) တို့ကို ခေါ်ယူရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ကစားသမားနှစ်ဦးအတွက် ပြောင်းရွှေ့ကြေး ပေါင် ၇၇ သန်းအထိ ကုန်ကျနိုင်ကြောင်းလည်း သိရသည်။
- အီတလီဘက်ကလာသော သတင်းရင်းမြစ်တစ်ခုတွင် ချယ်လ်ဆီးအသင်းသည် အီဒင်ဒီဇီကို ခေါ်ယူရာ၌ အသက် ၂၄ နှစ်အရွယ် မီချီ ဘတ်ရှူအာရီကို အပြောင်းအရွှေ့ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုလာနိုင်ဖွယ်ရှိကြောင်း ဖော်ပြထားသည်။
- နယူးကာဆယ်အသင်းသည် အဲဗာတန်အသင်း၏ အင်္ဂလန်တောင်ပံကစားသမားဟောင်း အာရွန်လန်နွန် (၃၀နှစ်)နှင့် လက်စတာစီးတီး တိုက်စစ်ကစားသမား စလီမန်နီ(၂၉ နှစ်)တို့ကို အငှားဖြင့်ခေါ်ယူရန် ချိန်ရွယ်နေကြောင်း ရှီးဂက်ဇက်တီဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် ဘတ်ရှီးတပ်စ်အသင်းကလည်း အဆိုပါ လက်စတာစီးတီး တိုက်စစ်ကစားသမား စလီမန်နီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။
- လက်စတာနည်းပြ ကလောက်ဒီဖြူရယ်သည် လေဗာကူဆင်အသင်းမှ အငှားဖြင့် လာရောက်ကစားနေသော အသက် ၂၆ နှစ်အရွယ် ဩစတြီးယား ခံစစ်ကစားသမား ဒရာကိုဗစ်ကို နွေရာသီတွင် အမြဲတမ်းခေါ်ယူ ဖြစ်၊ မဖြစ် စဉ်းစားမည်ဖြစ်ကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ဖော်ပြချက်အရ သိရသည်။
- ဝက်စ်ဘရွန်းအသင်းသည် ဘေဆယ်အသင်းမှ ဆွစ်ဇာလန် ညာနောက်ခံကစားသမား မိုက်ကယ်လန်း(၂၈ နှစ်)ကို ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- အာဆင်နယ်အသင်းသည် ဂျာမနီလက်ရွေးစင် ကစားသမား အိုဇေးလ် (၂၉ နှစ်)နှင့် ကွင်းလယ်ကစားသမား ဝီရှီးယား(၂၆ နှစ်)တို့ကို စာချုပ်သစ်ချုပ်ဆိုရန် နီးကပ်လာပြီဖြစ်ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ဘရိုက်တန်အသင်းသည် ပီအက်စ်ဗွီအသင်းမှ နယ်သာလန်တိုက်စစ်ကစားသမား အသက် ၂၄ နှစ်အရွယ် ဂျာဂျင်လိုကာဒီယာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်း နယ်သာလန်ဘက်ကလာသောသတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။ **ဇော်ဇော်**


### ကန့်ကွက်နိုင်ပါကြောင်း

ဦးပိုင်အမှတ်(၉၉)၊ ရွာဘဲတောင်အကွက်၊ ကွင်းအမှတ်(၁၃-ဒီ)၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပြည်မြို့ရှိ ၀ ဒသမ ၀၄၁၈ဧကခန့်မြေအား ဒေါ်ကြည်ညွန့်၊ ဥက္ကဋ္ဌ၊ အောင်မြန်မာ ရောင်းဝယ်ရေးသမအသင်းထံမှ ဦးဇော်ဝင်းပါ (၂)ဦးမှ ၂၆-၁၀-၂၀၁၇ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ခြင်းအပေါ် မြေဂရန်ခွဲစိတ်ပြီး အမည်ပြောင်းဂရန် ရရှိရေးလျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိက ကြော်ငြာပါသည့်ရက်မှနှစ်ပတ်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဦးဇော်ဝင်းပါ(၂)ဦး**
**ရွာဘဲရပ်၊ ပြည်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ မန်ကျည်းပင်တန်းလမ်း၊ အကွက်အမှတ် ၆၃၊ မန်ကျည်းပင်တန်းအကွက်၊ ဦးပိုင် (၁၁၉)၊ ဧရိယာ ၀ဒသမ ၀၅၀ ဧကရှိ ဂရန်မြေကို ဒေါ်ကျင်ရွှေ၊ဒေါ်နီနီထွန်း အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် ချထားပေးပါရန်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပုသိမ်မြို့နယ်**

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၇-၁-၂၀၁၈ရက်မှ ၂၄-၁-၂၀၁၈ ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၄-၁-၂၀၁၈ရက် ညနေ ၄နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

### ဝန်ထမ်း(အမြန်)အလိုရှိသည်

Business Executive (or) Executive To M.D ကျား/မ (၁)ဦး

* အသက်(၂၃-၃၃)နှစ်အတွင်း ဘွဲ့ရပြီး၊ ဆက်ဆံရေးအထူးကောင်းမွန်သူ၊ ရုပ်ရည်သန့်ပြန့်ရည်မွန်သူ၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့် ထိတွေ့ဆက်ဆံမှု ကျွမ်းကျင်သူ၊ ယုံကြည်ရသူ၊ အလုပ်လုပ်ရာတွင် စိတ်ဝင်စားမှုရှိပြီး စိတ်ချရသူ၊ အခက်အခဲဖြေရှင်းမှုတော်ပြီး အားကိုးရသူ၊ ခိုင်းမှလုပ်တတ်သူမဟုတ်ဘဲ Self initiative ရှိသူ ဦးစားပေးမည်။ ရေရှည်လုပ်နိုင်သူဖြစ်ရမည်။ စကားပြောလိမ်မာချိုသာပြေပြစ် ဆွဲဆောင်ကျွမ်းကျင်သူကို ဦးစားပေးမည်။ အလုပ်လုပ်ရာတွင် နာခံမှုရှိပြီး ပြန်လည်သတင်းပို့တင်ပြတတ်သူဖြစ်ရမည်။ English စာကျွမ်းကျင်သူလည်းဖြစ်ရမည်။

* ပုံမှန်လစာ(၂၅၀၀၀၀/မှ၃၀၀၀၀၀/-)ရက်မှန်(ကြိုးစားမှုပေါ်မူတည်၍ ၁၀၀၀၀၀/)အောင်မြင်မှုပေါ် Bonus ချီးမြှင့်မှုများပါဝင်ပါမည်။

**To Contact Send CV to-Full E-mail & Viber,**
**dr.nangnaynwe@brightdiamondbusiness.com.viber+959799972665**
**ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ**

### အလိုရှိသည်

၄၊၅၊၆၊၇တန်းအင်္ဂလိပ် Grammar နှင့် Speaking(Basic)သင်ပြပေးနိုင်သော စေတနာနှင့် ပရဟိတစိတ်ရှိသော ဆရာမတစ်ဦးအလိုရှိသည်။

**ဖုန်း-၀၉-၂၅၄၃၇၄၂၉၇**
**၀၉-၉၆၂၂၁၂၇၅**

### ပျောက်ဆုံးခြင်း

ဦးသိမ်းမြင့်(ဘ)ဦးမြမောင် ၁၂/ကတန(နိုင်)၀၆၅၁၇၆၏ C.S.M.C လက်မှတ် 648 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **သိမ်းမြင့်**

**ဖုန်း-၀၉-၄၉၂၄၀၇၁၂**

### ကြေညာစာ

ရွှေတောင်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးဆောက်လုပ်ရန်အတွက် ရွှေတောင်မြို့၊ ရန်ကုန်-ပြည်လမ်း(မဒီနာတိုက်ခန်း)နေ ဦးဇေယျာညွန့် ၇/ရတန(နိုင်)၀၈၃၆၈၁ ပိုင်ဆိုင်သည့် သရက်တောရပ်ကွက်၊ ရှမ်းတန်းအကွက် အမှတ်-၂၁၊ ဦးပိုင်အမှတ်-၁၀၉/၅၊ မြေဧရိယာ ဒသမ ၀၆၆ရှိ မြေကွက်ကို ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ ရွှေတောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၉)ရပ်ကွက်၊ ကျော်သူ ၁၉လမ်း၊ တိုက်အမှတ်(၈၇၉-က)၊ အကျယ်အဝန်း(၁၈' × ၅၄')၊ အမြင့်(၁၅')ခန့်ရှိ တစ်ခန်းတည်း(၆)ထပ်တိုက်၏ မြေညီထပ်တိုက်ခန်းထပ်ခိုးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၄၃၇၉၈(နေဝင်းသစ်ဆောက်လုပ်ရေး)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)**
**LL.B, LL.M, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်း၊ မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8B/8205, TM LIGHT TRUCK, P/U(4x2)®ယာဉ်လက်ဝယ်ရှိသူ ဦးတွမ်စိမ်းမို ၁၃/ကခန(နိုင်)၀၁၂၂၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/8608, TOYOTA MARK II GRX 120, SALOON(4x2)® ယာဉ်လက်ဝယ်ရှိသူဦးဇော်ခမ်း ၁၃/မဆတ(နိုင်)၀၄၉၄၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/5921, Toyota Probox NCP 50,S/W(4x2)®ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမမနွယ် ၁၂/ဥကမ(နိုင်)၂၁၃၉၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### ခေတ်မီလှပသောနှစ်ထပ်တိုက်သစ်များ အမြန်ရောင်းမည်

မြောက်ဒဂုံ၊ တော်ဝင်အိမ်ရာ (100'x100') မြေကွက်ပေါ်ရှိ ခေတ်မီ RC(၂)ထပ်၊ ရေ၊ မီး၊ အိပ်ခန်းကျယ်(၆)ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ အဆင့်မြင့်မီးဖိုဆောင်၊ ကားဂိုဒေါင်၊ မြက်ခင်းကျယ်၊ ရေကူးကန်၊ Garcusi, Sauner, အပင်မျိုးစုံ ပါဝင်သော တိုက်အသစ်အား သင့်တော်သောဈေးနှုန်းဖြင့် ရောင်းပါမည်။ (ရောင်းဈေးနှုန်း–၈၀၀၀ သိန်း)

စုံစမ်းရန်ဖုန်း–၀၉ ၂၅ ၂၅၄၆၄၆၈

### ချောင်းသာကမ်းခြေ ဟိုတယ်ရောင်းမည်

ချောင်းသာကမ်းခြေ၊ မိန်းလမ်းမကြီးဘေး အခန်း(၄၀)ရှိ လေးထပ်ဟိုတယ်အား အထူးသက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

စုံစမ်းရန်ဖုန်း–၀၉ ၂၅ ၂၅၄၆၄၆၈

# နယူးမက္ကဆီကိုပြည်နယ် လေယာဉ်ပျက်ကျမှုတွင် ဇင်ဘာဘွေအတိုက်အခံခေါင်းဆောင် ပါဝင်

**ဟူစတန် ဇန်နဝါရီ ၁၉**

နယူးမက္ကဆီကို ပြည်နယ်မြို့တော် ဆန်တာဖဲမြို့ အရှေ့မြောက်ဘက် ၂၀၀ ကီလိုမီတာအကွာရှိ ရက်တန်မြို့တွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျရာတွင် လူငါးဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာအပြင်းအထန် ရရှိခဲ့ကြောင်း နယူးမက္ကဆီကို ပြည်နယ် ရဲတပ်ဖွဲ့မှ မကြာသေးမီက ပြောခဲ့သည်။




သေဆုံးသူများထဲတွင် ဇင်ဘာဘွေ အတိုက်အခံခေါင်းဆောင် ရိုင်ဘန်းနက်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

၎င်းအနေဖြင့် အဆိုပါနေရာသို့ မည်သည့်အတွက်ကြောင့် ရောက်ရှိနေသလဲဆိုသည်နှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိရသေးချေ။

နယူးမက္ကဆီကို- ကိုလိုရာဒိုနယ်စပ် အနီးတောင်တန်းများပေါ်တွင် ပျက်ကျမှုဖြစ်ပွားခဲ့သော ဟူးရေးယူအိတ်ချ်-၁ အမျိုးအစားရဟတ်ယာဉ်ပေါ်တွင် လူခြောက်ဦးလိုက်ပါလာခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ရက်တန် လေဆိပ်အရှေ့ဘက် ၂၅ ကီလိုမီတာ အကွာခန့်တွင် မကြာသေးမီရက်က ပျက်ကျသွားခဲ့ခြင်း ဖြစ်နိုင်ကြောင်း စုံစမ်းစစ်ဆေးသူများက ခန့်မှန်းခဲ့ကြသည်။ လေယာဉ်ပျက်ကျမှု ဖြစ်ပွားချိန်တွင် မြူဆိုင်းနေကြောင်း သိရသည်။

အဆိုပါ လေယာဉ် ပျက်ကျမှုကို စုံစမ်းရန် ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲရေးမှ စုံစမ်းစစ်ဆေးရေးမှူးများ ရောက်လာခဲ့ကြောင်း သိရသည်။

ဟူးရေး ရဟတ်ယာဉ်များသည် အဖွဲ့အစည်းများ၊ အစိုးရရုံးများနှင့် လူများအတွက် ဝန်ဆောင်မှုပေးနေသော ရဟတ်ယာဉ်များဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်၊ အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျ ရေတပ်အရာရှိများ တွေ့ဆုံ

**တိုကျို ဇန်နဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဩစတြေးလျနှင့်ဂျပန်နိုင်ငံတို့မှ ထိပ်တန်းရေတပ်အရာရှိများသည် ဒေသတွင်း၌လွတ်လပ်ပွင့်လင်းသည့် ရေပိုင်နက်ဖန်တီးရန် ကတိကဝတ်ထားရှိမှုကို ထပ်မံအတည်ပြုခဲ့ကြကြောင်း သိရသည်။

အရာရှိလေးဦးတို့သည် အိန္ဒိယနိုင်ငံမြို့တော်နယူးဒေလီ၌ ကြာသပတေးနေ့က ကျင်းပသည့် နိုင်ငံတကာဖိုရမ်တွင် စကားပြောဆိုဆွေးနွေးခဲ့ကြသည်။ ၎င်းတို့မှာ ဂျပန်ကာကွယ်ရေးအင်အားစုမှ ရေတပ်ဗိုလ်ချုပ်ကြီး ကတ်စုတိုရှိကာဝါနို၊ အမေရိကန်ပစိဖိတ်စစ်ရေးညွှန်ကြားမှုအဖွဲ့မှ ရေတပ်ဗိုလ်ချုပ် ဟယ်ရီဟာရစ်၊ အိန္ဒိယနိုင်ငံရေတပ်မတော်အကြီးအကဲ စူနီလန်ဘာနှင့် တော်ဝင်ဩစတြေးလျရေတပ်အကြီးအကဲ ဒုတိယရေတပ်ဗိုလ်ချုပ်တင်မ်ဘာရက်တို့ ဖြစ်ကြသည်။

အဆိုပါ လေးနိုင်ငံတို့သည် တရုတ်နိုင်ငံမှ ရေကြောင်းဆိုင်ရာလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်လာချိန်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရေကြောင်းသွားလာမှုဆိုင်ရာလွတ်လပ်ခွင့်ကို အာမခံပေးနိုင်မည့် လွတ်လပ်ပွင့်လင်းသည့် အင်ဒိုပစိဖိတ်နည်းဗျူဟာကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်ကိုမြှင့်တင်လျက်ရှိသည်။

ဖိုရမ်၌ ရေတပ်ဗိုလ်ချုပ် ကာဝါနိုက လေးနိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း၌ ငြိမ်းချမ်းရေးနှင့် သာယာဝပြောစေရေးအတွက် အလွန်သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း အလေးအနက်ဖော်ပြခဲ့သည်။

ကာဝါနိုက ၎င်းတို့သည် နိုင်ငံတကာဥပဒေများကိုလေးစားလိုက်နာခြင်းမရှိဘဲ လက်ရှိအခြေအနေကို ပြောင်းလဲရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို ဟန့်တားသွားရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။ ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး လန်ဘာနှင့် ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဘာရက်တို့ကလည်း ပူးပေါင်းဆောင်ရွက်ရန်အရေးကြီးကြောင်းအလေးအနက် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# သံရုံးသေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီး အစ္စရေးနိုင်ငံက ဂျော်ဒန်နိုင်ငံကို တောင်းပန်

**အာမန် ဇန်နဝါရီ ၁၉**

၂၀၁၇ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ဂျော်ဒန်နိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံရုံးတွင် ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်ပြီး အစ္စရေးနိုင်ငံက ဂျော်ဒန်နိုင်ငံသို့ တရားဝင်တောင်းပန်လိုက်ကြောင်း မကြာသေးမီတွင် ဂျော်ဒန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

သေနတ်ပစ်ခတ်မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို မထိခိုက်စေလိုသည့်အတွက် ထိုသို့တောင်းပန်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူနှစ်ဦး၏ မိသားစုဝင်များထံသို့လည်း လျော်ကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအမှုနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းသွားမည်ဖြစ်ပြီး တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# ကျောင်းများပေါ် ရဟတ်ယာဉ်ပျံသန်းမှုကို ရှောင်ကြဉ်ရန်ကတိပေးအပ်ခဲ့သော်လည်း အိုကီနာဝါရှိ မူလတန်းကျောင်းပေါ် အမေရိကန်လေယာဉ်များဖြတ်သန်းသွားသည့် ပုံရိပ်များကိုတွေ့မြင်ရ

**တိုကျို ဇန်နဝါရီ ၁၉**

ဂျပန်ကာကွယ်ရေး ဝန်ကြီးသည် အမေရိကန်တပ်မတော် ရဟတ်ယာဉ်သုံးစင်းဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစီရင်စုအတွင်းရှိ မူလတန်းကျောင်းပေါ်သို့ ပျံသန်းဖြတ်ကျော်သွားသည့်ပုံရိပ်များကို လူသိရှင်ကြားဖော်ပြခဲ့ကြောင်း သိရသည်။




ဂျပန်နိုင်ငံရှိ အမေရိကန်အင်အားစုများသည် အနီးအနားရှိ Marine Futenma လေတပ်အခြေစိုက်စခန်းမှ လေယာဉ်များ ကျောင်းများပေါ်မှဖြတ်ကျော်ပျံသန်းခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်သွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် သဘောတူညီမှု ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့်လက အမေရိကန်ရဟတ်ယာဉ်တစ်စင်းပေါ်မှ ပြတင်းတံခါးတစ်ခု ကျောင်းကစားကွင်းပေါ် ကျရောက်လာခဲ့ပြီးနောက်တွင် ထိုသို့သဘောတူညီမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်များ ကျောင်းပေါ်မှ ဖြတ်ကျော်ပျံသန်းခဲ့သည့် ပုံများကို ကျောင်း၏အမိုးထိပ်နှင့် သူငယ်တန်းအနီးတွင်တပ်ဆင်ထားသည့် ကင်မရာများဖြင့် ကြာသပတေးနေ့ ညနေခင်းတွင် မှတ်တမ်းတင်ရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်သုံးစင်း ချဉ်းကပ်ရောက်ရှိလာပြီးနောက် ကျောင်းအဆောက်အအုံပေါ် ကွေ့ဝိုက်ပျံသန်းသွားခဲ့သည်ကို ပုံရိပ်တွင်တွေ့မြင်ရသည်။

မရိန်းတပ်ဖွဲ့အာဏာပိုင်များက ပြီးခဲ့သည့်ကြာသပတေးနေ့တွင် အင်န်အိတ်ချ်ကေသို့ပြောကြားခဲ့သည်မှာ လေယာဉ်ပိုင်းလော့များသည် ကျောင်းပေါ်မှ ပျံသန်းခြင်းကို ရှောင်ရှားခဲ့ကြောင်းနှင့် ယင်းသို့ပျံသန်းခဲ့မှုကို ရေဒါနှင့် ပိုင်းလော့အင်တာဗျူးမှ တစ်ဆင့်အတည်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ထွက်ပေါ်လာသည့် ပုံရိပ်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အမြင်ဆိုင်ရာအတည်ပြု ဆုံးဖြတ်ချက်အရ ရဟတ်ယာဉ်များကျောင်းပေါ် ပျံသန်းခဲ့သည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားနိုင်ငံ အက်ဖရင်းမြို့အတွင်း စစ်ရေးအရ ဝင်ရောက်ဖြေရှင်းရန် တူရကီစစ်တပ်က တင့်ကားများ စေလွှတ်

**အန်ကာရာ ဇန်နဝါရီ ၁၉**

ဆီးရီးယားနိုင်ငံ အက်ဖရင်းမြို့အတွင်း စစ်ရေးအရ ဝင်ရောက်ဖြေရှင်းရန် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် တူရကီစစ်တပ်က ယင်း၏တောင်ပိုင်းနယ်စပ် ဟာတေးပြည်နယ်သို့ ယမန်နေ့က တင့်ကားကိုးစီး စေလွှတ်ခဲ့ကြောင်း နိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဆီးရီးယားကာ့ဒ်ပြည်သူ့စစ်များရှိသည့် အက်ဖရင်းမြို့ဘက်ကို ထိုးစစ်ဆင်တိုက်ခိုက်နိုင်ရန်အတွက် တူရကီစစ်တပ်သည် နယ်စပ်ရှိ တပ်ဖွဲ့များအား အမြင့်ဆုံးတပ်လှန့်ထားကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် ယမန်နေ့က ကာ့ဒ်ပြည်သူ့စစ်များ၏ တိုက်ခိုက်မှုကို တူရကီလက်နက်ကိုင်တပ်ဖွဲ့များက လက်တုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် အမေရိကန်နိုင်ငံက ကျောထောက်နောက်ခံပြုထားသော ကာ့ဒ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို လိုအပ်သော အရေးယူဆောင်ရွက်မှုများလုပ်ဆောင်သွားရန် အမျိုးသားလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

ကာ့ဒ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့သည် မတရားအသင်းအဖွဲ့တစ်ဖွဲ့ဖြစ်သော ကာ့ဒ်အလုပ်သမားပါတီနှင့် ချိတ်ဆက်မှုရှိနေသည်ဟုဆိုကာ ယင်းအား အကြမ်းဖက်အုပ်စုအဖြစ် တူရကီနိုင်ငံက သတ်မှတ်ထားကြောင်း သိရသည်။

တူရကီနိုင်ငံက အက်ဖရင်းမြို့သို့ စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ရန်ယခင်ကတည်းက သတိပေးမှုများပြုလုပ်ခဲ့သော်လည်း ကာ့ဒ်ပြည်သူ့စစ်များ ဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့အားထောက်ပံ့ကူညီမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် တူရကီအနေဖြင့် စစ်ရေးအရ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တပ်ဖွဲ့ဝင် ၃၀၀၀၀ ပါဝင်သည့် အင်အားကောင်းသော နယ်စပ်တပ်ဖွဲ့သစ်ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်သံရုံးကို ယခုနှစ်အတွင်း ရွှေ့ပြောင်းမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်သံရုံးကို ယခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် တဲလ်ဗစ်မှ ရွှေ့ပြောင်းအခြေစိုက်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် ဝန်ကြီးချုပ်၏ ပြောကြားချက်ကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ငြင်းဆန်ခဲ့သည်။ ထရန့်သည်ပြီးခဲ့သည့်လက ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့ပြီး အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းမည်ဟု ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် နေတန်ယာဟုက အမေရိကန်သံရုံးကို ကျွန်ုပ်တို့ထင်ထားသည်ထက်စောနိုင်သမျှ စောစီးစွာ ရွှေ့ပြောင်းလိမ့်မည်ဖြစ်ကြောင်း အိန္ဒိယ၌ သတင်းထောက်များအား ပြောကြားခဲ့သည်ဟု အစ္စရေးသတင်း မီဒီယာက ဖော်ပြထားသည်။

သို့သော် ဗုဒ္ဓဟူးနေ့တွင်ဖော်ပြခဲ့သည့် သတင်းသုံးသပ်ချက်၌မူ ထရန့်က ကြိုတင်အစီအစဉ်ချမှတ်ထားသည့် သံရုံးရွှေ့ပြောင်းမှုကို တစ်နှစ်အတွင်းလုပ်ဆောင်သွားမည်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### မြောက်ကိုရီးယားကို ရုရှားက အကူအညီပေးနေသည်ဟု ထရန့်စွပ်စွဲ

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားက နိုင်ငံတကာစည်းမျဉ်းများကို ချိုးဖောက်ရာတွင် ရုရှားက ကူညီပေးနေသည်ဟု စွပ်စွဲလိုက်ကြောင်း သိရသည်။

ပြုံယမ်းသည် အမေရိကန်ဆီသို့ တိုက်ချင်းပစ်ဒုံးကျည်ကို ပစ်လွှတ်ရန် နီးကပ်လာနေပြီဖြစ်ကြောင်း ထရန့်က သတိပေးပြောကြားခဲ့သည်။

ဗုဒ္ဓဟူးနေ့က ရိုက်တာသတင်းဌာနနှင့်ပြုလုပ်ခဲ့သည့် အင်တာဗျူးတွင် ထရန့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်တာဗျူးတွင် ထရန့်က ရုရှားသည် နောက်ဆုံးတွင်အမေရိကန်ကို ကူညီခြင်းမရှိဘဲ မြောက်ကိုရီးယားနှင့် အတူရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထရန့်သည် အမေရိကန်ကုန်းမြေပေါ်ထိရောက်ရှိနိုင်မည့် မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ဒုံးကျည် ဖွံ့ဖြိုးတိုးတက်လာနိုင်မှုနှင့်ပတ်သက်သည့် အကျပ်အတည်းကိုလည်း အလေးအနက် ဖော်ပြခဲ့သည်။

ယခုအချိန်တွင် အမေရိကန်သို့ ဒုံးကျည်ရောက်ရှိမလာသေး၊ သို့သော် ရောက်ရှိလာရန် လွန်စွာနီးကပ်လာနေပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ရိုက်တာ**

# အီရန်ရေနံတင်သင်္ဘောနစ်မြုပ်မှုရဲ့နောက်ဆက်တွဲအန္တရာယ်

**ကလျာမိုးမြင့်**



ယခုလအတွင်းမှာဖြစ်ပွားခဲ့တဲ့ အီရန်ရေနံတင်သင်္ဘောနဲ့ တရုတ်သင်္ဘောတစ်စင်းတို့ အရှေ့တရုတ်ပင်လယ်အတွင်းမှာ တိုက်မိခဲ့တဲ့ ဖြစ်ရပ်ကို ကမ္ဘာ့အရပ်ရပ်က သတင်းစောင့်ကြည့်ဖတ်ရှုသူများအားလုံးသိရှိပြီးဖြစ်ပါလိမ့်မယ်။ ဒီဖြစ်ရပ်အတွင်းမှာ သင်္ဘောအမှုထမ်းများစွာ အသက်ဆုံးရှုံးခဲ့သလိုနိုင်ငံရဲ့ ရေနံထွက်ကုန်တွေလည်း ယိုဖိတ်ဆုံးရှုံးခဲ့ရပြီး ဆန်ချီရေနံတင်သင်္ဘောကြီးလည်း မီးလောင်ပျက်စီးကာ မျောပါနစ်မြုပ်သွားခဲ့ပါတယ်။ သင်္ဘောအမှုထမ်းတွေရဲ့ မိသားစုဝင်တွေယူကျုံးမရဖြစ်ခဲ့ရပြီး အီရန်ခေါင်းဆောင် အယာတိုလာအလီခါမီနီကလည်း ပင်လယ်ပြင်မှာ အသက်ဆုံးရှုံးသွားကြတဲ့ အမှုထမ်းတွေရဲ့ မိသားစုတွေနဲ့ထပ်တူ ဝမ်းနည်းပူဆွေးခဲ့ပါတယ်။

ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်ဟာ ဒီလောက်နဲ့အဆုံးသတ်သွားပြီလို့ ထင်ရဖွယ်ရှိပေမယ့် ဒီလောက်နဲ့ပြီးမသွားဘဲ နောက်ထပ်စိုးရိမ်ဖွယ်ရာအကြောင်းတစ်ခု ပေါ်ထွက်လာပါတယ်။ အဲဒါကတော့ နစ်မြုပ်သွားခဲ့တဲ့ အီရန်ရေနံတင်သင်္ဘောဟာ ပင်လယ်နေသက်ရှိသတ္တဝါတွေကို ဆိုးဆိုးရွားရွား ထိခိုက်လာစေနိုင်တယ်ဆိုပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေက သတိပေးလိုက်တဲ့ အချက်ပဲဖြစ်ပါတယ်။ အခင်းဖြစ်ပွားရာနေရာမှာ သင်္ဘောကနေ ရေနံယိုဖိတ်မှုဟာ စတုရန်းမီတာ ၅၀ လောက်အထိရှိခဲ့တယ်လို့ ဒေသမီဒီယာက ဖော်ပြထားတဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတွေက ဇန်နဝါရီ ၁၅ ရက်မှာ သတိပေးခဲ့တာဖြစ်ပါတယ်။

အီရန်ကနေ အပေါ့ဆုံး ရေနံအမျိုးအစားဖြစ်တဲ့ ရေနံစိမ်း တန်ချိန်ပေါင်း ၁၃၆၀၀၀ တန်ကို သယ်ဆောင်လာတဲ့ ဆန်ချီရေနံတင် သင်္ဘောဟာ ဇန်နဝါရီ ၆ ရက်မှာ ဟောင်ကောင်မှတ်ပုံတင်ထားတဲ့ CF Crystal ကုန်သင်္ဘောနဲ့ တိုက်မိခဲ့ပြီး အကြီးအကျယ်မီးစွဲလောင်ခဲ့ပါတယ်။အရှေ့တရုတ်ပင်လယ်ပြင်ပေါ်မှာ တစ်ကီလိုမီတာလောက်မြင့်တဲ့ အမည်းရောင် မီးခိုးလုံးကြီးတွေ ပေါ်ထွက်လာခဲ့ပါတယ်။

သင်္ဘောတိုက်မိခဲ့ချိန်ကစပြီး သေဆုံးသူ သင်္ဘောအမှုထမ်း ၃၂ ဦးအနက် သုံးဦးရဲ့ အလောင်းတွေကို သာတွေ့ရှိခဲ့ပါတယ်။မီးလောင်နေတဲ့ သင်္ဘောကို တရုတ်ကယ်ဆယ်ရေး သင်္ဘောတစ်စင်းက မီးငြိမ်းသတ်ဖို့ကြိုးစားခဲ့ပါတယ်။ သင်္ဘောအမှုထမ်းတွေဖြစ်ကြတဲ့ အီရန်နိုင်ငံသားအယောက် ၃၀ နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦးတို့ထဲက အသက်ရှင်လွတ်မြောက်စရာလမ်းစမရှိနိုင်ဘူးလို့ အီရန်အာဏာပိုင်တွေကပြောကြားခဲ့ပြီး သင်္ဘောသားမိသားစုတွေအတွင်းမှာလည်း ဝမ်းနည်းပူဆွေးဒေါသထွက်မှုတွေ ပေါက်ပွားခဲ့ရပါတယ်။

**သမိုင်းမှာအကြီးဆုံးရေနံယိုဖိတ်မှုလား**

သင်္ဘောကနေယိုဖိတ်ခဲ့တဲ့ ရေနံတွေက မီးစွဲလောင်နေတုန်းပဲလို့ တရုတ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက တနင်္လာနေ့မှာ ပြောခဲ့ပါတယ်။ ရေနံယိုဖိတ်မှုဟာ ၁၈ ဒသမ ၅ ကီလိုမီတာလောက်အရှည်ရှိပြီး တနင်္လာနေ့ညနေမှာ အဲဒီနေရာပတ်ပတ်လည် ၇ ဒသမ ၄ ကီလိုမီတာနဲ့အထက် အကျယ်ရှိတယ်လို့ နိုင်ငံပိုင် People's Daily သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ အလက်စကာမှာ အခြေစိုက်နေထိုင်လျက်ရှိတဲ့ ရေနံယိုဖိတ်မှုဆိုင်ရာ ပါရဂူရစ်ချတ်စတိန်နာက ဒီဖြစ်ရပ်ကိုသမိုင်းမှာအကြီးဆုံးသော ရေနံအဆီပြင်တွေ ပတ်ဝန်းကျင်ကိုရောက်ရှိမှုလို့ ခေါ်တွင်လိုက်ပါတယ်။

"ကျွန်တော့်ထင်မြင်ယူဆချက်တွေအရ ရက်သတ္တပတ်တစ်ခုကြာအောင် ပေါက်ကွဲမီးလောင်မှုတွေဖြစ်နေခဲ့ပြီးတဲ့နောက်မှာတော့ သင်္ဘောပေါ်မှာပါတဲ့ ဘယ်ကုန်စည်ပစ္စည်းတွေနဲ့ လောင်စာခန်းတွေကမှ နဂိုအတိုင်းအကောင်းပကတိရှိနေတော့မှာ မဟုတ်ဘူး၊ ဒီတော့ ရေနံအဆီပျစ်တွေနဲ့ လောင်စာတွေအားလုံးပင်လယ်ထဲကို ရောက်ရှိကုန်မှာပဲ"လို့ စတိန်နာက အေအက်ဖ်ပီသို့ ပြောကြားခဲ့ပါတယ်။

သင်္ဘောရဲ့ ရေနံကုန်စည် ၂၀ ရာခိုင်နှုန်းလောက်ပဲ ပင်လယ်ထဲကို ရောက်ရှိခဲ့တယ်ဆိုရင်တောင် ဒါဟာ အလာစကာရဲ့ ဘေးအန္တရာယ်ကျရောက်စေခဲ့တဲ့ ၁၉၈၉ Exxon Valdez ရေနံစိမ်းယိုဖိတ်မှုနဲ့ ပမာဏချင်းတူညီနေဦးမှာဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။

"အများအားဖြင့် ကျွန်တော်တို့သိခဲ့ဖူးတာက တစ်တန်အောက်လျော့တဲ့ ရေနံလောက်ပဲ ယိုဖိတ်မှုရှိတာကိုသိခဲ့တာ၊ တန်ချိန်ပေါင်း ၁၀၀၀ ထက်ကြီးမားများပြားတဲ့ ရေနံတွေ ပင်လယ်သဘာဝပတ်ဝန်းကျင်ထဲကို ယိုဖိတ်သွားသလားဆိုတာကိုတော့ ကျွန်တော်မသိနိုင်တော့ဘူး"လို့စတိန်က ပြောပါတယ်။ ဆန်ချီရေနံတင်သင်္ဘောရဲ့လောင်စာ သိုလှောင်ကန်ဟာ အရည်အသွေးကောင်းတဲ့ ဒီဇယ်တန်ချိန်ပေါင်း ၁၀၀၀လောက်ဝင်ဆံ့နိုင်တယ်လို့ တရုတ်သတင်းမီဒီယာမှာ ဖော်ပြထားပါတယ်။

**အဆိုးရွားဆုံးအခြေအနေ**

တနင်္ဂနွေနေ့မှာတော့ ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံပိုင် ပင်လယ်သမုဒ္ဒရာဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့နဲ့ အကြီးတန်းအင်ဂျင်နီယာ ကျန်ယောင်ရဲ့ ပြောဆိုမှုကို နိုင်ငံပိုင်အသံလွှင့်ဌာန CCTV က ကိုးကားဖော်ပြခဲ့ပါတယ်။ ဆန်ချီသင်္ဘောပေါ်မှာတင်ဆောင်လာတဲ့ အပေါ့စားရေနံဟာ တခြားသော ရေနံအမျိုးအစားတွေထက် ပင်လယ်သမုဒ္ဒရာကို ဆိုးကျိုးသက်ရောက်မှုလျော့နည်းပြီး လူသားတွေကိုလည်း ထိခိုက်မှုနည်းပါးတယ်လို့ ကမ်းလွန်ပင်လယ်ပြင်နဲ့ဘယ်လောက်ဝေးကွာတဲ့နေရာမှာ ဖြစ်ပွားခဲ့တယ်ဆိုတာကို ဖော်ပြရင်း ကျန်ယောင်က ပြောပါတယ်။

ဒါပေမယ့် ဒီထက်ပိုများတဲ့ရေနံပမာဏတွေ မီးလောင်မသွားခင်မှာ သင်္ဘောနစ်မြုပ်သွားမှုဟာ အဆိုးရွားဆုံး အခြေအနေတစ်ရပ် ဖြစ်လာနိုင်တယ်လို့ ပြည်သူလူထုနဲ့ပတ်ဝန်းကျင်ရေးရာအဖွဲ့ အစည်းမှ ဒါရိုက်တာ မာဂျန်က ဂလိုဘယ်တိုင်းမ်သတင်းစာသို့ ပြောကြားခဲ့ပါတယ်။ ဆန်ချီသင်္ဘောပေါ်မှာပါလာတဲ့ အပေါ့ဆုံး ရေနံအမျိုးအစားဖြစ်တဲ့ ရေနံအဆီပျစ်တွေဟာ တခြားရေနံအမျိုးအစားတွေနဲ့ ကွဲပြားခြားနားပြီး ပင်လယ်နေသက်ရှိတွေအတွက်အဆိပ်အတောက်ဖြစ်စေတယ်လို့ မာဂျန်က သတိပေးခဲ့ပါတယ်။

ရေနံစိမ်းနဲ့မတူတဲ့အချက်က ရေနံအဆီပျစ်တွေဟာ ပုံမှန်အတိုင်းပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ရေနံပြင်တွေလို ဖွဲ့စည်းမသွားဘူး။ ဒီလိုဖြစ်ရမယ့်အစား ပင်လယ်ရေမျက်နှာပြင်ကနေ မမြင်နိုင်တဲ့ အဆိပ်သင့်ဟိုက်ဒရိုကာဗွန်တွေကို ရေအောက်သို့ ထုတ်လွှတ်လိုက်တယ်လို့ ဆိုပါတယ်။ အရှေ့တရုတ်ပင်လယ်အတွင်းမှာ ဒီဟိုက်ဒရိုကာဗွန်တွေနဲ့ ထိတွေ့မိတဲ့ ဝေလငါးတွေ၊ လင်းရှူးတွေ၊ ပင်လယ်ပျော်ငှက်တွေ၊ ငါးတွေနဲ့ တခြား ပင်လယ်သတ္တဝါတွေဟာ မြန်မြန်ဆန်ဆန် အသက်ဆုံးရှုံးနိုင်တယ်။ ဒါမှမဟုတ် ကိုယ်ကာယပိုင်းဆိုင်ရာ ယိုယွင်းအားနည်းတာမျိုး၊ မျိုးပွားမှုမအောင်မြင်တော့တာမျိုးနဲ့ နာတာရှည်ရောဂါ စွဲကပ်မှုတွေလိုမျိုး ထိခိုက်စေလောက်တဲ့ ဒဏ်ရာတွေ ရရှိစေနိုင်တယ်လို့ စတိန်နာက သတိပေးခဲ့ပါတယ်။

အဲဒီဒေသဟာ ကြီးမားတဲ့ငါးမျိုးစိတ်များစွာတို့ရဲ့ မျိုးပွားပေါက်ဖွားရာ အရေးပါတဲ့နေရာတစ်ခုလည်း ဖြစ်နေပြီး ငါးမျိုးစိတ်တွေရဲ့ဥတွေနဲ့ သားလောင်းတွေဟာလည်း အဆိပ်သင့်တဲ့ ဓာတ်ပေါင်းတွေကို မလွဲမသွေထိတွေ့မိပြီးလောက်ပြီလို့ ၎င်းကပြောပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်တွေကို ဒီထက်ပိုပြီးမြန်မြန်ဆန်ဆန်ရယူနိုင်ခဲ့ခြင်းမရှိတဲ့အတွက် စတိန်နာက အစိုးရအဖွဲ့တွေကို အပြစ်တင်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်တွေနဲ့ ပတ်သက်ပြီးသိပ္ပံနည်းကျတဲ့ ချင့်ချိန်ဆုံးဖြတ်မှုတွေကို ဘယ်သူကမှ ဦးစီးပြီးလုပ်ဆောင်ခဲ့တာမျိုး မရှိဘူး။ အစိုးရနဲ့ သင်္ဘောပိုင်ရှင်တွေလည်းပဲ ထိခိုက်ပျက်စီးမှုအနည်းအကျဉ်းလောက်ပဲ ရှိခဲ့တယ်လို့ မှားယွင်းစွာနဲ့ အခိုင်အမာကောက်ချက်ဆွဲနေကြတဲ့ပုံစံပဲလို့ စတိန်က မချိတင်ကဲပြောဆိုခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

"အဲဒီဒေသဟာ ကြီးမားတဲ့ ငါးမျိုးစိတ်များစွာတို့ရဲ့ မျိုးပွားပေါက်ဖွားရာ အရေးပါတဲ့ နေရာတစ်ခုလည်း ဖြစ်နေပြီး ငါးမျိုးစိတ်တွေရဲ့ဥတွေနဲ့ သားလောင်းတွေဟာလည်း အဆိပ်သင့်တဲ့ ဓာတ်ပေါင်းတွေကို မလွဲမသွေ ထိတွေ့မိပြီးလောက်ပြီလို့ ၎င်းကပြောပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်တွေကို ဒီထက်ပိုပြီးမြန်မြန်ဆန်ဆန်ရယူနိုင်ခဲ့ခြင်းမရှိတဲ့အတွက် စတိန်နာက အစိုးရအဖွဲ့တွေကို အပြစ်တင်ခဲ့"

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

**စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း**

၄၂၅။ (က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းတစ်ခုတွင် ထည့်သွင်းဖော်ပြရန်အတွက် စာရွက်စာတမ်းတစ်ခုအားလက်ခံရရှိပါက မှတ်ပုံတင်အရာရှိသည် -

(၁) ပုဒ်မခွဲ (ခ) နှင့်အညီ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် အဆိုပါစာရွက်စာတမ်းကို မှတ်ပုံတင်စာရင်းရေးသွင်းရမည်။ ၎င်းအပြင်

(၂) စာရွက်စာတမ်းသည် နှစ်စဉ်အစီရင်ခံစာ မဟုတ်ပါက စာရွက်စာတမ်းကို ပေးအပ်သူထံသို့ မှတ်ပုံတင်ခြင်း ပြုလုပ်ရန်စာဖြင့် ရေးသားအကြောင်း ကြားရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်အရာရှိက လက်ခံရရှိခဲ့သည့် စာရွက်စာတမ်းတစ်ရပ်ရပ်သည်-

(၁) သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာပုံစံရှိခဲ့ပါက ၎င်းပုံစံဖြင့် တင်ပြခဲ့ခြင်း မရှိလျှင် သို့မဟုတ်

(၂) ဤဥပဒေကိုလည်းကောင်း၊ ဤဥပဒေအရ ပြုလုပ်ထားသည့် စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ သို့မဟုတ် အမိန့်ကြော်ငြာစာများကိုလည်းကောင်း လိုက်နာဆောင်ရွက်ထားခြင်းမရှိလျှင် သို့မဟုတ်

(၃) ပုံနှိပ်ထားခြင်း သို့မဟုတ် စက်ဖြင့် ရိုက်နှိပ်ရေးသားထားခြင်း မဟုတ်လျှင် သို့မဟုတ်

(၄) မှတ်ပုံတင်စာရင်းအား အီလက်ထရွန်နစ်နည်းဖြင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ထိန်းသိမ်းထားခြင်းဖြစ်ပါက အီလက်ထရွန်နစ်နည်းဖြင့် တိုက်ရိုက်ဖြည့်သွင်းရေးသားနိုင်သည့် အချက်အလက်ပုံစံဖြင့် ဆောင်ရွက်ထားခြင်း မဟုတ်လျှင် သို့မဟုတ်

(၅) ပြီးပြည့်စုံစွာ ဆောင်ရွက်ထားခြင်းမရှိလျှင် သို့မဟုတ်

(၆) ဖတ်ရှုနိုင်ရန်အတွက် ရှင်းလင်းမှုမရှိသည့် အချက်အလက်များပါဝင်နေလျှင်မှတ်ပုံတင်အရာရှိသည် စာရွက်စာတမ်းကို မှတ်ပုံတင်ခြင်းအား ငြင်းဆိုနိုင်ပြီး အောက်ပါအတိုင်းတောင်းဆိုနိုင်သည်-

(ကက) အဆိုပါ စာရွက်စာတမ်းကို လိုအပ်သလိုပြင်ဆင်ရန် သို့မဟုတ် ပြီးပြည့်စုံစွာဆောင်ရွက်ရန်နှင့် မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံတင်ပြနိုင်ရန် သို့မဟုတ်

(ခခ) ယင်းစာရွက်စာတမ်းအစား အခြားစာရွက်စာတမ်းအသစ်ကို ပြုစုတင်ပြစေရန်။

**စစ်ဆေးကြည့်ရှုရန်အတွက် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများ**

၄၂၆။ (က) သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အဖွဲ့တစ်ရပ်ရပ် သို့မဟုတ် အလားတူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ခွင့်ပြုထားသည့် အခွင့်အာဏာများကို တားမြစ်ကန့်သတ်ခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိသည် -

(၁) အောက်ပါကိစ္စရပ်များအတွက် -

(ကက) ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာတစ်ဦးဦးသည် ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိ စိစစ်ရန် သို့မဟုတ်

(ခခ) ဤဥပဒေအရအပ်နှင်းထားသောယင်း၏ အခွင့်အရေးများ သို့မဟုတ် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန် သို့မဟုတ်

(ဂဂ) ဤဥပဒေအား ချိုးဖောက်သည့်ပြစ်မှုများကို ရှာဖွေဖော်ထုတ်ရန်နှင့်

(၂) အများပြည်သူအကျိုးငှာ ထိုသို့ဆောင်ရွက်ရန်လိုအပ်သည်ဟု မှတ်ပုံတင်အရာရှိက ထင်မြင်လျှင် အောက်ပါတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည်-

(ကက) ပုဂ္ဂိုလ်တစ်ဦးဦး၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ကြီးကြပ်မှုအောက်တွင်ရှိသော သက်ဆိုင်သည့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုနိုင်ရန်အတွက် အဆိုပါစာရွက်စာတမ်းများကို တင်ပြစေခြင်း၊

(ခခ) သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူများကို စစ်ဆေးကြည့်ရှုခြင်းနှင့် ရယူခြင်း၊

(ဂဂ) မိတ္တူများရယူရန်အတွက် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လက်ဝယ်ရယူခြင်းနှင့် ထိန်းသိမ်းထားသည့်နေရာမှ ၎င်းတို့အားရွှေ့ပြောင်းခြင်း၊ သင့်တော်သည့်အချိန်ကာလအတွင်း သိမ်းဆည်းထားခြင်း၊

(ဃဃ) ပြစ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း သက်သေခံအထောက်အထားများရှိသည်ဟု ယုံကြည်ရသည့် သင့်လျော်သော အကြောင်းအချက်များရှိခဲ့လျှင် သင့်လျော်သည့် အခြေအနေအားလုံးတွင် ကာလတစ်ရပ်အထိ သက်ဆိုင်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းထားခြင်း။

(ခ) အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ခြင်းသည် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုအောက်တွင်ရှိသည့် သတ်မှတ်စီစဉ်ထားသည့် ဘဏ် သို့မဟုတ် အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ရပ်ရပ်ဖြစ်သည့်ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ ကျင့်သုံးရခြင်းဖြစ်လျှင် ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာတစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် မည်သူမျှမှတ်ပုံတင်အရာရှိကို သို့မဟုတ် မှတ်ပုံတင်အရာရှိက အခွင့်အာဏာ အပ်နှင်းထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်နှေးစေခြင်း မပြုရ။

(ဃ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိက တရားစွဲဆိုဆောင်ရွက်သင့်သည်ဟု ယူဆလျှင် မှတ်ပုံတင် အရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ကိုထည့်သွင်းစဉ်းစားပြီး တရားစွဲဆိုရန်ဆုံးဖြတ်ပါကတရားစွဲဆိုဆောင်ရွက်ရမည်။ ဤပုဒ်မခွဲသည် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေအရမှတ်ပုံတင်အရာရှိအား အပ်နှင်းထားသည့် အခြားသော အခွင့်အရေးများကို ကျင့်သုံးဆောင်ရွက်ခြင်းအား တားမြစ်ကန့်သတ်ခြင်း မရှိစေရ။

၄၂၇။ မည်သူမဆိုသိလျက်ဖြင့် တမင်-

(က) ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ်စိတ် (ကက) အရ သတ်မှတ်ချက် တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(ခ) ပုဒ်မ ၄၂၆၊ ပုဒ်မခွဲ(ဂ) အား ဆန့်ကျင်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပြစ်မှုတစ်ရပ်စီအတွက် ပေးဆောင်ရမည်။

**မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံဝင်ရောက်ခြင်း**

၄၂၈။ (က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်တစ်ရပ်ကြောင့် နစ်နာသူတစ်ဦးဦးသည် ဆုံးဖြတ်ချက်အား အကြောင်းကြားသည့်နေ့ရက်မှ ၂၈ ရက်အတွင်း ပြည်ထောင်စုဝန်ကြီးထံသို့ အယူခံဝင်ရောက်နိုင်သည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**အခကြေးငွေများ**

၄၂၉။ (က) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ အခကြေးငွေပေးချေရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခြားသော အခကြေးငွေများကို မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရမည်။

(ခ) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ ပေးသွင်းရသည့် အခကြေးငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းရမည်။

**မှတ်ပုံတင်အရာရှိထံသို့ စာရင်းများနှင့် စာရွက်စာတမ်းများကို တင်ပြခြင်း**

၄၃၀။ (က) ကုမ္ပဏီတစ်ခုသည် စာရင်းများ၊ ငွေစာရင်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရန် သို့မဟုတ် အခြားကိစ္စ တစ်ရပ်ရပ်ကို မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားတင်ပြရန်တို့နှင့်စပ်လျဉ်းသည့် ဤဥပဒေအရ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပြီးနောက် အဆိုပါပျက်ကွက်မှုကို ပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြားသည့်နေ့ရက်မှစ၍ ၂၁ ရက်အတွင်း အဆိုပါပျက်ကွက်မှုကို ကောင်းမွန်သည်အထိ ပြင်ဆင်ခြင်း မပြုလျှင် ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကုမ္ပဏီ၏မြီရှင် တစ်ဦးဦးကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ တရားရုံးသို့ တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် ကုမ္ပဏီနှင့် ကုမ္ပဏီ၏အရာရှိများကို တရားရုံးကသတ်မှတ်ပေးသည့် အချိန်ကာလအတွင်း ပျက်ကွက်မှုအား ပြင်ဆင်ရန်ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အဆိုပါ အမိန့်တစ်ရပ်ရပ်တွင် ပျက်ကွက်မှုအတွက် တာဝန်ရှိသောကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏အရာရှိများမှ လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကိုကျခံစေရန်အတွက် သတ်မှတ်ဖော်ပြနိုင်သည်။

(ဂ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အထက်တွင်ဖော်ပြထားသော ပျက်ကွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ကုမ္ပဏီကိုဖြစ်စေ၊ ယင်းကုမ္ပဏီ၏ အရာရှိ များကိုဖြစ်စေ ပြစ်ဒဏ်သတ်မှတ်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဆောင်ရွက်မှုကို ထိခိုက်ခြင်းမရှိစေရ သို့မဟုတ် ဤဥပဒေကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်ကုမ္ပဏီတစ်ခုခု သို့မဟုတ် ကုမ္ပဏီမှအခြားသူတစ်ဦးဦးနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ အရေးယူဆောင်ရွက်မှုတစ်ရပ်ရပ်ကို တားမြစ်ကန့်သတ်ထားခြင်း မရှိစေရ။

(ဃ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ပျက်ကွက်လျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိထံတင်ပြသော စာရွက်စာတမ်းများတွင် လိမ်လည်ထားခြင်းများ ပြုလုပ်ထားလျှင် မှတ်ပုံတင်အရာရှိမှ ထိုကိစ္စနှင့်သက်ဆိုင်သည့် အချက်အလက်များသည်ကုမ္ပဏီ၊ ယင်း၏မြီရှင် သို့မဟုတ် အများပြည်သူ၏အကျိုးစီးပွားကို ကြီးမားစွာထိခိုက်စေကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီသို့ ကုမ္ပဏီ၏ မှတ်ပုံတင်ထားရှိမှုကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ကုမ္ပဏီကပေးချေရမည့် အခကြေးငွေများကို ပေးသွင်းခြင်းနှင့် သတ်မှတ်ဖော်ပြထားသည့် ပြစ်ဒဏ်ပေးဆောင်ခြင်း အပါအဝင် အကြောင်းကြားစာပေးပို့၍ ထိုပျက်ကွက်မှုကို ၂၈ ရက်အတွင်း ကောင်းမွန်သည်အထိ ပြင်ဆင်နိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ဆိုင်းငံ့မှုကို ပြုလုပ်နိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် ဆိုင်းငံ့မှုနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ လျှောက်ထားမှုအပေါ် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် တင်ပြရန်လိုအပ်သည့် နှစ်စဉ်အစီရင်ခံစာ၊ယင်းအတွက်ပေးသွင်းရမည့် အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့်နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေး တို့နှင့်အတူ ပူးတွဲတင်ပြလျှင် နှစ်စဉ်အစီရင်ခံစာကိုတင်ပြရန် ပျက်ကွက်ခြင်းအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏စာရင်းတွင် ကုမ္ပဏီအားပြန်လည်ထိန်းသိမ်းခြင်း သို့မဟုတ်

(၂) ကုမ္ပဏီသည် တင်ပြလျှောက်ထားချက်တွင် စာရွက်စာတမ်းအမှားပြင်ဆင်ထားခြင်းနှင့် မှတ်ပုံတင်အရာရှိမှ အကျိုးအကြောင်းခိုင်လုံစွာ လက်ခံနိုင်သည့် တိကျမှန်ကန်သော သတင်းအချက်အလက်နှင့်အတူ ယင်းအတွက် ပေးသွင်းရမည့်အခကြေးငွေနှင့် သတ်မှတ်ဖော်ပြထားသည့် နောက်ကျကြေး သို့မဟုတ် ဒဏ်ကြေး တို့နှင့်အတူ ပူးတွဲတင်ပြလျှင် လိမ်လည်လှည့်ဖြားခြင်း သို့မဟုတ် မှားယွင်း ကြေညာချက်ပါရှိခြင်းကြောင့် ကုမ္ပဏီ၏အကျိုးစီးပွားကို အဓိကထိခိုက်ပျက်စီးစေနိုင်သော သတင်းအချက်အလက်ပါရှိသော စာရွက်စာတမ်းတင်ပြမှုအတွက် ဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် မှတ်ပုံတင်အရာရှိ၏စာရင်းတွင် ကုမ္ပဏီအားပြန်လည်ထိန်းသိမ်းခြင်း။

(စ) ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ထားခြင်းအား ဆိုင်းငံ့ထားသည့်နေ့မှ နောက်ထပ် ခြောက်လပြည့်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ထိုကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး အဆိုပါအကြောင်းကိစ္စကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။ အဆိုပါ အကြောင်းကြားစာအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပြီးသည့်အခါ ကုမ္ပဏီကိုဖျက်သိမ်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ဒါရိုက်တာနှင့် ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၏ တာဝန်ရှိမှုများရှိခဲ့လျှင် ကုမ္ပဏီကိုဖျက်သိမ်းခြင်း မပြုသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်စေရမည်။

(ဆ) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီရှင်တစ်ဦးဦးက ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကြောင့် နစ်နာသည်ဟုယူဆလျှင် ၎င်းတို့၏ လျှောက်ထားမှုဖြင့် တရားရုံးက ကုမ္ပဏီသည် ထိုသို့ပယ်ဖျက်ခြင်းခံရသည့်အချိန်က စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေခဲ့ကြောင်း သို့မဟုတ် ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြရန်သင့်လျော်သည့် အခြားအကြောင်းများရှိကြောင်းတွေ့ရှိရလျှင် တရားရုံးသည် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းတွင်ပြန်လည်ဖော်ပြရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ၎င်းနောက်ကုမ္ပဏီသည် ယင်း၏အမည်အားပယ်ဖျက်ခြင်း မရှိသကဲ့သို့ ဆက်လက်ရပ်တည်လျက်ရှိသည်ဟု မှတ်ယူရမည်။ တရားရုံးသည် ကုမ္ပဏီ၏အမည်ကို ပယ်ဖျက်ခြင်းမရှိသကဲ့သို့ ကုမ္ပဏီနှင့်မူလနေရာတွင် တာဝန်ရှိကြသော အခြားသူများ အားလုံးအတွက် သင့်သည်ထင်မြင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို အမိန့်ချမှတ်၍ ပေးအပ်နိုင်သည်။

(ဇ) ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များကို ထိခိုက်စေခြင်းမရှိစေဘဲ မှတ် ပုံတင်အရာရှိမှ စာရွက်စာတမ်းများကိုစစ်ဆေးနိုင်သည့် အခွင့်အာဏာများ၊ စုံစမ်းစစ်ဆေးမှုကိုပြုလုပ်နိုင်သည့် အခွင့်အာဏာ၊ ဖျက်သိမ်းပြီးကုမ္ပဏီများကို စာရင်းမှပယ်ဖျက်ရန် ဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် တရားစွဲဆိုမှုများကို ဆောင်ရွက်ရန် ပြုလုပ်ခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် မှတ်ပုံတင်ခြင်းမှ ပြန်လည်ပယ်ဖျက်ခြင်းအပါအဝင် ကုမ္ပဏီအပေါ်ချမှတ်သည့် အမိန့်များကို ဆောင်ရွက်ခြင်း သို့မဟုတ် ဤဥပဒေအရသတ်မှတ်ထားသည့် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ချမှတ်သည့်အမိန့်များကို ဆောင်ရွက်ခြင်းတို့အတွက် အခွင့်အာဏာများအပါအဝင် ပုဒ်မခွဲ (ဃ)နှင့် သက်ဆိုင်စေရမည်။

**မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းမှအကျိုးသက်ဝင်မှုမရှိသော ကုမ္ပဏီများကိုပယ်ဖျက်ခြင်း**

၄၃၁။ (က) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ဖွယ်အကြောင်းရှိလျှင် မှတ်ပုံတင်အရာရှိက ထိုကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းရှိမရှိ မေးမြန်းရန်နှင့် ပြန်လည်တင်ပြရန် အကြောင်းကြားစာတစ်စောင်ကို စာတိုက်မှဖြစ်စေ၊ အီလက်ထရွန်နစ်နည်းတစ်ခုခုဖြင့် ဖြစ်စေ၊ ကုမ္ပဏီသို့ အသိပေးနိုင်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အဆိုပါ ကုမ္ပဏီသို့ ပေးပို့အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါအကြောင်းကြားစာကို ပေးပို့ပြီးနောက် ၂၈ ရက်အတွင်း ဖြေကြားမှုတစ်စုံတစ်ရာကိုမရရှိခဲ့လျှင် အဆိုပါကာလကုန်ဆုံးပြီးနောက် ၆၀ ရက်အတွင်းပထမအကြောင်းကြားစာကို ရည်ညွှန်းလျက် ပုဒ်မခွဲ (က) ပါနည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ ပေးပို့ရမည်ဖြစ်ပြီး ထိုအကြောင်းကြားစာတွင် ဖြေကြားမှုတစ်စုံတစ်ရာမရရှိခဲ့ကြောင်း ဖော်ပြပါရှိစေရမည်။ ဒုတိယအကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၈ ရက်အတွင်း ဒုတိယအကြောင်းကြားစာအပေါ် ဖြေကြားမှုမရရှိခဲ့လျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိကြောင်း ကုမ္ပဏီထံမှဖြေကြားချက်ကို လက်ခံရရှိခဲ့လျှင် သို့မဟုတ် ဒုတိယအကြောင်းကြားစာကို ပေးပို့ပြီးနောက် ၂၈ ရက်အတွင်း ဖြေကြားမှုကို လက်ခံရရှိခြင်းမရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ သုံးလကုန်ဆုံးသည့်ကာလတွင် ကွဲလွဲသည့်အကြောင်း တစ်စုံတစ်ရာမရှိလျှင် ကုမ္ပဏီ၏အမည်ကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီကိုဖျက်သိမ်းမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့်အကြောင်းကြားစာ တစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ပုဒ်မခွဲ(က)ပါ နည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ပေးပို့ရမည်။

(ဃ) ကုမ္ပဏီကိုဖျက်သိမ်းသည့်အခါ မှတ်ပုံတင်အရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဆောင်ရွက်နေခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်ရန်အကြောင်းရှိခဲ့လျှင် သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးနောက် တစ်ဆက်တည်းဖြစ်သော ခြောက်လကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပြုလုပ်ရန်လိုအပ်သည့် ပြန်ကြားချက်များကို မှတ်ပုံတင်အရာရှိက ပုဒ်မခွဲ (က) ပါနည်းလမ်းများအနက် နည်းလမ်းတစ်ခုခုဖြင့် ကုမ္ပဏီသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ နောက်ဆုံးလုပ်ငန်းတည်ရှိသည့် နေရာထံသို့ဖြစ်စေ ပေးပို့ပေးရန်တောင်းဆိုသည့် အကြောင်းကြားစာပေးပို့ပြီးနောက် ထိုပြန်ကြားချက်များကို မပေးပို့ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြခဲ့သည့်အတိုင်း အကြောင်းကြားစာတစ်စောင်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပြီး ကုမ္ပဏီထံသို့လည်း ပေးပို့ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ယာဉ်အန္တရာယ်ကင်းစေရန် အသိပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ ဝေငှပေး



**နေပြည်တော် ဇန်နဝါရီ ၁၉**

မော်တော်ဆိုင်ကယ်နှင့်ပတ်သက်၍ ယာဉ်တိုက်မှုများ မဖြစ်ပွားစေရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသည့်အတွက် အသက်အန္တရာယ်များဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ လျော့နည်းစေရန်အတွက် နေပြည် တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (နေပြည်တော်ရုံး)က ပြည်သူများအား ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် အသိပညာပေးခြင်းနှင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်များ ပေးလှူခြင်းအစီအစဉ်ကို ဇန်နဝါရီလ ဒုတိယပတ်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးရှေ့၌ ပြုလုပ်ခဲ့သည်။

ဆိုင်ကယ်စီးဦးထုပ်များ ပေးလှူရာတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးအောင်ကြီးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးတို့က နေပြည်တော်ဘူတာကြီးရှေ့ လမ်းမကြီးပေါ်၌ သွားလာနေကြသည့် ဆိုင်ကယ်မောင်းသူများမှ ဦးထုပ်မဆောင်းသည့် ဆိုင်ကယ်မောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောကာ ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်လှူဒါန်းကြသည်။

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အချက်အလက်များအရ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုပေါင်း ၁၅၇၄၂ မှုတွင် ဆိုင်ကယ်ကြောင့် ဖြစ်ပွားသည့်ယာဉ်တိုက်မှု ၇၇၅၈ မှုရှိကာ ရာခိုင်နှုန်းအားဖြင့် ၄၉ ဒသမ ၂၈ ရာခိုင်နှုန်းရှိကြောင်း၊ ဒဏ်ရာရရှိမှုများတွင် ဆိုင်ကယ်ကြောင့် ဒဏ်ရာရမှုမှာ ၅၀ ဒသမ ၅၆ ရာခိုင်နှုန်းရှိပြီး သေဆုံးမှုများတွင် ဆိုင်ကယ်ကြောင့်သေဆုံးမှုမှာ ၄၄ ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဇီးကုန်းမြို့နယ်အတွင်း မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ဇီးကုန်း ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်၏ စီစဉ်ညွှန်ကြားမှုဖြင့် မူခင်းအသိပညာပေးပြခန်းယာဉ်သည် ဇန်နဝါရီ ၁၀ ရက်တွင် သာယာဝတီခရိုင် ဇီးကုန်းမြို့သို့ ရောက်ရှိလာရာ မြို့နယ်အတွင်းရှိ နေရာလေးခုတို့တွင် အသိပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း၊ မူခင်းများလျော့နည်းကျဆင်းရေး ပညာပေးစာစောင် ၈၀၀ ကျော် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ထွန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် အောင်ဇင်မင်းတို့က လူကုန်ကူးမှုတားဆီးရေး၊ အိမ်သုံးဆေးဝါးအလွဲသုံးစွဲမှု၊ မူးယစ်ဆေးဝါးသုံးစွဲ သယ်ဆောင်ဖမ်းဆီးမှုနှင့် မီးရှို့ဖျက်ဆီးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးမှု၊ သက်ငယ်မုဒိမ်းပပျောက်ရေးတို့နှင့်ပတ်သက်၍ အမှတ်(၃) ရပ်ကွက် THE BEST ကိုယ်ပိုင်အထက်တန်းကျောင်း၊ အမှတ်(၄)ရပ်ကွက် မြို့မအထကကျောင်း၊ မော်ရကျေးရွာအုပ်စု သံပုရာကုန်းလမ်းဆုံနှင့် မြို့မစည်ပင်သာယာဈေးကြီးရှေ့တို့တွင် ဟောပြောကြရာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၁၀၀၀ ကျော် လာရောက်နားထောင်ပြီး မူခင်းပြခန်းမော်တော်ယာဉ်အတွင်း ဝင်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

**ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရေး ပညာပေးဟောပြောပွဲကို (၁၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပြည်သူ ၁၀၀ ခန့်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်က အသိပညာပေးဆွေးနွေးဟောပြောစဉ်။** ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



## အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဥရောပသမဂ္ဂနှင့် International Labour Organization(ILO)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးကို ပြန်လည်သုံးသပ်ရန်နှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် တည်ဆောက်ရန်အတွက် တတိယအကြိမ် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက်က နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၅ ခုနှစ်ကကျင်းပခဲ့သည့် ပထမအကြိမ်ဖိုရမ်တွင် အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားအဆင့် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကာ အလုပ်သမားဥပဒေများပြင်ဆင်ရေးကို သဘောတူညီခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကျင်းပသည့် ဒုတိယအကြိမ်ဖိုရမ်တွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)ကို သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးရန်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေစသည့် ဥပဒေသုံးခုကို ဦးစားပေးပြင်ဆင်ရန် ထပ်မံအတည်ပြုနိုင်ခဲ့ကြောင်း၊ ယခုတတိယအကြိမ်ဖိုရမ်တွင် နိုင်ငံ၏ အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲမှု၊ အလုပ်သမားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ကြုံတွေ့နေရသည့်စိန်ခေါ်မှု၊ ရှေ့ဆက်သွားမည့် အခြေအနေများ စသည်တို့နှင့်ပတ်သက်၍ Initiative Partner နိုင်ငံများကကိုယ်စားလှယ်များ ပါဝင်ပြီး အပြန်အလှန်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်ကြသော အမေရိကန်၊ ဂျပန်၊ ဒိန်းမတ်နိုင်ငံနှင့် EU တို့မှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ILO မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည်။

ဇန်နဝါရီ ၁၇ နှင့် ၁၈ နှစ်ရက်ကြာ ကျင်းပခဲ့သည့် အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံအတွက် ရေရှည်ကောင်းမွန်သော လုပ်ငန်းခွင်ဆက်ဆံရေးအတွက် Collective Bargaining နှင့်ပတ်သက်ပြီး စနစ်ကျနစွာ ဆောင်ရွက်ရန်၊ အလုပ်သမားကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုအနေဖြင့် ကျန်ရှိသည့် တည်ဆဲအလုပ်သမားဥပဒေများကိုလည်း စိစစ်သုံးသပ်ပြီး ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် မှန်ကန်မှုရှိပြီး လက်ရှိအခြေအနေကိုထင်ဟပ်စေသည့် အလုပ်သမားရေးရာ ကိန်းဂဏန်းများရရှိစေရန်နှင့် ၂၀၁၅ ခုနှစ်က လုပ်သားအင်အားစစ်တမ်း (Labour Force Survey) အပြည့်အစုံကို ILO ၏ အကူအညီဖြင့် ကောက်ယူနိုင်ခဲ့ပုံ၊ ဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်မူဝါဒများ ချမှတ်ထားရှိပြီး နိုင်ငံတစ်ဝန်း အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၈၁ ရုံးဖြင့် အလုပ်သမားများ၊ အလုပ်ရှာဖွေသူများအား အခမဲ့ဝန်ဆောင်မှုပေးနေမှုများ၊ ဝေးလံခေါင်ဖျားဒေသများရှိ အလုပ်ရှာဖွေသူများအတွက် Mobile Team ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှု၊ အလုပ်ရှာဖွေသူများနှင့် အလုပ်သမားလိုအပ်လျက်ရှိသည့် အလုပ်ရှင်များကို ချိတ်ဆက်ပေးနိုင်ရန်အတွက် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Office Management System တစ်ရပ်ကို Online စနစ်ဖြင့် ဆောင်ရွက်နေမှု၊ အလုပ်သမားများ၏ အခြေခံအခွင့်အရေးတစ်ခုဖြစ်သည့် အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းမှုအတွက် ခွင့်ပြုပေးနေမှုနှင့် ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အထိ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းပေါင်း ၂၇၁၄ ဖွဲ့ဖွဲ့စည်းပြီးသည့် အခြေအနေများ၊ အလုပ်သမားများအတွက် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနေမှုများ စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**




## အာဟာရပြည့်ဝစွာပါရှိသော အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၉**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ဘဝ သာယာဝပြောရေးအတွက် ဒေသနှင့်သင့်တော်မည့် သီးနှံပုံစံ၊ စိုက်စနစ်၊ မျိုးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများအပြင် သုတေသနလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဇန်နဝါရီ ၁၆ ရက်က နေပြည်တော် ရုံးအမှတ်(၄၃) ၌ ပြုလုပ်သည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ဘဝ သာယာဝပြောရေးအတွက် အဓိကအခန်းကဏ္ဍများမှ အားထုတ်ကြိုးပမ်းနေကြသော စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနမှ ချမှတ်ထားသောမူဝါဒ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဒေသအလိုက်လုပ်ငန်းစီမံချက်များ တိကျစွာ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသရေမြေရာသီဥတု အခြေအနေအပေါ် မူတည်၍ သီးနှံအမယ်သစ်များ စမ်းသပ်စိုက်ပျိုးရေးနှင့်အတူ ဈေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးကိုပါ စီမံဆောင်ရွက်ကြစေလိုကြောင်း၊ GAP စံနှုန်းများ လိုက်နာကျင့်သုံးရေး အပါအဝင် ဌာနမှ ဆောင်ရွက်လျက်ရှိသော တောင်သူပညာပေးလုပ်ငန်းများ၊ နည်းပညာ ပြန့်ပွားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရမည့်နည်းတူ ပုဂ္ဂလိကပိုင်းမှ ဆောင်ရွက်လျက်ရှိသော နည်းပညာပေးလုပ်ငန်းများကိုလည်း အားပေးကူညီကြရမည်ဖြစ်ကြောင်း၊ စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ဓာတ်ကြွင်းအာနိသင် မပါရှိရေး၊ အရည်အသွေးမှန်ကန်သော စိုက်ပျိုးရေးသွင်းအားစုများ သုံးစွဲနိုင်ရေးတို့ကို စိစစ်ကြပ်မတ်ရန် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်အောင် ပေါင်းစပ်ပေးခြင်းနှင့် ဌာနမှ နည်းပညာအကူအညီများ ဖြည့်ဆည်းပေးခြင်းလုပ်ငန်းများကိုပါ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။



အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်သော ဦးအေးကိုကို၊ ဦးလှမြင့်အောင်၊ ဦးတင်စိန်နှင့် ဦးဇော်ထွန်းမြင့်၊ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများ၊ ဌာနခွဲများမှ တာဝန်ရှိသူများ တက်ရောက်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဘက်ဘက်မှ အားနည်းချက်၊ အားသာချက်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများစိုက်ပျိုးထုတ်လုပ်သော သီးနှံများ၏ အရောင်အဆင်း၊ အရွယ်အစား၊ အနံ့အရသာအပြင် ပါဝင်သင့် ပါဝင်ထိုက်သည့် အာဟာရများ ပြည့်ဝစွာပါရှိသော အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်နေပြီး တောင်သူများစိုက်ပျိုးထုတ်လုပ်သော သီးနှံများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် GAP စိုက်ပျိုးနည်းစနစ်များအတိုင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး၊ ဓာတ်ပုံ - မေမိုးသဲ**

## မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်း ဖွဲ့စည်းရေးအတွက် အကြိုညှိနှိုင်းဆွေးနွေး

**ကန်ကြီးထောင့် ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာအုပ်စု၌ မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်း ဖွဲ့စည်းရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို စာဖြူစုကျေးရွာ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်မင်းဆွေနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မန်နေဂျာ ဦးကြည်မိုးတို့က အမှာစကားပြောကြားခဲ့ပြီး ကျေးရွာခြောက်ရွာမှ စိုက်ဧက ၁၁၉ ဧကတွင် မျိုးစေ့ထုတ်လုပ်နေသော တောင်သူ ၄၄ ဦးအနေဖြင့် သမဝါယမအသင်းဖွဲ့စည်းနိုင်ရန်နှင့် အသင်းအမှုဆောင်များအား အကြိုညှိနှိုင်းရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်အတွင်း၌ အရည်အသွေးကောင်းသည့် သီးနှံမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သီးနှံများအထွက်တိုး၍ တောင်သူများ ဝင်ငွေတိုးပွားလာစေရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သူ တောင်သူများအား သမဝါယမအသင်းဖွဲ့စည်းပေး၍ လိုအပ်သောပံ့ပိုးချေးငွေများ ထုတ်ချေးပေးရေး၊ ထွက်ရှိလာသော မျိုးသန့်မျိုးစေ့များကို ဝယ်ယူဖြန့်ဖြူးရောင်းချပေးရေး၊ တောင်သူများအတွက် လိုအပ်သော နည်းပညာများ ရရှိနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆက်စပ်ဆောင်ရွက်ပေးနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် သမဝါယမအသင်းကို ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးမှူးက ပြောကြားသည်။ **နန်းထိုက် (ပြန်/ဆက်)**



# စိုးသီဟ၏သရုပ်ဆောင်မှုနှင့် မြင်တွေ့ရမည့် ယောက္ခမတော်ဝါ မကြာမီ ရိုက်ကူးပြီးစီးမည်

**ကိုလင်း**

သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်၏ မောင်ဖြစ်သူ သရုပ်ဆောင် စိုးသီဟ ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးပုံဖော်ထားသည့် ယောက္ခမတော်ဝါ ဟာသဇာတ်မြူးဗီဒီယိုကားအား ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မျက်ခြယ်ရုပ်ရှင်ရိုက်ကူးရေးခြံတွင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ယင်းဇာတ်ကားသည် စိုးသီဟ၏ စတုတ္ထမြောက်ဇာတ်ကားဖြစ်ပြီး ဟာသဇာတ်မြူးဖြစ်သည့်အတွက် ပရိသတ်များအား ပျော်ရွှင်မှုပေးစွမ်းနိုင်မည်ဟု ယုံကြည်ကြောင်း စိုးသီဟက ပြောသည်။

“ဒီကားလေးကတော့ ကိုနိုင်ကြီး (ကျော်ရဲအောင်) က ယောက္ခမလောင်း၊ ကျွန်တော်က သမက်လောင်း၊ ထုံးစံအတိုင်းယောက္ခမနဲ့ သမက် မတည့်တာကိုအခြေခံပြီး ရိုက်ကူးထားတဲ့ ကျေးလက်ဟာသဇာတ်လမ်းလေးပါပဲ၊ ဟာသဇာတ်ကားလေးဆိုတော့ ကျွန်တော်က မလုပ်ဖူးတော့ လေ့ကျင့်ရတယ်၊ ဟာသဇာတ်မြူးဖြစ်တော့ ရယ်ရအောင် အိုက်တင်လေးကိုတော့ အိုဗာလုပ်ရတယ်၊ ခါတိုင်းလို အငြိမ်နဲ့သွားလို့မရဘူး၊ ဇာတ်ကောင်ကလည်း အလှုပ်ဆိုတော့ အိုက်တင်ကို လှုပ်ထားရတယ်၊ အားပေးကြဖို့မျှော်လင့်ပါတယ်”ဟု သရုပ်ဆောင် စိုးသီဟက ပြောသည်။

ယောက္ခမတော်ဝါ ဗီဒီယိုဇာတ်ကားကို ဒါရိုက်တာမျိုးထူးက ရိုက်ကူးလျက်ရှိပြီး သရုပ်ဆောင် ကျော်ရဲအောင်၊ လှမျိုးသဉ္ဇာနွယ်၊ ဆုမြတ်နိုးဦးတို့နှင့်အတူ ရိုက်ကူးထားကြောင်း သိရသည်။

“ကျွန်တော်ကတော့ ဇာတ်လမ်းနဲ့ သရုပ်ဆောင်မှု စရိုက်အစုံရိုက်ဖို့ စိတ်ကူးထားပါတယ်၊ ကျွန်တော် ရိုက်ခွင့်ရထားပြီးတာတွေက ဒရာမာဇာတ်ရုပ်နဲ့ ရိုမန့်တစ်ဆန်တာလေးတွေရှိတယ်၊ အခုကားလေးကတော့ ဟာသဆိုပေမယ့် ဟာသလည်း ပေါ့ပေါ့ပါးပါးပေမယ့် လေ့ကျင့်ပြီး ကြိုးစား သရုပ်ဆောင်ထားပါတယ်၊ သရုပ်ဆောင်လိုင်းကို ရွေးချယ်ထားပြီဆိုတော့ စရိုက်စုံအောင် ကြိုးစား သရုပ်ဆောင်ဖြစ်ချင်တယ်၊ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ချင်တယ်၊ အဲဒါကြောင့် ပရိသတ်တွေ ရယ်ရဖို့ ကားလေး တွေလည်း ရိုက်မယ်”ဟု စိုးသီဟက ပြောသည်။ ။



# အွန်လိုင်းတွင် ဒီဘဝ သီချင်းအား လွှင့်တင်ခြင်းအပြင် တစ်ကိုယ်တော်အခွေအတွက် အလှမယ်ချြူးစစ်ဟန် စိတ်လှုပ်ရှား



Face of Beauty Myanmar 2015 ဆုရှင် အလှမယ်သရုပ်ဆောင် ချြူးစစ်ဟန်သည် တစ်ကိုယ်တော် တေးအယ်လ်ဘမ်အတွက် တေးသီချင်းများ စုစည်းနေသည့်အပြင် အမ်တီဗွီကိုပါ ပရိသတ်ကို ချပြသွားရန် ကြိုးပမ်းနေကြောင်း သိရသည်။

အဆိုပါ သီချင်းခွေတွင် သီချင်း ၁၀ ပုဒ် ပါဝင်မည်ဖြစ်ပြီး တေးရေးအနေဖြင့် အောင်မြင့်မြတ် (အိပ်မက်ဆုံရာ) က ရေးသားပေးထားကာ ပေါ့ပ်၊ အာအင်န်ဘီ၊ ပေါ့ပ်ရော့ခ်၊ စလိုးရော့ခ် စသည့်မြူးဇစ်များ ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ချြူးစစ်ဟန်သည် ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားပြီး ဇာတ်လမ်းတွဲများ ရိုက်ကူးနေလျက်ရှိပြီး အဆိုပိုင်းထက် သရုပ်ဆောင်ပိုင်းကို ပိုအားသန်ကြောင်း သိရသည်။

“ကိုယ်တိုင်ကလည်း သီချင်းအေးအေးလေးတွေကို ကြိုက်တော့ ကိုယ့်စီးရီး အတွက်လည်း ပေါပ့်သီချင်းလေးတွေကိုပဲ ရွေးချယ်ဖြစ်ခဲ့တယ်၊ အဆိုပိုင်းမှာ အားနည်းချက်တွေရှိတာကိုတော့ နားလည်ပေးဖို့ ပရိသတ်ကြီးကို တောင်းဆိုလိုပါတယ်”ဟု ချြူးစစ်ဟန်က ပြောသည်။ “ ဒီဘဝသီချင်းလေးကို အွန်လိုင်းမှာလည်း ပရိသတ်အတွက် အမ်တီဗွီလေးရိုက်ပြီး လက်ဆောင်အဖြစ် တင်ထားတယ်၊ ဒီသီချင်းကို ပရိသတ်အားပေးလို့ ကျေးဇူးတင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ကိုလင်း**

# နာဂဒေသအတွက် အကျိုးပြုနိုင်ခဲ့တာ မမေ့နိုင်တဲ့ ဘဝရဲ့အောင်မြင်မှုဟု မာရီကိုး ပြောကြား

“သွားတော့လေလလဟယ်”ဆိုကြရာမှ ‘လာတော့ကွယ်လဟယ်’ဟုပင် တင်စားနိုင်လောက်အောင်ပင် နာဂဒေသသည် ယခင်ထက်များစွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို မြင်တွေ့ရသည်မှာ ပီတိဖြစ်ရကြောင်း နာဂတိုင်းရင်းသူ မော်ဒယ်လ် တစ်ဦးဖြစ်သည့် မာရီကိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

မာရီကိုးက မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာနေရာကနေ အကောင်းဆုံး ဆောင်ရွက်ပေးနေသည့် နာဂတိုင်းရင်းသူတစ်ဦးလည်း ဖြစ်သည်။ “ဒီနှစ်မှာ နှစ်သစ်ကူးပွဲကို သွားရင်းနဲ့ ကိုယ်တွေရဲ့နာဂရိုးရာဓလေ့တွေ၊ နေထိုင်မှုပုံစံတွေ၊ တိုင်းရင်းသားတွေရဲ့ သဘောသဘာဝ၊ စရိုက်လက္ခဏာတွေ အားလုံးကို ရိုက်ကူးဖို့ ရှိပါတယ်၊ ၂၀၁၇ ခုနှစ်တုန်းက ရန်ပုံငွေတွေနဲ့ လှူထားတဲ့ စာသင်ကျောင်း နှစ်ကျောင်းကိုလည်း နှစ်သစ်ကူးပွဲတော်အပြီးမှာ ဖွင့်ပွဲလုပ်ပေးဖို့ရှိပါတယ်”ဟု နာဂဒေသအတွက် လက်ရှိလုပ်ဆောင်မည့် ဆောင်ရွက်မှုများကို မာရီကိုးက ပြောသည်။



နာဂဒေသခံအများစုသည် တောတောင်များတွင် နေထိုင်သည့်သဘာဝရှိပြီး ကျန်းမာရေး အသိပညာ အားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း မာရီကိုးက ပြောသည်။ “အခု ကျွန်မတို့ဒေသမှာ လမ်းပန်းဆက်သွယ်ရေးကလည်း တော်တော်လေးကို ကောင်းလာတယ်၊ အရင်ကဆို တစ်နေရာကနေ တစ်နေရာကို သွားဖို့ဆိုတာ တော်တော်ကို စွန့်စားကြရတယ်၊ လမ်းမကောင်းလို့ ရာသီမရွေး သွားလာလို့ မရဘူး၊ အခုဆိုရင် မီးလည်းရလာပြီ၊ မြို့ကြီးသုံးမြို့မှာဆို ၂၄နာရီပတ်လုံး မီးရပြီ၊ ဖုန်းလိုင်းတွေလည်း အများကြီးကောင်းလာပြီ၊ တိုးတက်လာတာတွေ အများကြီးရှိတယ်”ဟု ဒေသနှင့် ပတ်သက်၍ တိုးတက်မှုများကို ပြောသည်။

“ကျွန်မတို့ဒေသရဲ့ ရိုးရာဓလေ့စရိုက်လေးတွေကို ရုပ်သံတွေမှာ ထုတ်လွှင့်ပေးချင်ပါတယ်၊ လုပ်ပေးချင်တာတွေကတော့ အများကြီးရှိတယ်၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး လိုအပ်ချက်တွေကလည်း ရှိနေပါသေးတယ်၊ ဒါတွေကို ကျွန်မတတ်နိုင်တဲ့ဘက်ကနေ စဉ်းစားပြီးတော့ ဖြည့်ဆည်းသွားဖို့က ကျွန်မရဲ့အကြီးမားဆုံးဆန္ဒဖြစ်ပါတယ်” ဟု မာရီကိုးက ပြောကြားသည်။

“အရင်က ဝန်ထမ်းတွေလောကမှာဆိုရင် ‘သွားတော့လေ လဟယ်’ ဆိုပြီး ပြောကြတယ်၊ ဘယ် ဝန်ထမ်းကမှ လဟယ်ကိုဆိုရင် မလာချင်ကြဘူး၊ ကျွန်မတို့ငယ်ငယ်က ပြောစမှတ်ရှိတာလေးပါ၊ အခုအချိန်မှာတော့ လဟယ်မြို့ဟာ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး မီးထိန်ထိန်ညီးလာခဲ့ပြီ၊ လာတော့လေ လဟယ်လို့တောင်ပြောလို့ ရနေပါပြီ၊ ဒါတင်မကသေးပါဘူး၊ ကျွန်မ ဒုံဟီးတို့၊ နန်းယွန်းတို့ကို ရောက်သွားတယ်၊ လိုအပ်ချက်တွေကို တွေ့ရတယ်၊ စိုက်ပျိုးရေးနဲ့ သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေကိုလည်း ဒီထက်မက တိုးတက်စေချင်တယ်၊ အဆင်ပြေစေချင်တယ်၊ အသိအမြင်တွေကြွယ်ဝစေချင်တယ်၊ ကျွန်မအဖေရဲ့ မွေးရပ်မြေက ဒုံဟီးပါ၊ ဒုံဟီးကိုရောက်တော့ ကျွန်မအဖေကိုလည်း သတိရမိတယ်၊ အဖေဖြစ်စေချင်တာတွေကို ကျွန်မတတ်နိုင်သလောက် ဖြည့်ဆည်းပေးတာတွေကို ကျွန်မအဖေသာ သိခွင့်ရှိမယ်ဆိုရင် စိတ်ချမ်းသာမယ်လို့လည်း ထင်ပါတယ်၊ နောက်ပြီး ဒီတစ်ခေါက်နာဂကို ရောက်ရင် ကျွန်မရဲ့သီချင်းအတွက်လည်း အမ်တီဗွီရိုက်ကူးသွားမယ်၊ ဒေသမှာ လှပတဲ့ ရှုခင်းတွေရှိတယ်၊ ဒါတွေကို အားလုံးခံစားရရှိစေချင်တယ်” ဟု မာရီကိုးက ပြောကြားသည်။ **ကိုလင်း**

# ဖော်ကာ၏ Wanted One Band Show မျှော်စင်ကျွန်းတွင် ကျင်းပမည်



လူငယ်ရော့ခ်ဂီတချစ်သူတို့ အသည်းကျော် တေးသံရှင် ဖော်ကာ (Wanted) ၏ ဒုတိယအကြိမ်မြောက် Wanted One Band Show ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ရန်ကုန်မြို့ရှိ မျှော်စင်ကျွန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်မှာတော့ တေးသီချင်းစုစုပေါင်း ၃၀ကျော် ဖျော်ဖြေမယ်လို့ စိတ်ကူးထားပါတယ်၊ အားလုံးကလည်း လူငယ်အကြိုက်တွေများမယ်၊ တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်ဖို့ဆိုတာက တော်တော်တော့ အချိန်ယူရတယ်၊ အကောင်းဆုံးဖြစ်အောင်လည်း ကြိုးစားပြင်ဆင်နေပါတယ်၊ ဒီနှစ်မှာတော့ ကျွန်တော်က ကြော်ငြာတာ သိပ်မလုပ်ဖြစ်ဘူး၊ ဇန်နဝါရီလမကုန်ခင်တော့ ပထမအကြိမ်ဖျော်ဖြေပွဲတုန်းက သီချင်းတွေကို ကျွန်တော့်ရဲ့လူမှုကွန်ရက်စာမျက်နှာကနေတစ်ဆင့် ပြန်တင်ပေးသွားပြီး ဒီနှစ်ပွဲအတွက် ကြော်ငြာပေးသွားဖို့တော့ စိတ်ကူးထားပါတယ်၊ ကျွန်တော်တို့လို ဂီတသမားတွေအတွက်က One Man Show လုပ်နိုင်ဖို့ဆိုတာ အိပ်မက်ပဲ၊ အားပေးကြစေချင်ပါတယ်”ဟု ဖော်ကာက ပြောကြားသည်။

ရော့ခ်ဂီတချစ်သူများအတွက် ရော့ခ်သီချင်းများဖြင့် အားပါးတရဖျော်ဖြေပေးနိုင်ရန် ဖော်ကာက ပြင်ဆင်နေသည့်အပြင် ဩဂုတ်လတွင် ကျရောက်မည့် မွေးနေ့အထိမ်းအမှတ်အဖြစ်လည်း တစ်ကိုယ်တော် အခွေ ထုတ်လုပ်ခွင့်ရရန် ကြိုးစားနေကြောင်းသိရသည်။ “စိတ်နဲ့လူဆိုပြီး ကျွန်တော့်ရဲ့ တစ်ကိုယ်တော်အခွေကို နာမည်ပေးထားပါတယ်၊ အမ်တီဗွီအဖြစ် ထွက်နိုင်အောင် စီစဉ်နေပါတယ်၊ ဒီအခွေထဲမှာလည်း အနည်းဆုံး သီချင်းသစ် ၁၂ ပုဒ် ပါမယ်လို့ မှန်းထားပါတယ်”ဟု ဖော်ကာက ပြောသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဟောလိဝုဒ်မှာအမျိုးသမီးတွေအတွက်ခိုင်မာတဲ့ဇာတ်ရုပ်ကနေ သရုပ်ဆောင်ခွင့်မရဘူးလို့ဆိုလိုက်တဲ့ ကယ်ရီမော်လီဂန်

Suffragette နဲ့ Great Gatsby ဇာတ်ကားတွေနဲ့အောင်မြင်လာတဲ့ အသက် ၃၂ နှစ်အရွယ် ရုပ်ရှင်မင်းသမီး ကယ်ရီမော်ဂန်ဟာ သူ့အနေနဲ့ ဇာတ်လမ်းတွေမှာ အမျိုးသားဇာတ်ဆောင်တွေရဲ့ဇနီး၊ သူငယ်ချင်းအစရှိတာတွေအဖြစ် သရုပ်ဆောင်နေရတာကို တကယ်ပဲ စိတ်ပျက်နေပါပြီလို့ ပြောလိုက်ပါတယ်။ အော်စကာဆန်ခါတင်စာရင်းဝင် ကယ်ရီမော်ဂန်ဟာ လက်ရှိမှာ ဘီဘီစီ တီဗွီစီးရီးဖြစ်တဲ့ Collateral ဆိုတဲ့ဇာတ်လမ်းတွဲကို ရိုက်ကူးနေတာပဲ ဖြစ်တယ်။ ဟောလိဝုဒ်မှာရိုက်ကူးနေတဲ့ ဇာတ်ကားတွေမှာ ဇာတ်လမ်းအများစုဟာ အမျိုးသားတွေရဲ့ဇာတ်ရုပ်ကိုသာ အလေးပေးရိုက်ကူးကြပြီး အမျိုးသမီးတွေအတွက်တော့ အဲဒီလိုအခွင့်အရေးမရကြဘူးလို့ သူက ဝေဖန်လိုက်ပါတယ်။ လူအများစိတ်ဝင်စားပြီး ရှုပ်ထွေးတဲ့ ဇာတ်ရုပ်တွေ၊ ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်ခွင့်ရမယ့် ဇာတ်လမ်းကောင်းတွေမှာ အဓိကဇာတ်ရုပ်အဖြစ်သရုပ်ဆောင်ခွင့်ရဖို့ကတော့ ကျွန်မအတွက် အလွန့်အလွန်ကိုရှားပါးတဲ့ အခွင့်အရေးပါပဲလို့သူက ဆက်ပြောပါတယ်။

"အပြင်လောကမှာ တကယ်တမ်းဖြစ်ပျက်နေတဲ့ ဇာတ်ရုပ်နေရာကပဲသရုပ်ဆောင်ချင်ပါတယ်၊ အရေးမပါတဲ့ဇာတ်ရုပ်တွေဖြစ်တဲ့ သူငယ်ချင်းနေရာ၊ ဇနီးနေရာအစရှိတဲ့နေရာတွေကတော့ သရုပ်မဆောင်ချင်တော့ပါဘူး"လို့ ပြောခဲ့ပါတယ်။ ကယ်ရီမော်လီဂန်ဟာ ကိုယ်ဝန်ဆောင်ထားရင်းနဲ့ပဲ သူ့ရဲ့ ဇာတ်လမ်းတွဲ အသစ်ရိုက်ကူးခဲ့ပါတယ်။ ကိုယ်ဝန်ဆောင်ရင်းနဲ့ဇာတ်လမ်းရိုက်ရတာ သူ့အတွက် တကယ်ပဲခက်ခဲတယ်လို့ဆိုပါတယ်။ ညအခါ ဇာတ်လမ်းရိုက်ကူးတဲ့အခါ ပိုပြီးအခက်ကြုံရတယ်လို့ပြောပါတယ်။ **ဘီဘီစီ**



..................................

### Police Academy ဇာတ်ကားဒါရိုက်တာသေဆုံး

Police Academy ဇာတ်ကားဟာ ပရိသတ်တွေ အထူးနှစ်ခြိုက်ရတဲ့ ဟာသကားဖြစ်ပြီး နောက်ထပ်အပိုင်းတွေ ထပ်ရိုက်ရတဲ့အထိ အောင်မြင်ခဲ့တဲ့ ဟာသဇာတ်ကားတစ်ခု ဖြစ်ပါတယ်။ ပထမဦးဆုံး Police Academy ဇာတ်ကားကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ ဟုဂ့် ဝေလ်ဆန်ဟာ အသက်၇၄နှစ်အရွယ်မှာသေဆုံးသွားပြီပဲဖြစ်တယ်။ ၁၉၄၃ခုနှစ်က မိုင်ယာမီ မှာ မွေးဖွားခဲ့တဲ့ ဟုဂ့် ဝေလ်ဆန်ဟာ The First Wives Club၊ Guarding Tess အစရှိတဲ့ဟာသကားတွေအပါဝင် ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ကူးခဲ့သူလည်း ဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က စတင်ပြီး ရုပ်သံဇာတ်လမ်းတွေမှာ ဟာသစာရေးဆရာအဖြစ် ရပ်တည်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ Police Academy ဇာတ်ညွှန်းအတွက် ငှားရမ်းခြင်းခံရပြီး သူဟာ အဲဒီဇာတ်ကားမှာ ဒါရိုက်တာအဖြစ်ဆောင်ရွက်ဖို့ သဘောတူခဲ့ပါတယ်။ ၁၉၈၄ ခုနှစ်မှာတော့ ရဲအရာရှိဖြစ်ဖို့အတွက် သင်တန်းတက်ကြတဲ့လူတွေရဲ့ အဆီအငေါ်မတည့် တလွဲတွေဖြစ်ရပုံကို ဟာသဇာတ်လမ်းဆင်ကာ Police Academy ဆိုပြီး ရိုက်ကူးခဲ့ပါတယ်။

အဲဒီဇာတ်ကားပြသပြီးတဲ့အခါမှာတော့ တစ်ရှိန်ထိုးအောင်မြင်ခဲ့ပြီး နောက်ထပ်ဇာတ်ကား ခြောက်ကားထိရိုက်ကူးခဲ့ရပါတယ်။ ဝေလ်ဆန်နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်ကားကတော့ ၂၀၀၄ခုနှစ်က ရိုက်ကူးခဲ့တဲ့ Mickey လို့ခေါ်တဲ့ဘေ့စ်ဘော ရုပ်ရှင်ကားပဲ ဖြစ်တယ်။ အဲဒီဇာတ်ကားပြီးနောက် နောက်ထပ်ဇာတ်ကားတွေရိုက်ကူးမှုတွေမပြုတော့ပေမယ့် ဗာဂျီးနီးယားတက္ကသိုလ်မှာတော့ ဇာတ်ညွှန်းရေးနည်း သင်ကြားပေးခဲ့ပါတယ်။ သူ့မိသားစုနဲ့ရင်းနှီးတဲ့မိတ်ဆွေတွေရဲ့ ပြောပြချက်အရ သူဟာ လွန်ခဲ့တဲ့သီတင်းပတ်ကပဲ ဗာဂျီးနီးယားပြည်နယ်မှာရှိတဲ့သူ့ရဲ့ နေအိမ်မှာ နာမကျန်းဖြစ်ပြီး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ **ဘီဘီစီ**



ဖြူး

# MCSC 2018 ပြိုင်ပွဲတွင် အသင်း ၂၀ အပြည့် ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များ Cyber Security ပိုင်းဆိုင်ရာ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန် ရည်ရွယ်၍ Myanmar Cyber Security Challenge 2018 ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲတွင် တစ်သင်းလျှင် လူငယ်ပညာရှင်သုံးဦးစီဖြင့် အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း mmCERT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြိုင်ပွဲကို Myanmar Computer Emergency Response Team(mmCERT)နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)တို့က စီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲအတွက် ဝင်ခွင့်လျှောက်ထားမှုကို ဇန်နဝါရီ ၁၂ ရက်အထိ လက်ခံခဲ့ရာ အသင်းပေါင်း ၂၀ အပြည့် ပါဝင်စာရင်းပေးသွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

MCSC 2018 ပြိုင်ပွဲတွင် ယခင်နှစ်များက ကျင်းပခဲ့သည့်အတိုင်း CTF Jeopardy Style ပုံစံဖြင့် မေးခွန်းများကို ပဟေဠိပြုလုပ်ထားပြီး ပြိုင်ပွဲဝင်သည့်အသင်းများက ၆ ရွေးချယ်ဖြေဆိုရမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် 1. Web Security, 2. Reverse Engineering, 3. Cryptography + Steganography, 4. PWN, 5. Forensics, 6. Miscenllaneous (Mobile + Network Analysis + others) ကဏ္ဍခြောက်ခုကို ဖြေဆိုရမည်ဖြစ်ပြီး ကဏ္ဍတစ်ခုစီအတွက် မေးခွန်းခုနစ်ခုစီ အမှတ် ၁၀၀၀ ဖိုး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ကမ္ဘာနှင့်အဝန်းတွင် အဖြစ်များလာသော ဆိုက်ဘာမှုခင်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ လူငယ်များအနေဖြင့် ဆိုက်ဘာလုံခြုံရေး၏ အရေးပါမှုကို သိရှိလာစေရန်၊ သတင်းအချက်အလက်လုံခြုံရေးနှင့် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်၍ လူငယ်များ၏ ကျွမ်းကျင်မှုများ တိုးတက်လာပြီး ဆိုက်ဘာတိုက်ခိုက်မှုများကို ကာကွယ်နိုင်မည့် နည်းလမ်းများကို သိရှိလာစေရန်၊ နိုင်ငံတကာ စံသတ်မှတ်ချက်နှင့်အညီ ထုတ်ထားသော ပြဿနာများကို ဖြေရှင်းခြင်းဖြင့် အတွေ့အကြုံကောင်းများ ရရှိစေရန် ကျင်းပခြင်းဖြစ်ကာ ပြိုင်ပွဲတွင် ပထမဆုရအသင်းအား ကျပ် ၁၀ သိန်း၊ ဒုတိယအသင်းအား ကျပ်ခုနစ်သိန်း၊ တတိယအသင်းအား ကျပ်ငါးသိန်းနှင့်အတူ ဆုများ၊ အသိအမှတ်ပြုလက်မှတ်များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း mmCERT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

---

# ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက နည်းပညာသင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Data Center ပိုင်းဆိုင်ရာ နည်းပညာသင်တန်းတစ်ခုဖြစ်သည့် Practical Server Virtualization လက်တွေ့သင်တန်း အမှတ်စဉ် (၃) ကို ဇန်နဝါရီ ၂၇ ရက်တွင် စတင်ဖွင့်လှစ်သွားမည် ဖြစ်သည်။

သင်တန်းသို့ Virtualization and Data Center အကြောင်းစိတ်ဝင်စားသူများ၊ Microsoft Windows Server နှင့် VMware များအကြောင်းကို နားလည်လိုသူများ တက်ရောက်သင့်ပြီး သင်တန်းပြီးဆုံးပါက ဒေတာစင်တာဝန်ဆောင်မှုအတွက် Server Virtualization ကို အခြေခံသိရှိနားလည်ကာ Infra Virtualization ၏ လုပ်ငန်းဆောင်တာများကို သိရှိသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ စနေ၊ တနင်္ဂနွေနှစ်ရက် နာရီပေါင်း ၃၀ ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၉၀၀၀၀ ဖြစ်ကြောင်း သိရသည်။ သင်တန်းတက်ရောက်မည့်သူများအနေဖြင့် မိမိ၏ ကိုယ်ပိုင် Notebook (သို့) Laptop များကို ယူဆောင်လာရမည်ဖြစ်ပြီး သင်တန်းတွင် Concepts စာအုပ်ကို ၁၅၀၀ ကျပ်ဖြင့် ထပ်မံဝယ်ယူရမည်ဖြစ်ကာ Digital ပိုင်းဆိုင်ရာ ebook, Tools နှင့် Video များကို အခမဲ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ရန်အတွက် ဇန်နဝါရီ ၂၆ ရက် နောက်ဆုံးထား၍ MCPA ရုံးခန်း၊ ဖုန်း - ၆၅၂၂၇၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

---

# ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အခမဲ့သင်တန်းကို အွန်လိုင်းမှ လျှောက်ထားနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ဗြိတိသျှကောင်စီနှင့် Standard Chartered တို့က ဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းရှင်များအတွက် ပညာရေးအစီအစဉ် Education for Entrepreneurs (E4E)၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အခမဲ့သင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ဖွင့်လှစ်သွားမည်ဖြစ်ရာ တက်ရောက်လိုသူများအနေဖြင့် အွန်လိုင်းမှ လျှောက်ထားနိုင်ကြောင်း သိရသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုခုကိုဦးဆောင်လုပ်ကိုင်နေသူများ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဗဟုသုတများ တိုးပွားလိုသူများ၊ မိမိတို့၏ စီးပွားရေးလုပ်ငန်းတွင် ကြုံတွေ့နေရသည့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် ဖြေရှင်းနည်းများကို သိရှိလိုသူများ၊ မိမိလုပ်ငန်းတွင် ကောင်းမွန်စွာ ပြန်လည်အသုံးချနိုင်သော ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ နည်းစနစ်များကို သင်ယူတတ်မြောက်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး UMFCCI ကလည်း သင်တန်းအတွက် ပူးပေါင်းဆောင်ရွက်ထားကြောင်း သိရသည်။

သင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ UMFCCI ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကို မြန်မာဘာသာဖြင့် ပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများအနေဖြင့် လျှောက်လွှာများကို http://bit.ly/2FLTR4s လိပ်စာတွင် ဒေါင်းလုပ်ရယူ၍ လျှောက်လွှာကိုဖြည့်စွက်ပြီးနောက် ဇန်နဝါရီ ၂၀ ရက်(ယနေ့) နောက်ဆုံးထားပြီး E4E Application' ဟု အီးမေးလ် ခေါင်းစဉ်တပ်ကာ ဒေါ်ယုလင်းခိုင်(yulin.khine@mm.britishcouncil.org) အီးမေးလ်လိပ်စာသို့ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ သင်တန်းနှင့် ပတ် သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၇၀၉၃၃ (လိုင်းခွဲ-၃၃၆၅)သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

---

# အူရီဒူး၏ 4G Plus ကွန်ရက်ကို မြို့နယ်ပေါင်း ၂၀၀ အထိ ဖြန့်ကြက်နိုင်ပြီးဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံအနှံ့တွင် 4G Plus ကွန်ရက်ကို ဖြန့်ကြက်တိုးချဲ့လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်အထိ မြို့နယ်ပေါင်း ၂၀၀ တွင် ကွန်ရက်ဖြန့်ကြက်ထားပြီးဖြစ်၍ နိုင်ငံအတွင်း မြို့နယ်များ၏ သုံးပုံနှစ်ပုံခန့်တွင် ကွန်ရက်ဖြန့်ကြက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးသည် မြန်မာနိုင်ငံတွင် ပထမဆုံး 4G ကွန်ရက်ကို ပြီးခဲ့သည့်နှစ် မေလအတွင်းက မိတ်ဆက်နိုင်ခဲ့ပြီးနောက် မြန်နှုန်းမြင့် 4G ကွန်ရက်ကို မြို့နယ်များတွင် ဆက်လက်တိုးချဲ့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တွင် မြို့နယ်အားလုံးနီးပါး၊ အခြားတိုင်းဒေသကြီးများ တွင် မြို့နယ်အများစု၌ ကွန်ရက်ဖြန့်ကြက်ထားပြီးဖြစ်သလို ရှမ်းပြည်နယ်တွင် မြို့နယ် အများစုနှင့် အခြားပြည်နယ်အားလုံးတွင် မြို့နယ်အချို့၌ ကွန်ရက်ဖြန့်ထားပြီးဖြစ်သည်။

အူရီဒူးမြန်မာအနေဖြင့် ပိုမိုကောင်းမွန်သော အင်တာနက်ကွန်ရက် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် 10 MHz လှိုင်းနှုန်းစဉ်ဖြင့် 1800 MHz ကြိမ်နှုန်းလှိုင်းခွင်ကို ထပ်မံရရှိရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုတစ်ခုကို မကြာမီက ပြုလုပ်ထားခဲ့သလို အသုံးပြုသူများအား သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နည်းပညာပိုင်းနှင့် ဆန်းသစ်တီထွင်မှုပိုင်း၌ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

---

**New Product**

## ဆယ်လ်ဖီကင်မရာ အားသာချက်နဲ့ Oppo F5 youth



Oppo F5 youth ဟာ နိုင်ငံတကာဈေးကွက်မှာ ၂၀၁၇ နိုဝင်ဘာလအတွင်းက စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဒီဇင်ဘာ လကုန်ပိုင်းက ဝင်ရောက် ထားတာဖြစ်ပါတယ်။ ကင်မရာပိုင်းကို အားသာချက်တွေနဲ့ ထုတ်လေ့ရှိတဲ့ Oppo ရဲ့ ထုံးစံအတိုင်း Oppo F5 youth မှာလည်း ဆယ်လ်ဖီကင်မရာပိုင်းကို အဓိကထားပြီး ထုတ်လုပ်ထားပါတယ်။

Oppo F5 youth ဟာ မျက်နှာပြင်အကျယ် ၆ လက်မရှိလို့ အရွယ်အစားကြီးတဲ့ဖုန်းဖြစ်ပြီး Resolution က 1080x2160 pixels ရှိလို့ ရုပ်ထွက်ပိုင်းမှာ အထူးကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်း 7.1 Nougat ကို Oppo ရဲ့ Color OS 3.2 နဲ့ပေါင်းပြီး အသုံးပြုပေးထားပါတယ်။ Cortex-A53 Octa-core CPU ကို သုံးထားပြီး RAM 3GB, မင်မိုရီ 32GB နဲ့ RAM 4GB, မင်မိုရီ 64GB လို့ နှစ်မျိုး ထွက်ထားပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးနိုင်ပြီး 256GB အထိ ထောက်ပံ့ ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး ဆယ်လ်ဖီကင်မရာပိုင်းမှာ ၁၆ မဂ္ဂါပစ်ဇယ်ကင်မရာကို ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေနဲ့ အားဖြည့်ထားပါတယ်။ နက်ဝပ်အနေနဲ့ GSM ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပြီး အင်တာနက်အတွက်လည်း 4G ကို ထောက်ပံ့ပေးထားပါတယ်။ လက်ဗွေစနစ်လည်း ပါဝင်ပြီး ဘက်ထရီပိုင်းမှာလည်း 3200mAh Li-Ion ဘက်ထရီကိုသုံးထားလို့ စွမ်းရည်မြင့်မားပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ သပ်ရပ်လှပတဲ့ အလူမီနီယံကိုယ်ထည်မှာ ရွှေရောင်နဲ့ အနက်ရောင် နှစ်မျိုးရနိုင်ပြီး ဈေးနှုန်းကတော့ လက်ရှိပြည်တွင်းဈေးကွက်မှာ ကျပ် ၃၂၀၀၀၀ ဝန်းကျင် ရှိပါတယ်။

**သူရဖြိုး - စုစည်းတင်ပြသည်**

## တိုက်တည်ဆရာတော်ကြီး လေးပါး အထိမ်းအမှတ် ပူဇော်ပွဲနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနား ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ် **မစိုးရိမ်တိုက်သစ် တိုက်တည်ဆရာတော်ကြီးလေးပါးအထိမ်းအမှတ်** ဂုဏ်တော်ပူဇော်ပွဲနှင့် ၂၀၁၇ခုနှစ်၊ ပညာသင်နှစ် စာမေးပွဲအသီးသီးအောင်မြင်တော်မူကြသည့် သကျသီဟဓမ္မာစရိယ အပါအဝင် စာအောင်သံဃာတော် အရှင်မြတ်တို့အား ပူဇော်သည့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သာသနာနုဂ္ဂဟဂေါပကအဖွဲ့ က ကြီးမှူးလျက် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ရက်မြတ်** - (၁၃၇၉ခုနှစ်၊ တပို့တွဲလဆန်း ၉ရက်) ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့)
**ညှော့ခံချိန်** - နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီထိ
**ပူဇော်ပွဲကျင်းပမည့်အချိန်** - မွန်းလွဲ ၁၂း၃၀နာရီ
**ပူဇော်ပွဲကျင်းပရာဌာန** - ဓမ္မမဟိဒ္ဓိလေးထပ်ကျောင်းဆောင်တော်ကြီး၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးဝင်းလွင်(‘သစ်လွင်’စက်နှင့်စက်အပိုပစ္စည်းရောင်းဝယ်ရေး)၏ဇနီး **ဒေါ်ချိုမာလွင်** (မြောင်းမြ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေး၊ အဖွဲ့ခွဲ (၂၆)၏ ဓမ္မယောဂီ)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၄ရက် ‘**လွတ်လပ်ရေးနေ့**’ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းရာတွင်‘**သီဟသုဓမ္မသီဂီဘွဲ့**’တံဆိပ်တော်ချီးမြှင့်ခြင်းခံရသည့်အတွက် မြောင်းမြမြို့၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေး၊ အဖွဲ့ခွဲ(၂၆)၊ အလုပ်အမှုဆောင်အဖွဲ့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သာသနာအကျိုးပြုဆိုင်ရာ၊ နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍ အသီးသီးတို့၌ ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပြီး အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ၊ အမှတ်(၂၆)**
**မြောင်းမြမြို့**

## ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း

မြောင်းမြမြို့၊ ဦးဘချိုလမ်း၊ အမှတ် ၉၄နေ ဦးဝင်းလွင်(“သစ်လွင်”စက်နှင့်စက်အပိုပစ္စည်းရောင်းဝယ်ရေး)၏ဇနီး **ဒေါ်ချိုမာလွင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၄ရက် “**လွတ်လပ်ရေးနေ့**”တွင် “**သီဟသုဓမ္မသီဂီဘွဲ့**”တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သူဖြစ်ပါစေကြောင်းနှင့် လုပ်ငန်းများတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**သစ်လွင် စက်အပိုပစ္စည်းရောင်းဝယ်ရေး**
**မိသားစုနှင့်ဝန်ထမ်းများ**
**မြောင်းမြမြို့**

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

| | | | |
|---|---|---|---|
| ၁။ | ဆိပ်ကမ်းရှင်းလင်းရေး | ကျား | ၅ ဦး |
| ၂။ | ကွန်ပျူတာစာရင်းကိုင်(မြို့တွင်း) | မ | ၃ ဦး |
| ၃။ | ရုံးဝန်ထမ်း(Office staff)(မြို့တွင်း) | ကျား/မ | ၅ ဦး |
| ၄။ | ငွေကိုင်(Cashier) | မ | ၃ ဦး |
| ၅။ | ဂိုဒေါင်စာရင်းကိုင်(မြို့တွင်း) | မ | ၃ ဦး |
| ၆။ | အရောင်းဝန်ထမ်း(မြို့တွင်း)၁၀တန်းအောင် | ကျား | ၁၀ ဦး |
| ၇။ | အရောင်းဝန်ထမ်း(မြို့တွင်း)၁၀တန်းအောင် | မ | ၁၀ ဦး |
| ၈။ | Marketingဝန်ထမ်း(မြို့တွင်း)၁၀တန်းအောင် | ကျား/မ | ၁၀ ဦး |
| ၉။ | သန့်ရှင်းရေးဝန်ထမ်း | မ | ၃ ဦး |

လစာကောင်းကောင်းပေးမည်။

အမှတ်စဉ်အားလုံးအတွက် လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်ရမည်၊ ဖျတ်လတ်တက်ကြွပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး လိုအပ်သော လစာကိုဖော်ပြ၍လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်/သန်းခေါင်စာရင်း/ အလုပ်သမားမှတ်ပုံတင် မိတ္တူ/ရဲစခန်းထောက်ခံစာ/ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

**လျှောက်ထားရန်လိပ်စာ**
**အမှတ်၁၉၀၊ လမ်း၃၀(အပေါ်)**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၄၂၀၅၃၊ ၀၉-၂၅၀၆၅၀၀၄၉**



## ကျိုင်းတုံတက္ကသိုလ်
## နဝမအကြိမ် ဘွဲ့နှင်းသဘင် ကြေညာချက်

၁။ ကျိုင်းတုံတက္ကသိုလ်က ကျင်းပခဲ့သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘွဲ့အသီး သီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် ၂၄-၂-၂၀၁၈ရက်တွင် ကျင်းပမည့် ကျိုင်း တုံတက္ကသိုလ် နဝမအကြိမ်ဘွဲ့နှင်းသဘင် တက်ရောက်ရန်(သို့)အဝေးရောက် ဘွဲ့ယူရန်အတွက် လျှောက်ထားနိုင်ကြပါသည်။

(က) **ပထမပိုင်း** ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ၊ပထဝီဝင်)၊သိပ္ပံဘွဲ့(ရူပဗေဒ၊သင်္ချာ၊ရုက္ခဗေဒ)
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (အင်္ဂလိပ်စာ၊ပထဝီဝင်)၊သိပ္ပံဂုဏ်ထူးဘွဲ့(ရူပဗေဒ၊သင်္ချာ၊ရုက္ခဗေဒ)
မဟာသိပ္ပံဘွဲ့ (ရူပဗေဒ၊သင်္ချာ၊ရုက္ခဗေဒ)

(ခ) **ဒုတိယပိုင်း** ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊သမိုင်း)၊ သိပ္ပံဘွဲ့(ဓာတုဗေဒ၊သတ္တဗေဒ၊ဘူမိဗေဒ)
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (သမိုင်း)၊သိပ္ပံဂုဏ်ထူးဘွဲ့(ဓာတုဗေဒ၊သတ္တဗေဒ၊ဘူမိဗေဒ)
မဟာဝိဇ္ဇာဘွဲ့(သမိုင်း)၊ မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ၊သတ္တဗေဒ)

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | - ကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရက် | - ၂၂-၁-၂၀၁၈ရက်မှ ၂-၂-၂၀၁၈ရက်ထိ |

၂။ ရပ်ဝေးမှပေးပို့လိုသူများသည်စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့ရမည်။ ငွေပို့လွှာ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ နေရပ်လိပ်စာ အပြည့်အစုံနှင့် တက်ရောက်ဘွဲ့(သို့မဟုတ်)အဝေးရောက်ဘွဲ့အတွက်ဟု တိကျစွာ ဖော်ပြရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူများသည် ကျိုင်းတုံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်
(၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ။
(၂) ဖလအတွင်းရိုက်ကူးထားသော မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ဖြင့် (၂"×၁.၅") အရွယ်ဆံပင်အရောင်မဆိုးထားသော ဓာတ်ပုံ(၃)ပုံ။
(၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။

၄။ ဘွဲ့ဝတ်စုံ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်၊ လိုအပ်သည့် စာရွက်စာတမ်းများကို ၁၉-၂-၂၀၁၈ရက်မှ ၂၁-၂-၂၀၁၈ရက်ရုံးချိန်အတွင်း ကျောင်းသားရေးရာဌာနတွင် ငွေသွင်းပြေစာကိုပြသ၍ ထုတ်ယူနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအားလုံးသည် ၂၂-၂-၂၀၁၈ ရက်တွင် ကျင်းပမည့် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက် တက်ရောက်ရမည်။ ဘွဲ့နှင်းသဘင် အခမ်းအနားကို ပထမပိုင်းဘွဲ့ယူမည့်သူများသည် ၂၄-၂-၂၀၁၈ရက် နံနက် ၁၀:၀၀နာရီနှင့် ဒုတိယပိုင်းဘွဲ့ယူမည့်သူများသည် ၂၄-၂-၂၀၁၈ရက် မွန်းလွဲ ၁:၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများသည် ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ကျိုင်းတုံတက္ကသိုလ် ဘွဲ့နှင်းဌာန ဖုန်း-၀၈၄-၂၂၅၃၇ သို့ဆက်သွယ်စုံစမ်းနိုင်သည်။

**(ခင်သန်းဆွေ) မော်ကွန်းထိန်း**
**ကျိုင်းတုံတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာန၏ (ပူးတွဲ)မိုင်းခတ်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း)အသုံးစရိတ်ဖြင့် မိုင်းခတ်မြို့နယ်တွင် လက်ရေတွင်းတူးဖော်ခြင်း၊ သွပ်ဆူးကြိုးကာရံခြင်း၊ မျိုးဥယျာဉ်တည်ဆောက်ခြင်းနှင့် ဂါလန်၁၂၀၀ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းတို့အား ဆောက်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံ သားကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၁-၂၀၁၈
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၂၄-၁-၂၀၁၈
(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်စွဲ/အချိန်** - ၂၄-၁-၂၀၁၈ ၁၆:၀၀နာရီ

၃။ ရှမ်းပြည်နယ်၊ သစ်တောဦးစီးဌာန ကျိုင်းတုံမြို့နယ်(ပူးတွဲ) မိုင်းခတ်မြို့နယ်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ **ဆက်သွယ်ရန်**
- ကျိုင်းတုံမြို့နယ်၊ သစ်တောဦးစီးဌာနရုံး၊ ဖုန်း-၀၈၄-၂၁၀၅၃
- ဦးစိုင်းမွန်းခမ်း (တောအုပ်) ဖုန်း-၀၉-၄၂၈၂၁၇၁၂၂

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရေးကော်မတီ)**


## အခန်းကျယ်ငှားရန်ရှိသည်
ကျွန်းတောလမ်းမ၊
စမ်းချောင်း
ဖုန်း-၀၉-၅၀၀၇၆၇၃၊
၀၉-၉၆၅၀၀၇၆၇၃


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၄၆၉၈ Toyota Mark II S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသူရမျိုးဝင်း ၁၂/မဟန(နိုင်)၀၀၀၉၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂H)၊ မြေကွက်အမှတ်(ပဋ္ဌမတန်းစား/၁၉)၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ ဒိုဘီလိုင်း-၁လမ်း၊ ကန်တော်ကလေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (Muny Ommal & T.Manickam) အမည်ပေါက် နှစ်၉၀ရန်မြေအား ဒေါ်ရီရီချို(တရားလို)က မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ် ၉ဖြင့် ဦးခန်း(ခ)တီမဂ္ဂနစ်ခန်း (T.Manickam)၊ ဒေါ်မိုးစိန်(တရားပြိုင်များ)တို့၏အပေါ် ဧရိယာ(၅၀'×၂၄' ၂"/၂၅' ၀")၏ မခွဲမစိတ်ရသေးသော (အနောက်ဘက်ခြမ်း)(အလျား×အနံ) (၁၂' ၁"/၁၂' ၆"× ၅၀' ၆")၏ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် ထက်ဝက်ဖြစ်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ပဋိညာဉ်အတိုင်းမြေနှင့်အိမ် အရောင်းအဝယ်ကတိမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့ပြီး ၂၀၁၆ခုနှစ်တရားမဇာရီမှုအမှတ် ၉/၁၇၏အမိန့်အရ တရားရုံးဦးခန်း(ခ)တီမဂ္ဂနစ်ခန်း၊ဒေါ်မိုးစိန်တို့ကိုယ်စား ဘီလစ်ဒေါ်ဝင်းဝင်းဌေး ၁၂/သဃက(နိုင်)၀၇၅၂၈၅မှ ဂရန်မူရင်း၊ တရားရုံးအမိန့်များတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေပြင်တွင်ထပ်ခိုးပါတစ်ထပ်တိုက်(၂)လုံးရှိပြီး လျှောက်ထားသည့် Portion ထပ်ခိုးပါ တစ်ထပ်တိုက်တွင်တရားနိုင် ဒေါ်ရီရီချိုနေထိုင်ပြီး ကျန် Portion ထပ်ခိုးပါတစ်ထပ်တိုက်အဆောက်အအုံတွင် ဦးလှအေးနေထိုင်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၁၀/၂၀၁၇-၂၀၁၈ ကြိမ်မြောက်စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသားအိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း ကျွန်း/သစ်မာသစ်လုံး/သစ်ခွဲသားများတန်(၁၁၉၅၉)ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(အထူး) အိတ်ဖွင့်တင်ဒါ - ၁၄/၁၅-၂-၂၀၁၈ ရက် နံနက် ၀၉:၀၀နာရီမှ စတင်မည်
- ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး
/စစ်ကိုင်းတိုင်းဒေသကြီး/ မကွေးတိုင်းဒေသကြီး/
ရှမ်းပြည်နယ်(တောင်ပိုင်း)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း ဖုန်း-၀၁-၃၇၂၄၂၂၊ ၀၁-၃၇၀၂၃၂၊ ၀၁-၃၇၁၆၈၈၊ ၀၂-၇၀၃၇၃များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော ဖော်ပြပါရာထူးများ (လစာနှုန်း-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အတွက် လျှောက်လွှာများလျှောက်ထားနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်) | ၁၃၆ နေရာ | ဆေးဘက်ဆိုင်ရာဓာတ်မှန်ရိုက်နှင့် ပုံရိပ်ဖော်နည်းပညာဘွဲ့ |
| ၂။ | ဆေးဘက်ကျွမ်းကျင်(၂) (အကြော) | ၂၇ နေရာ | ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာဘွဲ့ |
| ၃။ | ဆေးဘက်ကျွမ်းကျင်(၂) (ဆေးဝါး) | ၁၁၉ နေရာ | ဆေးဝါးသိပ္ပံဘွဲ့ |

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်၃၀ ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismiss)ခြင်း၊ ထုတ်ပယ် (Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံထားရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ဘွဲ့ရရှိကြောင်း ထောက်ခံချက်မူရင်းနှင့် အမှတ်စာရင်းမိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) တာဝန်ကျရာမည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း၊
(င) စိတ်ရောဂါ၊မူးယစ်စေသောအရက်စွဲ၊ ဆေးစွဲလက္ခဏာမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ဆေးထောက်ခံစာမူရင်း
(စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသောပတ်စ်ပို့အရွယ်အစား ဓာတ်ပုံ(၂)ပုံ၊
(ဆ) အလုပ်သမားမှတ်ပုံတင်မူရင်း၊
(ဇ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ကျွမ်းကျင်(၂)များအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေ ကျပ်(၄)သိန်းတိတိကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ၂၃-၂-၂၀၁၈ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။ လျှောက်လွှာများပေးပို့ရာတွင် နောက်ဆုံးသတ်မှတ်ရက်တွင် ရောက်ရှိနိုင်ခြင်းမရှိဟုယူဆပါက ပုဂ္ဂလိက ချောပို့ဖြင့်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း ပို့ဆောင်ခြင်းအား လက်ခံမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကိုလက်ခံစဉ်းစားမည်မဟုတ်ပါ)

၆။ လျှောက်ထားသူ (ဓာတ်မှန်/အကြော/ဆေးဝါး)များသည် ၁၂-၃-၂၀၁၈ရက်တွင် လာရောက်သတင်းပေးပို့ရမည်ဖြစ်ပြီး ၁၃-၃-၂၀၁၈ရက်တွင်ရေးဖြေ ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ ရေးဖြေဖြေဆိုအောင်မြင်သူများသည် ဖော်ပြပါအစီအစဉ်အတိုင်း သတင်းပေးပို့ လူတွေ့ဖြေဆိုရမည်။

| စဉ် | ရာထူး | သတင်းပို့ရမည့်ရက် | လူတွေ့ဖြေဆိုရမည့်ရက် |
|---|---|---|---|
| ၁။ | ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်) | ၁၉-၃-၂၀၁၈ | ၂၀-၃-၂၀၁၈ |
| ၂။ | ဆေးဘက်ကျွမ်းကျင်(၂) (အကြော) | ၂၁-၃-၂၀၁၈ | ၂၂-၃-၂၀၁၈ |
| ၃။ | ဆေးဘက်ကျွမ်းကျင်(၂) (ဆေးဝါး) | ၂၈-၃-၂၀၁၈ | ၂၉-၃-၂၀၁၈ |

၈။ လျှောက်ထားသူများသည် ကုသမှုအထောက်အကူပြုဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်မပျက်မကွက်လာရောက်သတင်းပို့ရပါမည်။လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါဘွဲ့လက်မှတ် မူရင်း (သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၉။ အသေးစိတ်သိရှိလိုသည်များကို ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၇၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၁၀။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့် မကိုက်ညီမပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

**ကုသရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဖားပျောက်ကျေးရွာ၊ အလက(ခွဲ)ပဋ္ဌမတန်းမှ မမေသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအိဆမိုင်(ခ)ဦးအောင်မင်း KMW(၁၃၁၅၃၃)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအိဆမိုင်(ခ)ဦးအောင်မင်း**


## အင်္ဂလိပ်စာ
ဆရာဦးမိုးမြင့်မောင်
Saya William(Top English)
ဆရာအောင်အောင်
- General English 4-Skills
- Grammar+Writing
- Phonetics အသံထွက်နည်း
- အင်္ဂလိပ်စကားပြောသင်တန်းများ
EVER TOP သင်တန်းကျောင်း၊
အမှတ်(၆၆/၆၈)၊ဝှလွာ၊အင်းစိန်လမ်း၊၊
ကမာရွတ် (စံရိပ်ငြိမ်မှတ်တိုင် /လှည်းတန်း)
Ph:09254903604, 09799656514


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6A/9695 Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နွယ်နွယ်ကျော် ၁/မကန(နိုင်) ၁၀၆၅၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(တောင်ကြီး)
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာတက္ကသိုလ် (တောင်ကြီး)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၂၄-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၉နာရီ
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ၂၀၁၇ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော စတုတ္ထနှစ် အောင်မြင်သူများတက်ရောက်ယူနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။
(က) **တက်ရောက်ဘွဲ့** - ၁၅၀၀၀/(ကျပ်တစ်သောင်းငါးထောင်တိတိ)
(ခ) **အဝေးရောက်ဘွဲ့** - ၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်း၍ ရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာ တင်သွင်းရမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ် (တောင်ကြီး)ရှိ ကျောင်းသားရေးရာဌာနတွင် ၁၇-၁-၂၀၁၈ ရက်မှ စတင်ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၅-၂-၂၀၁၈ရက် (တနင်္လာနေ့) နောက်ဆုံးလျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက် ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်ထားတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များကို စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ် (တောင်ကြီး)ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၉-၄၂၈၃၁၆၁၀၅**

**နည်းပညာတက္ကသိုလ်(တောင်ကြီး)**

## ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ(သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုနှင့် Opera System သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအောင်နှင့်ဘွဲ့ရများ |
| ၄။ | အိမ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် Laundry သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများ |
| ၅။ | အစားအစာနှင့်အဖျော်ယမကာကျွေးမွေးရေးနှင့် Stewarding သင်တန်း(အဆင့်၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများ |
| ၆။ | အစားအစာနှင့်မုန့်ထုတ်လုပ်ရေးသင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများ |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့်၁) | - တက္ကသိုလ်ဝင်တန်း အဆင့်ရှိ စိတ်ပါဝင်စားသူများ |
| ၈။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)၊ စာရင်းကိုင်(စီမံ/ဘဏ္ဍာ) Supervisor (Admia/Accts) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့်၂) အိပ်ခန်းထိန်းမှူး၊ (အခန်းဌာနကြီး) F.O Supervisor (Front Office) Housekeeping Supervisor (Housekeeping) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သင်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)၊ စားသောက်ခန်းမှူး (အစားအစာဌာနကြီး) F & B Supervisor (F & B Service) Kitchen Supervisor(F & B Production) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သင်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

**သင်တန်းကာလ-** ၅-၂-၂၀၁၈ မှ ၃၀-၃-၂၀၁၈
**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်-**
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၅၃၃၉၄၈၃၆၊ ၀၁-၃၉၄၈၃၆**
**Facebook Page:Hotel and Tourism Training Center-Kandawgyi**
**Email:infocentre.httc@gmail.com**

## စလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအား ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးမွှောရုံ(ယခင် စား/ဖျော် ဓမ္မာရုံ)၌ ကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၇ခုနှစ် မတ်လ၌ ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏သား၊ သမီးများစာရင်းကို ၂၂-၁-၂၀၁၈ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ အကြောင်းကြားပါရန်နှင့် အသင်းဝင်မိသားစုများတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လျှဒါန်းရန်မှာ ဦးငွေးကြွယ် ဖုန်း-၀၁-၂၉၉၇၂၆၊ ဦးကျော်နိုင် ဖုန်း-၀၉-၇၉၅၃၈၃၁၉၉၊ ဦးမျိုးချစ် ဖုန်း-၀၉-၂၅၄၇၈၉၉၃၃၊ ဦးသိန်းညွန့် ဖုန်း-၀၉-၂၅၀၀၈၃၅၅၄၊ ဦးဝင်းလှိုင် ဖုန်း-၀၉-၄၃၀၂၄၉၅၈၊ ဗိုလ်မှူးသန်းအေး(ငြိမ်း) ဖုန်း-၀၉-၅၀၇၉၄၇၁၊ ဦးစန်းညိုအောင် ဖုန်း-၀၉-၂၅၀၁၅၄၀၄၈၊ ဒေါ်မေခင်ညွန့် ဖုန်း-၀၉-၂၅၄၉၅၅၅၂၈၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၄၀၅၀၀၊ ဦးစိုးညွှန့် ဖုန်း-၀၉-၇၉၉၈၇၆၁၉၇၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၉၇၂၇၉၇၉၈၈၀၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁၁၇၂၉၉ တို့ဖြစ်ပါသည်။

**(အာစိဏ္ဏကံအလှူတော်ငွေစုဘူးများ ယူဆောင်လာကြပါရန်)**

*** ဦးငွေးကြွယ်-ဒေါ်သန်းသန်းမိသားစုတို့မှ ရွှေတောင်ခေါက်ဆွဲ၊ လက်ဖက်ရည်တို့ဖြင့် ဒါနပြု ဧည့်ခံကျွေးမွေးပါမည်။**

**အမှုဆောင်အဖွဲ့(ရန်ကုန်မြို့)**

## မနောမယိဒ္ဓိပညာ (၂၃)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းနှင့် စာရေးတံမဲလောင်းလှူပွဲကြီး

မနောမယိဒ္ဓိပညာကျေးဇူးရှင် ပြည်လုံးချမ်းသာ ဆရာကျော်ကြီး၏ (၁၂၈)နှစ်မြောက် မွေးနေ့အဖြစ် (၂၃)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းနှင့် စာရေးတံမဲလောင်းလှူပွဲကြီးကို ညောင်ဦးမြို့ ရွှေစေတီကျောင်းဝင်းအတွင်းရှိ မနောမယိဒ္ဓိဓမ္မာရုံကြီး၌ (၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၂ရက်မှ တပို့တွဲလပြည့်နေ့အထိ) ၂၈-၁-၂၀၁၈ ရက်မှ ၃၁-၁-၂၀၁၈ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ပညာခွင်သားအပေါင်း ကြွရောက်ပါဝင်ဆောင်ရွက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလှူပွဲဖြစ်မြောက်အောင် ကြိုးစားကြသူများ**

**ဆက်သွယ်ရန်ဖုန်း-** ၀၉-၂၅၈၄၆၃၇၀၃၊ ၀၉-၂၅၄၅၄၇၉၄၀၊ ၀၉-၅၀၃၃၆၇၃၊ ၀၉-၇၈၇၁၁၃၉၈၁၊ ၀၉-၂၅၀၉၆၃၅၂၇၊ ၀၉-၂၅၉၄၆၃၀၃၆၊ ၀၉-၃၁၆၉၁၄၆၂

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

### စိတ်နှလုံးဖြူစင်အေးချမ်းတဲ့ ချစ်ဇနီး မီးငယ်လေး

ဒေါ်ယဉ်သူဇာမျိုး (Royal Silk & Cotton) ၏ ၂၀-၁-၂၀၁၈ ရက်မှာ ကျရောက်သော နှစ်(၄၀)ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်မွေးနေ့ပေါင်းများစွာ ဆန္ဒနှင့်ဘဝ ထပ်တူကျလျက် လုပ်ကိုင်ပြောဆိုကြံစည်သမျှ အရာရာအောင်မြင်ပြီး စိတ်လည်းချမ်းသာ၊ ကိုယ်လည်းကျန်းမာ ပြီးပြည့်စုံစွာဖြင့် ချစ်ခင်ပွန်း သားနှစ်ဦးနှင့်အတူ ထာဝရအေးချမ်းပျော်ရွှင်စွာ နေထိုင်သွားနိုင်ပါစေ။

**ချစ်ခင်ပွန်း - ဦးထွန်းနိုင်**
**ချစ်သားကြီး - မောင်အောင်မျိုးခန့်**
**ချစ်သားငယ် - မောင်မျိုးမင်းခန့်**

## ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၇ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး Lion City Restaurant (ရွှေစံပယ်ရိပ်မွန်နှင့် ရွှေမာလာရိပ်မွန်ကြား၊ ရေကြောင်းသိပ္ပံရှေ့)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ အသင်းသား၊ မြို့နယ်သူ မြို့နယ်သား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပြုစာများကို ၂၁-၁-၂၀၁၈ရက် နောက်ဆုံးထားပေးပို့ပါရန်၊ အသင်းဝင်သားသမီးများ ၂၀၁၈ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို ၃၁-၃-၂၀၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀နာရီတွင် စတင်ပါမည်။ နံနက် ၁၀း၃၀နာရီတွင် အကျွေးအမွေးဖြင့်ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။

**အမှုဆောင်အဖွဲ့**

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များနှင့် အသင်းဝင်များ **(မပျက်မကွက်)**တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၈. ၁. ၂၀၁၈ (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် (၉ း ၃၀)နာရီ

ကျင်းပမည့်နေရာ - ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊ ဆည်မြောင်းဝန်း၊ (၈)မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**(တစ်ဦးချင်းသီးခြားဖိတ်ကြားစာမပို့ပါ)**

**အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း အသင်းဆိုင်းဘုတ်တင်ပွဲနှင့် အသင်းဝင်များ၏ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ

ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်ပုံတင်အမှတ် ၁/ပြည်တွင်း/၀၅၅၀ ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း **ဆိုင်းဘုတ်တင်ပွဲနှင့် အသင်းဝင်များ၏ (၁၃)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲ**ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၁-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀း၀၀ နာရီတိတိ
**နေရာ** - ရှေ့နေချုပ်ရုံးဓမ္မာရုံ၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဗဟန်း(၂)လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့ အထက တက္ကသိုလ်ဝင်တန်း(A)မှ မသင်းသွဲ့သွဲ့အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၇/ကတခ(နိုင်)၀၀၀၂၇၅ ဖြစ်ပါသည်။

**ဦးအောင်ကျော်မိုး**

## ပျောက်ဆုံးခြင်း

ကျွန်တော် သူရိန်ထွေး(ဘ)တင်လှ ၅/ခဥန(နိုင်)၁၁၉၄၀၆၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**သူရိန်ထွေး ဖုန်း-၀၉-၄၀၀၃၄၃၉၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/2239 Toyota Probox NCP51, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးခင်ထွန်း ၁၂/ကမရ(နိုင်)၀၁၆၇၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃) ဆဋ္ဌမတန်း(ခ)မှ မောင်ဖွဲ့ထက်နိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်မူရင်းအရ ဦးစိုးမင်းနိုင် ၁၃/လရန(နိုင်)၀၇၈၈၉၈ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မတို့ SHAN SUN SHINE MINING COMPANY LIMITED (သျှမ်းနေခြည် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဒေါ်နန်းဆိုင်ခမ်း ဖုန်း-၀၉-၅၂၆၂၃၂၁**



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃စယ/၂၄၉၅၄ (XGJAO-125) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဗျတ်သင်ပါရီ ၅/ကလထ(နိုင်)၀၄၅၈၅၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၄၊ မြေကွက်အမှတ် ၈၇၇/က၊ မြေကွက်တည်နေရာအမှတ် ၈၇၇/က၊ မာလာလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးခင်မြင့်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်မြင့်ထံမှ အရပ်ကတိအရောင်းအဝယ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ရင်ရင် ၁၄/ဘကလ(နိုင်)၁၄၁၀၀၀မှ မြေချပါမစ်တွင် ဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်စာရွက်တို့ကို တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရင်းစာရွက်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်တို့ တင်ပြနိုင်ခြင်းမရှိဘဲ (ပါမစ်မစုံ)ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင် ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့ရှောင်လမ်း၊ အမှတ်(၅၂၆)နေ MEDICA PHARMACEUTICAL COMPANY LIMITED ၏ ဒါရိုက်တာ ဒေါ်ပြုံးပြုံးထွေး(၁၂/မရက(နိုင်)၁၂၅၄၂၈)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၁၃၉၄၅/၂၀၁၇) အရ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။




အဆိုပါ"Jasmine"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရေသန့်နှင့် အချိုရည်အမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍သော်လည်းကောင်း ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးမျိုးသန့် (ခ) ဦးမောင်ကြီး** | **ဒေါ်တင်မိုးခိုင်** |
| LL.B(စဉ် - ၁၀၅၇၇) | LL.B(စဉ် - ၄၂၁၆၉) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း - ၀၉-၇၉၇၁ ၆၃၈၆၅၊ ၀၉-၉၆၄၂၄၈၃၄၀၊ ၀၉-၇၉၅၃၈၆၄၄၇

## အများသိစေရန်ကြေညာချက်

ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့၊ နယ်မြေ(၁၃)၊ ရပ်ကွက်(၅)အောက်မန်အိုင်လမ်း၊ အမှတ်(၄၆)နေ ဒေါ်သီတာဟန် ၁၂/ဥကမ(နိုင်)၀၇၃၈၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

လားရှိုးမြို့၊ ရပ်ကွက်(၃)၊ လမ်းမတော်လမ်း၊ အမှတ်(၄၆)ရှိ နယူးဂိုး(လ်)ဒင်းစကိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်)၁၂၀၄၈၁သည် ၂၈-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဒေါ်သီတာဟန်သည် ကွယ်လွန်သူ ဦးကျော်ဝင်း၏ တရားဝင်ဇနီးဖြစ်ပါသည်။

ဦးကျော်ဝင်း ကွယ်လွန်ပြီးနောက်ပိုင်းတွင် နယူးဂိုး(လ်)ဒင်းစကိုင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ လုပ်ငန်းကိစ္စများကို ဒေါ်သီတာဟန်မှ တစ်စုံတစ်ရာဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။ သို့ပါ၍ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းကွယ်လွန်သည့် ၂၈-၆-၂၀၁၆ရက်နောက်ပိုင်း နယူးဂိုး(လ်)ဒင်းစကိုင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အမည်ဖြင့် ဆက်လက်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများနှင့် ငွေရေးကြေးရေး ကိစ္စအဝဝသည် ဒေါ်သီတာဟန်နှင့်သက်ဆိုင်ခြင်းမရှိပါသောကြောင့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**(ဒေါ်သီတာဟန်)**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးရီ(စဉ်-၆၅၃၅)**
**H.G.P,LL.B,D.L 101 WIPO (Switzerland).**
**B.D.S(MOFA)ADVOCATE**
**တိုက်-၂/အခန်း ၀၀၁၊ နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာ၊ (က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၈၉၂၃၉၊ ၀၉-၄၂၅၀၂၀၆၃၂၊ ၀၉-၂၆၂၆၂၁၉၄၇**

## ၁၅-၁၂-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(ခ)ပါ ဦးတု(ဘ)ဦးမှိုင်း ၅/ကလန(နိုင်)၀၀၂၀၄၁နှင့်ဦးကျော်ဝင်း(ဘ)ဦးရန်ဝေး၅/တဆန(နိုင်)၀၈၀၄၈၀ တို့၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဇော်မြင့်ထွန်းLL.B(စဉ်-၁၁၈၂၉)မှ အများသိစေရန်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးတု(ဘ)ဦးမှိုင်း ၅/ကလန(နိုင်)၀၀၂၀၄၁နှင့် ဦးကျော်ဝင်း(ဘ)ဦးရန်ဝေး ၅/တဆန(နိုင်)၀၈၀၄၈၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ထည့်သွင်းကြေညာခဲ့သည့် ၁၅-၁၂-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်အပေါ် ရန်ကုန်မြို့နေ ဒေါ်လှမျိုးဝေ ၁၁/မဥန(နိုင်)၀၆၆၂၉၉၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အထက်ဖော်ပြပါပုဂ္ဂိုလ်နှစ်ဦး၏ လွှဲအပ်ကြေညာထားသည့် ၁၅-၁၂-၂၀၁၇ ရက်ဖြင့် ကြေးမုံသတင်းစာကြေညာချက်တွင် ပါဝင်နေသည့် ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော် (A-၁၂)လမ်း၊ တိုက်အမှတ် ၁၅၊ မြေညီထပ်၊ အခန်းအမှတ် ၀၀၁တိုက်ခန်းအား ဒေါ်လှမျိုးဝေ ၁၁/မဥန(နိုင်)၀၆၆၂၉၉က ဒေါ်တင်မာဝင်း ၅/ကလန(နိုင်)၀၃၇၆၅၅ထံမှ ၁၂-၁-၂၀၁၇ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် သက်ဆိုင်ရာ ရပ်ကွက်လူကြီးများရှေ့မှောက်တွင် ထိုတိုက်ခန်းဆက်စပ်စာချုပ်စာတမ်းများနှင့် စာရွက်စာတမ်းများရယူပြီး ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။

အဆိုပါတိုက်ခန်းတွင် ရောင်းချသူ ဒေါ်တင်မာဝင်းက တိုက်ခန်းတွင် ခေတ္တနေထိုင်ခွင့်ပြုပေးပါရန် ခွင့်တောင်း၍ ယာယီအငှားဖြင့် နေထိုင်ခွင့်ပြုထားခဲ့ရာမှ ဒေါ်လှမျိုးဝေက တိုက်ခန်းကို ပြန်လည်အပ်နှံရန်နှင့် တိုက်ခန်းမှ ရှင်းလင်းဖယ်ရှားပေးရန် ဒေါ်တင်မာဝင်းအား အသိပေးအကြောင်းကြားသည့်အချိန်တွင် ဒေါ်တင်မာဝင်းမိသားစုမှ အထက်ဖော်ပြပါတိုက်ခန်းတွင် နေထိုင်မှုမရှိတော့ကြောင်း သိရှိရသဖြင့် ဒေါ်တင်မာဝင်းနှင့်အထက်ဖော်ပြပါတိုက်ခန်းကိစ္စရှင်းလင်းရန်ဆောင်ရွက်နေဆဲတွင် ကြေးမုံသတင်းစာတွင်ကြေညာသည်ကို ဒေါ်လှမျိုးဝေက သိရှိရခြင်းဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါ တိုက်ခန်းကို အမှန်တကယ် ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်လှမျိုးဝေကသာ ပိုင်ဆိုင်လျက်ရှိနေပါသည်။ တိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်သူ၊ သက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်တွင်း ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံရှင်းလင်းကြရန် အသိပေးကြေညာအပ်ပါသည်။ ဤကြော်ငြာအသိပေးချက်အတိုင်း လိုက်နာခြင်းမပြုဘဲ တိုက်ခန်းပိုင်ဆိုင်မှုကို ဟန့်တားနှောင့်ယှက်လာပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဒေါ်လှမျိုးဝေ**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးကျော်** | **ဦးမျိုးရွှေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၃၃/၂၀၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၁၂၇၇၉)** |

**အမှတ် ၁၀၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၃၁၀၂၆၆၈၊ ၀၉-၇၃၁၀၂၆၆၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3443 Toyota Soarer Uzz40 S/L (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းရှိန် ၁၂/ဗတထ(နိုင်)၀၁၈၃၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ (၃)၊ အကွက်အမှတ် (၄၂/ဘုရားကြီးရပ်)၊ ဦးပိုင်(၄၄-က)၊ ဧရိယာ ၀ဒ၁သမ၁၅၈ဧက၊ မြေငှားလိုင်စင်အမှုတွဲအမှတ် ၅/၂၀၀၇-၂၀၀၈(စီ) ဒေါ်နန်းအောင်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို ၁၂-၁-၂၀၁၇တွင် စာချုပ်အမှတ် ၀၀၃I/၂၀၁၇ ဖြင့် သားဖြစ်သူ စိုင်းစံမြသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းပြီးဖြစ်ပါသဖြင့် အမည်ပြောင်း၊ ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါကရက်ပေါင်း ၂၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တန့်ယန်းမြို့နယ်ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**စိုင်းစံမြ ၁၃/တယန(နိုင်)၀၄၄၅၁၀**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက် (၄)၊ နယ်မြေ (၅)၊ အကွက်အမှတ် (၂၃/ဗလီအရှေ့)၊ ဦးပိုင်(၂၀၀)၊ ဧရိယာ ၀ဒ၁သမ၃၅၄ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၅၁-၅/၂၀၀၀-၂၀၀၁(အေ) ဒေါ်ကျန်ကျောင်းရင်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို ၄င်းကွယ်လွန်သဖြင့် (၁၂-၈-၂၀၁၆)တွင် စာချုပ်အမှတ်၀၉၄I/၂၀၁၆ဖြင့် သားဖြစ်သူ ဦးရှောဖူးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာပြီးဖြစ်ပါသဖြင့် အမည်ပြောင်း၊ ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တန့်ယန်းမြို့နယ်ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရှောဖူး ၁၃/တယန(နိုင်)၀၁၉၁၈၁**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက် (၂)၊ အကွက်အမှတ် (၂၅/ရဲဌာနကွက်)၊ ဦးပိုင်(၇၇)၊ ဧရိယာ ၀ဒ၁သမ၂၂၅ဧက မြေငှားဂရန်အမှုတွဲအမှတ် ၆၂-၅/၂၀၀၁-၂၀၀၂(အေ)ဒေါ်နပ်နု(ခ)နန်းနု အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ကို ၁၄-၃-၂၀၁၇တွင် စာချုပ်အမှတ် ၀၃၈I/၂၀၁၇ ဖြင့် မောင်ရန်တယ်ရှန်သို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်း၊ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တန့်ယန်းမြို့နယ်ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မောင်ရန်တယ်ရှန် ၁၃/တယန(နိုင်)၀၄၂၁၈၈**

## အများသိစေရန်ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက် (၃)၊ နယ်မြေ (၆)၊ အကွက်အမှတ် (၂၃/ဗလီအရှေ့)၊ ဦးပိုင်(၄၅)၊ ဧရိယာ ၀ဒ၁သမ၀၈၀ဧက၊ ဂရန်အမှုတွဲအမှတ် ၆-၅/၂၀၀၆-၂၀၀၇(အေ) ဦးအိုက်ရှင်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို ၂၄-၈-၂၀၁၅တွင် စာချုပ်အမှတ် ၀၅၀I/၂၀၁၅ ဖြင့် ဒေါ်အေးနွမ်းသို့ ရောင်းချပေးပြီးဖြစ်ပါသဖြင့် အမည်ပြောင်း၊ ထပ်မံအသစ်လျှောက်ထားမည်ဖြစ် ရာ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တန့်ယန်းမြို့နယ်ထွေအုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးနွမ်း ၁၃/တယန(ပြု)၀၀၀၂၅၅**

## ပြန်လည်ရုပ်သိမ်းခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အကွက် ၁၅၉နေ ဦးစိုးအောင်-ဒေါ်အမာတင်တို့၏သမီး မတင်ဇာအောင် ၉/အမဇ(နိုင်)၀၆၂၄၃၇အား ၇-၇-၂၀၁၆ မြန်မာ့အလင်းသတင်းစာပါသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း။

**မိဘများ-**
**ဦးစိုးအောင်-ဒေါ်အမာတင်**
**မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၂၇၃)၊ မြေအကျယ် (၂၅ပေ×ပေ ၅၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၃)ဟုခေါ်တွင်သော နေအိမ်ကို ဒေါပုံမြို့နယ်တရားရုံးမှ ၂၈-၁၂-၂၀၁၇ရက်စွဲပါ ဝရမ်းခွာသည့်အမိန့်နှင့် ဒီကရီကို ချမှတ်ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အထက်ဖော်ပြပါနေအိမ်မှာ ဦးသောင်းရွှေပါ(၆)ဦးမှသာ တရားဝင်ပိုင်ဆိုင်လျက်ရှိသည့်ပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးသောင်းရွှေပါ (၆)ဦး**

**ဦးလှမြင့်-ဦးသိန်းရွှေ-ဒေါ်သောင်းမြင့်-**
**ဒေါ်အေးအေးသွင်-ဒေါ်ယဉ်ယဉ်မြင့်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၁၃၁)ရှိ အကျယ်အဝန်းမြေအကျယ် (၁၈'၆"×၅၈' ၉")ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှစ်လုံး၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှရီ ၁၂/အစန(နိုင်)၀၅၉၆၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရီလေးမော် (စဉ်-၂၇၁၀၃)** | **ဒေါ်အိအိဖြူ (စဉ်-၄၆၆၃၈)** |

**အထက်တန်းရှေ့နေများ**
**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၈၉၃၈၀**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း ၇၊ သီတာလမ်း၊ ခြံအမှတ် ၂၄၊ (ယခင်အခေါ် ရန်ကုန်မြို့၊ ပေါက်ကုန်းကျေးရွာ၊ ကွင်းအမှတ် ၅၃၅/ဘီ၊ ဦးပိုင် အမှတ် ၇၆က^၂၊ အုတ်ဖိုရိုးမြောက်-အမည်ပေါက်)၊ ဧရိယာ ၀ဒ၁သမ၂၉ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၂၃-၁၀-၂၀၁၇ ရက်တွင် ပြုလုပ်ချုပ်ဆိုထားသော သဘောတူကတိစာချုပ်အရ ဒေါ်ခင်ဖြူဝင်းရွှေ၊ ဦးမြင့်ဆွေ၊ ဦးကျော်ကိုကိုခိုင်၊ ဦးမျိုးမင်းသူရနှင့် ဦးယူနိုင်တို့က ပူးတွဲပိုင်ရှင်များအဖြစ် ပိုင်ဆိုင်ကြသူများဖြစ်ကြပါသည်။ ကျွန်တော် ဦးမျိုးမင်းသူရ အပါအဝင် အထက်ဖော်ပြပါမြေကွက်အိမ်အဆောက်အအုံအား ယခုကြော်ငြာပါ ပိုင်ဆိုင်သူများအားလုံး ပြည့်စုံစွာပါရှိခြင်းမရှိဘဲမြေကွက်၏ မည်သည့်အစိတ်အပိုင်းကိုမဆို အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းများမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမင်းသူရ ၁၂/ပဘတ(နိုင်)၀၂၆၁၇၁**
**ဖုန်း-၀၉-၂၅၄၀၉၁၂၂၈၊ ၀၉-၇၇၈၄၁၇၈၆၃၊ ၀၉-၄၃၀၈၄၉၆၄**

## ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**၂၀၁၈ ခုနှစ် မေလ ၁ ရက်၊ နံနက် ၉ နာရီ**

အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူဟောင်းများ၊ စေတနာရှင်များ၊ ပူဇော်ပွဲအလှူငွေများကို ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့ရှိ အောက်ပါဘဏ်ခွဲ Account များသို့ ငွေလွှဲပေးပို့နိုင်ကြပါပြီ။

KBZ ဘဏ် Account No.20430220400296301
AYA ဘဏ် Account No.0141202010019092
CB ဘဏ် Account No.0082600100025283

**ဆက်သွယ်ရန်ဖုန်း-**

| | |
|---|---|
| **ဦးနု** | ဖုန်း-၀၉-၅၁၁၉၆၆၂ |
| **ဒေါက်တာဌေးဌေးမော်** | ဖုန်း-၀၉-၉၇၆၀၅၁၂၄၈ |
| **ဦးရန်နောင်** | ဖုန်း-၀၉-၄၂၁၁၆၆၉၀၃ |
| **ဦးအေးလွင်** | ဖုန်း-၀၉-၇၉၈၂၉၃၀၆၃ |
| **ဦးသာအောင်ကျော်** | ဖုန်း-၀၉-၄၉၃၄၄၆၈၄ |
| **ဦးတင်စော** | ဖုန်း-၀၉-၇၉၀၈၈၁၇၀၀ |
| **ဦးကြည်ဝင်း** | ဖုန်း-၀၉-၇၈၅၅၅၀၅၄၇ |
| **ဦးဌေးခိုင်** | ဖုန်း-၀၉-၄၂၀၁၂၇၀၇၅ |
| **ဒေါက်တာမေစံပယ်ဖြူနု** | ဖုန်း-၀၉-၄၃၁၅၇၈၇၁ |
| **ဒေါက်တာဇင်မာဝင်း** | ဖုန်း-၀၉-၇၃၀၄၉၈၀၅ |

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းလမ်း၊ အမှတ်(၂၆/ဘီ)ဟု ခေါ်တွင်သောခြောက်လွှာရှိ(5th Floor)၊ ခြေရင်းခန်းပေ(၁၂×၅၀)ရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စောဦး ၉/မထလ(နိုင်)၀၀၁၈၆၂ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးအကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေယျာဌေးတင့်(LL.B,D.B.L,D.I.L,D.M.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၂၀)**
**ရုံး-ရှေ့နေအသင်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၃၁၉၅၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အောက်ဗဟိုလမ်းမပေါ် အမှတ် ၄၈၄၊ အကျယ်အဝန်း(၃၀'×၁၇')ဟုခေါ်တွင်သော အိမ်နှင့်မြေအပါအဝင် ၄င်းနှင့်ပတ်သက်ဆက်နွယ်သည့် ရေ၊ မီး၊ အစုံအလင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကြသူများဖြစ်ကြသည့် (၁)ဦးစိန်ဝင်းကျော် ၁၂/ရပသ(နိုင်) ၀၁၇၈၃၇၊ (၂) ဦးညီညီကျော် ၁၂/အစန(ယ)၀၀၈၅၃၈၊ (၃) ဒေါ်ရီရီကျော် ၁၂/အစန(နိုင်)၁၆၆၉၅၈၊ (၄)ဒေါ်နီနီကျော် ၁၂/အစန(နိုင်) ၁၇၆၁၈၂၊ (၅)ဦးအေးမင်းကျော် ၁၂/အစန(နိုင်)၁၇၆၁၉၄၊ (၆)ဒေါ်စီစီကျော် ၁၂/အစန(နိုင်)၁၇၆၆၄၃တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထွန်းလင်းအောင်** | **ဒေါ်ဖြူဖြူခိုင်** |
| **LL.B,D.B.L,D.M.L** | **LL.B,D.B.L. D,M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် LL.B,D.B.L,D.I.L,D.M.L အထက်တန်းရှေ့နေ**
**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန်ထရိုက်တာများဖြစ်ကြသော ဦးလှမြင့် ၁၄/အမန(နိုင်)၁၇၀၀၉၅နှင့် ဒေါက်တာ စိုးလင်းဟန် ၇/ဖမန(နိုင်)၀၉၅၉၅၄တို့နှင့်အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်နိုင် ၁၂/လသန(နိုင်)၀၁၃၂၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁)၊ အကျယ်အဝန်း(၁၉/၂၈ပေ-၅၀)ပေ၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀၇-က+ခ) ရှိမြေကွက်အား ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်နိုင်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမည်ပေါက်လျက်တည်ရှိသူများထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေရှင်အဖြစ်အကျိုးခံစားခွင့်ရှိသူဖြစ်ပါသည်။ ကန်ထရိုက်တာများဖြစ်ကြသော ဦးလှမြင့် ၁၄/အမန(နိုင်)၁၇၀၀၉၅ နှင့် ဒေါက်တာစိုးလင်းဟန် ၇/ဖမန(နိုင်)၀၉၅၉၅၄ တို့သည် ကျွန်ုပ်၏မိတ်ဆွေမြေရှင်အဖြစ် တည်ရှိနေသော မြေကွက်ဧရိယာပေါ်တွင် တစ်ခန်းတွဲ (၃)ထပ်တိုက်တစ်လုံးအားအခန်းပေးအခန်းယူစနစ်ဖြင့် ကန်ထရိုက်တာမှနေ၍ ကုန်ကျစရိတ်စိုက်ထုတ်ကာဆောက်လုပ်မည်ဖြစ်ကြောင်း ကမ်းလှမ်းပြောဆိုခဲ့ပြီး ကန်ထရိုက်တာနှင့်မြေရှင်တို့အကြား ချုပ်ဆိုသော နှစ်ဦးသဘောတူအဆောက်အအုံဆောက်လုပ်ခြင်း ဝန်ခံကတိစာချုပ်အား ၁၄-၇-၂၀၁၄ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ သို့သော်လည်း ကန်ထရိုက်တာများဖြစ်ကြသော ဦးလှမြင့် ၁၄/အမန(နိုင်)၁၇၀၀၉၅နှင့်ဒေါက်တာ စိုးလင်းဟန်တို့သည် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့အကြား ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်ပါအချက်အလက်များအား လုံးဝလိုက်နာဆောင်ရွက်ခြင်းမရှိသလို၊ မူလစာချုပ်ပါကတိကဝတ်သဘောတူညီချက်အတိုင်း အဆောက်အအုံအားပြီးစီးရန်ဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြုထားသည့် ကာလအတွင်း အဆောက်အအုံအား ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ မြေရှင်ဖြစ်သူမှ အဆောက်အအုံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ လာရောက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်အကြောင်းကြားခဲ့သော်လည်း လာရောက်တွေ့ဆုံခဲ့ခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါသဖြင့် မြေရှင်နှင့်ကန်ထရိုက်တာအကြားအခန်းပေးအခန်းယူစနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန်အတွက် ၁၄-၇-၂၀၁၄ရက်တွင် ချုပ်ဆိုခဲ့သော နှစ်ဖက်သဘောတူကတိစာချုပ်အား မြေရှင်ဦးကျော်ကျော်နိုင်မှ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့်ကန်ထရိုက်တာများဘက်မှ ပျက်ကွက်မှုကြောင့်မြေရှင်ဖြစ်သူနစ်နာခဲ့ရမှုများအားဥပဒေနှင့်အညီ ကုစားနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းဘုန်းမြတ်(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၇၈၀၅)**
**ဖုန်း-၀၉-၉၆၄၂၈၁၆၃၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြိုင် အသက်(၇၆)နှစ်

ဦးလွင်မင်း(မြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်နန်းနီလာကြည်တို့၏ ချစ်လှစွာသောမိခင် ဒေါ်မြိုင် အသက်(၇၆)နှစ်သည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်နိုင်ဦး**
**အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ သဲကုန်းမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြိုင် အသက်(၇၆)နှစ်

ဦးလွင်မင်း(မြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်နန်းနီလာကြည်တို့၏ချစ်လှစွာသောမိခင် ဒေါ်မြိုင် အသက်(၇၆)နှစ်သည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မိုး (AE)**
**သဲကုန်းစည်ပင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြိုင် အသက်(၇၆)နှစ်

ဦးလွင်မင်း(မြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်နန်းနီလာကြည်တို့၏ချစ်လှစွာသောမိခင် ဒေါ်မြိုင် အသက်(၇၆)နှစ်သည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစီးအရာရှိရုံးဝန်ထမ်းမိသားစု**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သဲကုန်းမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြိုင် အသက်(၇၆)နှစ်

ဦးလွင်မင်း(မြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်နန်းနီလာကြည်တို့၏ချစ်လှစွာသောမိခင် ဒေါ်မြိုင် အသက်(၇၆)နှစ်သည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သဲကုန်းမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြိုင် အသက်(၇၆)နှစ်

ဦးလွင်မင်း(မြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်နန်းနီလာကြည်တို့၏ချစ်လှစွာသောမိခင် ဒေါ်မြိုင် အသက်(၇၆)နှစ်သည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုတီးကုန်းမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းကျော်ဇော B.Com.(A.A).,C.P.A
### ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
### (မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)
### အသက်(၆၈)နှစ်

သူငယ်ချင်း ဦးစိုင်းကျော်ဇော B.Com.(A.A).,C.P.A ကွယ်လွန်ကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းဝင်းရွှေ(PD)၊ ဦးဝင်းတည်၊ ဒေါက်တာလေးကြည်၊**
**ဦးအောင်စိုး၊ ဦးမြိုင်၊ ဦးသန်းအောင်၊ ဦးတင်ဝင်း၊**
**ဦးဝေလင်း၊ ဒေါ်နွယ်နွယ်ကြည်၊ ဒေါ်မေစီနှင့်**
**၁၉၇၃-၇၄ စီးပွားရေးတက္ကသိုလ်မှ သူငယ်ချင်းများ**

## ဦးအေးသိန်း (ကြည့်မြင်တိုင်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်၊ အနောက်ရပ်ကွက်၊ အမှတ် ၃၀၊ ဦးကြွယ်ဟိုးလမ်းနေ (ဦးမောင်ချစ်-ဒေါ်စိန်တင်)တို့၏သား၊ (ဦးသော်-ဒေါ်လှမြင့်)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းအေး၏ခင်ပွန်း၊ မောင်ဝင်းကိုကို၊ မဆုမွန်အေး(CB-Bank)၊ မောင်လှိုင်ဖြိုးဝေ (Grade-9, C၊ အထက-၄၊ အလုံ)တို့၏ဖခင်သည် ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးလှိုင် (ပေါင်းတည်)
### အင်းမ(အထက)ဆရာဟောင်း
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊စော်ဘွားကြီးကုန်းရပ်ကွက်၊အုပ်စု(၁၀)၊ပိတောက်မြိုင်၊ အောင်မေတ္တာလမ်း၊ အမှတ် ၉၅ နေ (ဦးအောင်ဖိုး-ဒေါ်ငွေနု)တို့၏သား၊ ဒေါ်မြင့်အေး၏ခင်ပွန်း၊ ဦးအောင်မိုးမြင့်-ဒေါ်အေးအေးကျော်၊ (ဦးတိုးအောင်မြင့်)၊ ဒေါ်အေးငယ်ငယ်၊ ဒေါ်ဇင်ယုတို့၏ဖခင်၊ မဖြိုးစုငယ်ငယ်၏ အဘိုးသည် ၁၈-၁-၂၀၁၈ရက်(ကြာသပတေးနေ့)ည ၁၁နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းတင်
### (လှိုင်သာယာ)
### အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ အမှတ် ၆၆၂ နေ (ဦးစံတင် - ဒေါ်ရင်နု)တို့၏ သမီး၊ ဦးကြည်ဝင်း(ဆသရ၊ငြိမ်း)-ဒေါ်ချယ်ရီမာ၊ ဦးထိန်လင်း-ဒေါ်ဥမ္မာကြည်(ကြည့်မြင်တိုင် စည်ပင်)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၁၃၆/က၊ မြေကွက်တည်နေရာ အမှတ်(၁၃၆/က)၊ မြင်သာ ၃လမ်း၊ (၁၅) ရပ်ကွက်၊ တောင်ဥက္ကလာပ [ဦးအောင်မြိုင် AA-၀၆၀၃၂၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်မြိုင်(AA-၀၆၀၃၂၁)မှ ဂရန်ပျောက်ဆုံးကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ တရားရုံးတွင် ကျမ်းကျိန်လွှာ အမှတ် ၁၂-၃၅(၁-၁၂-၁၇)ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်ပျဉ်ထောင်အိမ် တစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဦးအောင်မြိုင် (AA-၀၆၀၃၂၁)၏ ဂရန်မိတ္တူ လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်လှိုင် (B.A, B.L, D.M.A) (စစ်ကိုင်း)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုးဝေ-ဒေါ်ဒေါ်မှန်း)တို့၏သား၊ (စည်သူဦးချစ်မြိုင်-ဒေါ်ခင်ယု)၊ ဦးချစ်ပြိုင်-ဒေါက်တာတင်တင်လှ(U.S.A)တို့၏အစ်ကို၊ (ဒေါ်ခင်ညွန့်)၏ခင်ပွန်း၊ ဒေါ်ဥမ္မာညိုချစ်လှိုင်၊ Dave Takayama-ဒေါ်နီလာချိုချစ်လှိုင်၊ (ဦးချစ်လှိုင်ဝေ)တို့၏ဖခင်၊ အောင်ချစ်လှိုင်ဝေ-အေးအေးအောင်၊ (ဇေယျာချစ်လှိုင်ဝေ)၊ မဆောင်းဦးဝေ၊ ဘုရင့်နောင်ဝေ၊ မစုစု၊ မောင်စိုးသူတို့၏အဘိုးသည် ၁၈-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ရဟန်းမယ်တော်ကြီး ဒေါ်ကြည်ကြည်မြ အသက်(၇၉)နှစ်

မိတ္ထီလာမြို့နေ(ဦးမြ-ဒေါ်စောကြည်)တို့၏သမီး၊ (ဦးအုန်းဖေ-ဒေါ်ငွေသိ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် ၁၄၂၀နေ [ဦးအောင်သိန်း (စက်မှုစီမံကိန်း၊ ငြိမ်း)]၏ဇနီး၊ (ဦးမျိုးမင်းသန်း)၊ (ဦးစျန်လင်းအောင်)-ဒေါက်တာယဉ်ယဉ်သန်း၊ ဦးစိုးဝင်းသန်း(ခ)မင်းထက် (ဌာနမှူး၊ BBC မြန်မာပိုင်းအစီအစဉ် London)-ဒေါ်သဇင်တို့၏ချစ်လှစွာသောမိခင်၊ ကိုဟိန်းသီဟ၊ မမြတ်ယဉ်မွန်ချန်(Grade-XI, Great Success)တို့၏အဘွားသည် ၁၈-၁-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၅း၄၅နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာဂျွန်(ခ)ဒေါက်တာဦးခင်မောင်မြ
### ဆေးရုံအုပ်(ငြိမ်း)၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး
### ဆေးရုံအုပ်၊ ငွေမိုးဆေးရုံ(မော်လမြိုင်)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City ၊ ရွှေစံပယ် ၆လမ်း၊ F.69 နေ ဒေါ်ခင်စန်းသီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ပြည့်ခန့်-ဒေါ်နီမာထွန်း၊ ဦးတိုးနိုင်ထွန်း-ဒေါ်ကျော့သူဇာ၊ ဦးထွန်းထွန်းလင်း-ဒေါ်စုလှဲ့၊ ဦးကျော်စိုးလင်း-ဒေါ်စုဝင့်တို့၏ချစ်လှစွာသောဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန်းအုန်း
### စစ်တက္ကသိုလ်အပတ်စဉ်(၁၀)
### B.S.C, D.S.A
### အသက်(၇၃)နှစ်

မန္တလေးမြို့၊ နန်းရှေ့၊ အနိုပ်တော်ရပ်၊ ရေစစ်ကန်အရှေ့၊ အေးစေခြံနေ (ဦးဘကြည်-ဒေါ်စံရှင်)တို့၏သား၊ ဦးရေချမ်း၊ ဦးအောင်ကျော်စိုး-ဒေါ်သပြေတို့၏ဖခင်၊ မောင်ဩရသစိုး၏အဘိုး၊ ဒေါ်စိန်စိန်၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၁၈ရက်(သောကြာနေ့)နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်နုနုကြည်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ၁၄၈လမ်း၊ အမှတ် ၆၊ တတိယထပ်နေ (ဦးစန်းမြင့်-ဒေါ်သန်းစိန်)၊ (ဦးညွန့်သန်း-ဒေါ်မြစီ)တို့၏သမီး၊ (ဦးအောင်သိန်း)-ဒေါ်ညိုညိုတို့၏သမီးချွေးမ၊ ဦးဖေသွင် (စာတည်း၊ ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)၏ဇနီး၊ ကိုမင်းသီဟဖေသွင်၏မိခင်၊ မီးမီးလေး၏အဘွားသည် ၁၉-၁-၂၀၁၈ရက်(သောကြာနေ့)နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၈ရက်(ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မောင်ညဏ်လင်းထက်
### (B.Sc, Chem)
### ရေးမြို့နယ်၊ မော့ကနင်ရွာ
### အသက်(၂၃)နှစ်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မော့ကနင်ရွာနေ (ဦးသိန်းတင် - ဒေါ်ခင်ညိမ်း)၊ (ဦးကြာထိ - ဒေါ်နှင်းမြ)တို့၏ မြေး၊ ဦးအောင်မျိုးသန့်-ဒေါ်မြင့်မြင့်ဝင်းတို့၏ တစ်ဦးတည်းသောသား၊ မအေးမီမီသန့် (အရှေ့ပိုင်းတက္ကသိုလ်)၏ အစ်ကိုသည် ၁၉-၁-၂၀၁၈ရက်(သောကြာနေ့)နံနက် ၄း၃၅နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ရွှေတိဂုံဘုရားမြောက်ဘက်မုခ် မော့ကနင်ကျောင်းကြီးကျောင်းတိုက်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးထွန်းဦး
### လ/ထ အင်ဂျင်နီယာ(ရုံးချုပ်)
### (ကနဦး)ထောက်ကြန့်
### အသက်(၅၅)နှစ်

အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၃၄နေ (ဦးသန်း - ဒေါ်တင်အေး)တို့၏သား၊ ကိုအောင်မိုးကျော်-မနီနီထွန်းဦး၊ ကိုနိုင်ဥက္ကာ-မရွှန်းလဲ့ဦး၊ မဆုသီရိထွန်းဦးတို့၏ဖခင်၊ ဒေါ်အေးအေးသန့်၏ခင်ပွန်းသည် ၁၈-၁-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှမွန်းတည့် ၁၂နာရီအထိ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုဏ္ဍလ
### သာသနဓဇသီရိပဝရ ဓမ္မာစရိယ
### B.A မြန်မာဂုဏ်ထူး
### မဟာထေရ် သက်တော် (၉၈) ၊ သိက္ခာတော် (၇၈)

မကွေးတိုင်း မြိုင်မြို့နယ် ဝွေးပင်လယ်ကျေးရွာ၊ သဲကျွန်းကျေးရွာ၊ ရတနာ့ဗိမာန်ကျောင်းတိုက် (ချောင်းလည်ကျောင်း)

**သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ သည်**

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် ကြာသပတေးနေ့၊
၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် (၃) ရက် ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင်
ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်
ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို
၁၃၇၉ ခုနှစ် တပို့တွဲလဆုတ် (၁) ရက်၊ (၂) ရက် ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် (၂) ရက်နေ့တွင်
အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း
ရပ်ဝေးရပ်နီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား
အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ချောင်းလယ်ကျောင်းတိုက် ။

## ကျေးဇူးတင်လွှာ
## ဒေါက်တာဦးကိုကို (ပခုက္ကူ)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ အရှေ့တောင်အာရှဒေသဆိုင်ရာ
### ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO/SEARO)
### အသက်(၉၀)

၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဒေါက်တာဦးကိုကိုအား ပြုစုစောင့်ရှောက်ကုသပေးခဲ့ပါသော ပါမောက္ခ သမားတော်ကြီး ဒေါက်တာဦးမျိုးသွယ်၊ ပါမောက္ခ သမားတော်ကြီး ဒေါက်တာဦးတင့်ဆွေလတ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးအထူးကု ပါမောက္ခ သမားတော်ကြီး၊ ကျောက်ကပ်အထူးကုပါမောက္ခသမားတော်ကြီး၊ ဆေးကုသဆောင်(၂)မှ ပါမောက္ခ သမားတော်ကြီးနှင့်တကွ ပထမလက်ထောက်ဆရာဝန်၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံး၊ လိုအပ်မှုအဝဝကို ကူညီပံ့ပိုးဖြည့်ဆည်းပေးပါသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဦးမြင့်ထွေးနှင့်ဇနီး ဒေါက်တာနန်းခမ်းမိုင်၊ Dr. Stephan Paul Jost (WHO Representative) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆေးကောင်စီ၊ သက်ကြီးဆရာဝန်များ အထောက်အကူပြုအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗုဒ္ဓဘာသာအဖွဲ့၊ ဆေးသုတေသနဦးစီးဌာန၊ ပခုက္ကူစာပေ အနုပညာရပ်ဝန်း၊ ပခုက္ကူအသင်း၊ ပုဂံညောင်ဦးအသင်းမှ ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းမိတ်ဆွေများ၊ လူကိုယ်တိုင်၊ သတင်းစာ၊ တယ်လီဖုန်း၊ လူမှုကွန်ရက်များမှ ဝမ်းနည်းကြောင်း၊ နှစ်သိမ့်ဆုတောင်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကိုပေးပို့လှူဒါန်းကူညီပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဆရာမကြီးဒေါ်မြသင်(ငြိမ်း)
### အထက(၂)မကွေးမြို့
### အသက်(၈၉)နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ တိုင်းလုံးအောင်လမ်း၊ အမှတ် ၁၇၆နေ [ဦးသန်းတင် (မြေစာရင်း)]၏ဇနီး၊ ဒေါ်ခင်စန်းနွဲ့ (အထက-၁၊ မကွေးမြို့)၊ ဦးကျော်စိန်ဝင်း - ဒေါ်နီလာကျော်၊ (ဦးမြင့်သိန်းထွန်း) - ဒေါ်ဇင်မင်းဆွေ၊ ဒေါ်ရင်မေသန်း၊ ဦးခင်မောင်အေး-ဒေါ်ဥမ္မာသန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ချမ်းမြေ့သာယာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊မုခ်ဦးဒါယကာကြီး
## ဦးသန်းရွှေ
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၈၃နေ (ဒေါ်ကျင်ထွေး)၏ခင်ပွန်း၊ ဦးသောဘိတ၊ ဦးခင်စိုး - ဒေါ်ခင်ဆုယဉ်တို့၏ ဖခင်၊ မောင်ဖိုဖိုသန့်၊မောင်အောင်ခန့်တို့၏အဘိုးသည် ၁၉-၁-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်သန်း (ကျောင်းကုန်းမြို့)
### အလပြ(ငြိမ်း)၊ အထက(၂)ပန်းဘဲတန်း
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇေယျာသုခလမ်း၊ အမှတ် ၁၃၅နေ (ဦးသိန်းရွှေ၊ ကုန်သွယ်ရေးဦးစီးဌာန၊ ငြိမ်း) (Thorn Birt Travel)၏ဇနီး၊ သားသမီးငါးယောက်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၉-၁-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
## ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး
## ဦးလှမြင့်
### အင်/ယာမှူး(ရေသန့်)ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေး
### အသက်(၇၀)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်ကွက်၊ ၁၀လမ်း၊ လမ်းသွယ်(၂)၊ အမှတ် ၁၄နေ ဦးနီအောင်ခိုင်မြင့်-ဒေါ်သန္တာလတ်၊ ဦးကျော်စွာမင်း-ဒေါက်တာနီကေခိုင်မြင့်တို့၏ဖခင်၊ မသိမ့်နီတျာအောင်၊ မြင့်မြတ်သဒ္ဒါ၊ ပြုံးသက်လျာအောင်၊ မင်းခန့်ကျော်စွာ၊ ဖွဲ့လကျာအောင်တို့၏အဘိုး၊ ဒေါက်တာနီနီဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မန္တလေးမြို့ ဆေးတက္ကသိုလ် (ခန္ဓာဗေဒဌာန)သို့လှူဒါန်းပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရီ(ကျုံကဒတ်ကျေးရွာ) အသက်(၇၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်(၁၇)ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ် ၇၉၃နေ (ဦးမင်း-ဒေါ်အေးရွှေ)တို့၏သမီး၊ (ဦးရွှေကျော်)၏ဇနီး၊ မသန္တာကျော်၊မခင်မျိုးကျော်၊မောင်ကောင်းထက်-မခင်ထွေးရီ၊ မသန့်ဇင်ထွေး၊ မောင်တင်အောင်ခိုင်၊ Mr. Alan-မကေကျော့ခိုင်တို့၏ ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၁၀း၂၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက်(စနေနေ့)ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ


(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပ

*စာမျက်နှာ ၄ ကော်လံ ၁* ❋


ရှမ်းယူနိုက်တက်အသင်းက မကွေးဘက်သို့ တိုက်စစ်ဆင်နေစဉ်။ ဓာတ်ပုံ- စိုးညွန့်

# အပြန်အလှန်သွင်းဂိုးများဖြင့် ရှမ်းယူနိုက်တက် နိုင်ပွဲစရ

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၁၈ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့အဖြစ် မကွေးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်အသင်းသည် ပထမဆုံးနိုင်ပွဲအတွက် ရုန်းကန်ခဲ့ရပြီး ခက်ခက်ခဲခဲကစားပြီးမှ သုံးမှတ် အပြည့်ရခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်နှင့် ချာရတီဖလားပြိုင်ပွဲ၊ ဇွဲကပင်နှင့် အမှတ်ပေးပွဲ၊ ဆီရက်စ်နှင့် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲ သုံးပွဲဆက်နိုင်ပွဲပျောက်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ဖိအားများဖြင့်ကစားခဲ့ရပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ဖိအားလျော့သွားခဲ့ရသည်။ မကွေးအသင်းမှာမူ ဂိုးအပြန်အလှန်သွင်းနိုင်ခဲ့သော်လည်း နှစ်ပွဲဆက် နိုင်ပွဲပျောက်ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ဘယ်နောက်ခံလူ ဟိန်းသီဟဇော်ကို အနားပေးထားပြီး သီဟစည်သူ၊ ရန်နိုင်ဦး၊ ဝင်းမင်းထွန်း၊ ဝီလျံတို့ အပါအဝင် နိုင်ငံခြားသား တိုက်စစ်မှူးများဖြစ်သည့် ပက်ထရစ်နှင့် ခရစ္စတိုဖာကို တစ်ပြိုင်နက်အသုံးပြုခဲ့သည်။ မကွေးအသင်းမှာမူ မြဝတီအသင်းနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ပွဲထွက်ခဲ့ပြီး ရှမ်းအသင်းကို ရင်ဆိုင်ခဲ့သည်။ မဖြစ်မနေ နိုင်ပွဲလိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက ဖိကစားခဲ့သော်လည်း ဖိအားများနေ၍ ပုံစံကောင်းမပြနိုင်ဘဲ ပထမပိုင်း ၁၄ မိနစ်တွင် ဂိုးစပေးခဲ့ရသည်။ နောက်ခံလူ ဝီလျံအမှားမှ မကွေးတိုက်စစ်မှူး အောင်မြင့်ထွန်းရသွားပြီး မကွေးအတွက် ဦးဆောင်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

# ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) တည်ဆောက်နေ

**ပလက်ဝ ဇန်နဝါရီ ၁၉**

ပလက်ဝ-ဆမီး-မတူပီ ၁၃၅ မိုင် မြေသားလမ်းနှင့် ပလက်ဝ-ကျောက်တော်ကျောက်ချောလမ်း ၃၃ မိုင် ငါးဖာလုံ ဖောက်လုပ်ပြီးစီးပြီဖြစ်ကာ လမ်းပိုင်းများကို အပိုင်းလိုက် အဆင့်မြှင့်တင်နေဆဲဖြစ်သည်။ ၎င်းလမ်းနှစ်သွယ်မှ လောင်းကဒူး-ပလက်ဝ နှစ်မိုင်ဖြင့် ပလက်ဝမြို့အထိ သွားလာနိုင်ရန် ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် သုံးနှစ်အတွင်း ပြီးစီးအောင်တည်ဆောက်ရန် တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ် ဧပြီလကစတင်၍ တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ရာ လမ်းအူကြောင်းအနေဖြင့် ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းကို ရွေးချယ်တည်ဆောက်နေခြင်းဖြစ်သည်။ တံတားကို ပလက်ဝမြို့ဘက်၌ လောင်းကဒူးကျေးရွာနှင့် ယင်းကျေးရွာအရှေ့ဘက်ကမ်းကို ဆက်သွယ်တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) သည် ပလက်ဝ-မတူပီလမ်းပေါ်၌ တည်ရှိသည်။ ပင်မတံတားအရှည်မှာ ၁၉၄၃ ပေ၊ တံတားအကျယ်မှာ ၂၄ ပေနှင့် ပင်မတံတား၏ ဘေးတစ်ဖက်စီတွင် လူသွားလမ်းအကျယ် သုံးပေစီရှိပြီး တံတားတည်ဆောက်ပြီးစီးမှုမှာ လောင်းကဒူးအရှေ့ဘက် ချဉ်းကပ်လမ်း သံကူကွန်ကရစ်တိုင်တစ်တိုင် တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

ယင်းမြစ်ကူးတံတားသည် ပလက်ဝ-ဆမီး-မတူပီ၊ ပလက်ဝ-ကျောက်တော်၊ ကားလမ်းနှစ်သွယ်ဖြင့် ဆက်သွယ်သွားလာရာတွင် အရေးပါမည့်အပြင် မြန်မာ၊ အိန္ဒိယနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေသည့် ကုလားတန် Transit port စီမံကိန်းမှ တည်ဆောက်ပြီးစီးပြီဖြစ်သည့် ဆိပ်ခံတံတားနှင့် ချိတ်ဆက်၍ ဖောက်လုပ်မည့် ပလက်ဝ-ဇိုရမ်ပူရ် (အိန္ဒိယ)နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ပြီးစီးပါက ၎င်းလမ်းပိုင်းနှင့်ပါ ဆက်နွယ်လျက် ဒေသအကျိုးပြုတံတားတစ်စင်း ဖြစ်လာတော့မည် ဖြစ်သည်။

**မောင်မောင်ကျော် (ပလက်ဝ)**


ကုလားတန်မြစ်ကူးတံတား (ပလက်ဝ) ပုံစံကို တွေ့ရစဉ်။

**အင်းစိန်မြို့နယ်၌ အငှားယာဉ်မောင်းအား သတ်သွားသည့်အမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ**
*မှုခင်းသတင်း စာ - ၁၂*

**ဆီးရီးယားနိုင်ငံ အက်ဖရင်းမြို့အတွင်း စစ်ရေးအရ ဝင်ရောက်ဖြေရှင်းရန် တူရကီစစ်တပ်က တင့်ကားများ စေလွှတ်**
*နိုင်ငံတကာသတင်း စာ - ၁၄*



